# ခင်နှင်းယု

## အောင်မြင်သောနေ့



Thiha Latt

ပြုံးစာပေ

ပြုံးစာပေ
အမှတ် ၆၆၊ သရက်တော(၄)လမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
ဖုန်း ၇၀၀၈၉၇၊ ၀၉၈၀၂၂၄၇၁

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၁၁၃၇/၂၀၀၂(၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၁၁၅၃/၂၀၀၂(၁၂) |
| မျက်နှာဖုံးပန်းချီ | - | သီဟလတ် |
| ထုတ်ဝေခြင်း | - | ၂၀၀၃ ခု၊ ဖေဖော်ဝါရီလ<br>ဒုတိယအကြိမ် |
| အုပ်ရေ | - | ၁၀၀၀ အုပ် |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |
| ထုတ်ဝေသူ | - | ဦးထွန်းလှိုင်<br>ချစ်စရာစာပေ<br>၇၅၊ ဝေပုလ္လ ၂လမ်း၊<br>မြောက်ဥက္ကလာပ၊ ရန်ကုန်။ |
| ပုံနှိပ်သူ | - | ဒေါ်ခင်ခင်ဝင်း<br>ကလျာပုံနှိပ်တိုက်၊<br>အမှတ်(၁၅၂)၊ ကျွန်းရွှေမြိုင်လမ်း၊<br>သုဝဏ္ဏ၊ သင်္ဃန်းကျွန်း၊ ရန်ကုန်။ |

## ဒို့တာဝန်အရေးသုံးပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ◆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ◆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ◆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ◆ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ◆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ◆ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ◆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပြုံးစာပေ
ပြန်လည်ဆန်းသစ်ခြင်း
စာအုပ်အမှတ်(၄၁)

စီစဉ်သူ
မပြုံး

ခင်နှင်းယု

# အောင်မြင်သောနေ့

## "စာရေးသူ၏ အမှာ"

"အောင်မြင်သောနေ့" ဝတ္ထုကို ကျွန်မ၏ အခြားဝတ္ထုများကဲ့သို့ အသည်းနှလုံးနှင့်ရေးခြင်းမဟုတ်ပေ၊ ဤဝတ္ထုမှာ ကျွန်မ၏ ဦးနှောက်နှင့် ရေးခြင်း ဖြစ်သည်။

ဝတ္ထု၏ ရည်ရွယ်ချက်နှင့် ဇာတ်လမ်းအကြမ်းအခြေခံကို ပေးသူမှာ အမည်မဖော်လိုသော သူတစ်ယောက်ဖြစ်ပါသည်။

ချစ်လှစွာသော ကျွန်မ၏ စာဖတ်သူစိတ်၌၊ ထိုအမည်မဖော်လိုသူ မျှော်လင့်သကဲ့သို့ ခံစားရသည်ဆိုငြားအံ့၊ ကန့်လန့်ကာနောက်ကွယ်မှ ထိုသူအား ကျေးဇူးတင်စေလိုပါသည်။

အကယ်၍ ခါတိုင်း ကျွန်မရေးနေကျ၊ အသည်းနှလုံးနှင့် ရေးသော ဝတ္ထုများကဲ့သို့ စာဖတ်ပရိသတ်၏ ရင်ကို မထိခဲ့ပါလျှင် ကျွန်မ၏ မကျွမ်းကျင်သေးသော အတတ်ပညာကို အပြစ်တင်စေလိုပါသည်။

ချမ်းမြေ့ရွှင်လန်းပါစေ။

စာရေးသူ၊

◎ ပြီးစာပေ ◎

# ၁

ဤနံနက်သည် ဖြူစင်အေးမြ၍ တောက်ပကြည်လင်သော နံနက် ဖြစ်သည်။

ဆောင်းရာသီ၏ လလယ်တွင် ကရမက်ပန်းများသည် ဖွေးဖွေးဖြူ နေအောင် ပွင့်ကြသည်။ ဆောင်းလေနှင့် အတူပါလာသော နှင်းမှုန်နှင်းစက် များသည် ပန်းဝတ်လွှာများကို တွေ့ထိကြပြန်၏။

နံနက်ခင်းနေရောင်ခြည်ကြောင့် နှင်းရည် စုပ်နမ်းထားသော ပန်းပွင့် တို့သည် ငွေရောင်တောက်ပနေကြလေသည်။

တစ်ခြံလုံးတွင် နံနက်ခင်းလိုပင် ရွှင်လန်းသစ်လွင် တောက်ပ၍ နေကြ၏။

ခြံလယ်ရှိ အိမ်ကြီးအတွင်းသို့၊ အရှေ့ဘက် ပြတင်းများမှ နေခြည် များသည်လည်း လျှောကျဝင်ရောက်နေပေသည်။ အိမ်မှာနှစ်ထပ်အိမ်ဖြစ် ၍ ရှေးကျသောမြန်မာအိမ်ပုံဖြစ်သော်လည်း တိုက်ခံထားသောကြောင့် အိမ်

ကြီးမှာ ခုံညားလှသည်။ ပြည်လမ်းပေါ်တွင် ဖြစ်သော်လည်း လမ်းနှင့်ဝေး၍ ကားသံများ မကြားရ၊ တိတ်ဆိတ်နေသည်။

ခေါင်းရင်းဘက်အောက်ထပ် အိပ်ခန်းသည် နေရောင်ခြည်ကို ကောင်းစွာ ရနေလေသည်။ ပြတင်းမှ ဝင်လာသော နေရောင်သည် ပြတင်း အနီးနံရံတွင် ကပ်ထားသော မှန်တင်ခုံကို ဟပ်လိုက်သောအခါ မှန်မှ ရောင်ပြန်ဟပ်သော နေခြည်အရောင်မှာ တစ်ခန်းလုံးကို သာမန်အချိန်ထက်ပို၍ လင်းနေစေသည်။

အလယ်ခန်းတွင် နှစ်ယောက်အိပ် ခုတင်ပေါ်၌ လှဲ၍နေသော လူနာမှလွဲ၍ အခန်းတစ်ခုလုံးသည် စိတ်ချမ်းမြေ့လန်းဆတ်ဖွယ်ရာဖြစ်နေပေသည်။ လူနာရုပ်သည် လူနာနှင့်မတူ။ ခေါင်းမှပတ်တီးကိုသာ ဖြုတ်လိုက်လျှင် သူ၏သန်မာနေသော မေးကြောများ မို့နေသော နထင်များနှင့် တောက်ပနေသောမျက်လုံးတို့ကြောင့် မည်သူကမျှသူ့အား လူမမာဟူ၍ ထင်စရာမရှိပေ။

ခေါင်းအုံးပေါ်မှီနေရာမှ မှန်တင်ခုံပေါ်တွင် တင်ထားသောဖန်ပြာအိုးထဲမှကရမက်ပန်းများကို လူနာသည် စူးစိုက်ကြည့်နေသည်။ပန်းလေးများသည် ခြံထဲကအတိုင်းပင် ဖြူဆွတ်၍ တောက်ပနေကြ၏။ ဇာခန်းဆီးကို လေတိုးလိုက်တိုင်း၊ မွှေးပျံ့သောပန်းရနံ့က တစ်ခန်းလုံးကိုသင်းနေသည်။

လူနာသည် တစ်စုံတစ်ခုကို စိတ်အား ပြင်းပျစွာ တောင့်တနေဟန်ရှိ၏။ သူ့မျက်နှာဟန်သည် တင်းမာနေလေသည်။

"ကို–ခုပဲ ဒေါက်တာဝဏ္ဏဆီက တယ်လီဖုန်းလာတယ်။ သူရှစ်နာရီလောက် အရောက်လာခဲ့မယ်တဲ့။ သူလာမှပဲ ဆရာမနဲ့ အတူ ကိုကို့ခေါင်းက အနာကိုဆေးထည့်မယ်တဲ့ . . .။ အဲဒီတော့ ဒေါက်တာမလာခင် ကွေကာအုတ်သောက်ထားနော် . . . "

ဇနီးဖြစ်သူသည် ကွေကာအုတ်နှင့် နို့ကို၊ ငွေလင်ပန်းပေါ်တင်ကာ သူ့အပါးသို့ ပြောပြောဆိုဆိုဝင်လာသည်။ အိပ်ရာဘေးရှိ စားပွဲပေါ်တွင် ငွေလင်ပန်းကို တင်လိုက်၏။

ဖြူဆွတ်သော လက်သုတ်ပဝါကို လူနာ၏ ရင်ဘတ်ပေါ်တွင် ဖြန့်ခင်းကာ၊ ကွေကာအုတ်ကို သူကိုယ်တိုင် ခပ်၍တိုက်ရန် ပြင်လိုက်သည်။

"အေးအေး . . . ဒီမနက် အခါတိုင်းနေ့တွေထက် တောက်တောက် ပပဖြစ်နေသလိုပဲ ကိုယ့်အခန်းဟာ ပိုလင်းနေတယ်"

ဇနီးဖြစ်သူသည် လူနာကို ပြုံး၍ကြည့်လိုက်၏။

သူ့ကြည့်ဟန်က ပင် ကြည်လင်၍ အေးမြလှသည်။

"ညဥ့်ကပဲ-ကိုကိုအိပ်နေတုန်း ဓာခန်းဆီးတွေကို အဖြူရောင်တပ် လိုက်တယ်၊ စားပွဲခင်းတွေလဲ အားလုံး အဖြူရောင်ပြောင်းလိုက်တယ်။ ခါတိုင်းမနက်ဆိုနှင်းက အကြာကြီးဆိုင်းနေတော့ ခုနစ်နာရီကျော်မှ နေရောင် ကိုမြင်ရတယ်။ ဒီနေ့တော့ နှင်းကျပေမယ့် ခပ်ဈောဈောပဲနေရောင်မြင်ရတော့ အုံ့အုံ့မှိုင်းမှိုင်းဖြစ်မနေဘူး။ ခြံထဲမှာသာပြီး လှသေးတယ်။ နှင်းစက်တွေဟာ နေရောင်နဲ့တောက်ပြီး ကရမက်ပန်းတွေကလဲ အစွမ်းကုန် ပွင့်နေတယ်"

ဦးဖေမောင်သည် မပြုံး။ တင်းနေသော မေးကြောကို လျော့၍ မရသလို နှုတ်ခမ်းကို စေ့၍ ဇနီးဖြစ်သူကို စေ့စေ့ကြည့်နေသည်။

"ကဲလေ၊ ဒါလေးသောက်ရအောင်၊ အေးစိတ်ထဲမှာ အေး နေမကောင်းတဲ့အခါ အေးအိပ်ခန်းဟာ လင်းပြီးဖြူဖြူစင်စင်ဖြစ်နေမှ ကြိုက် တာပဲ။ အဲဒီလိုဆိုရောဂါက တစ်ဝက်လောက်သက်သာတယ် . . ."

"အေးပါလေ မင်းတို့ကလဲ ထင်တယ်၊ အခန်းကို ကြည်ကြည် လင်လင် သန့်သန့်ရှင်းရှင်း ဖြစ်အောင် ထားမယ်၊ ပန်းပွင့်လေးတွေလှပုံကို မြင်ရမယ်ဆိုရင်၊ ငါ့စိတ်ကို တစ်နည်းအေးမြပြီး စိတ်ပြောင်းသွားမယ်လို့"

သူသည် လူနာတစ်ယောက်နှင့်မလိုက်အောင် အသံမာမာကြီးနှင့်ပြောလိုက်၏။

"ဒီလိုလဲ မဟုတ်ပါဘူးကိုကို။ ကိုယ့်ယောကျ်ား နေထိုင်မကောင်းနေချိန် စိတ်ကြည်လင်အောင် အတတ်နိုင်ဆုံး အားကြိုးစားတာပဲ။ ကဲလေ ဒါတွေမပြောပါနဲ့ ကွေကာအုတ်ပဲ သောက်ပါအုံး ပူပူနွေးနွေး . . . "

နို့နှင့်ဖျော်ထားသော ကွေကာအုတ်ကို ငွေရောင်ဇွန်းနှင့် မွှေကာ ဦးဇေမောင်ပါးစပ်နားသို့တော့၍ ကျွေးလိုက်သည်။ လူနာသည် ပါးစပ်မဟချင် ဟချင် ဟ,လိုက်ရသော်လည်း ဇနီးသည်၏ ပြုံးရွှင်အေးမြသော မျက်နှာကို ကြည့်ရင်း ခဏတော့ ရင်ထဲတွင် အေးမြမြ ဖြစ်၍သွားလေသည်။

အေးအေးသည် အသက်လေးဆယ် နီးပါးရှိလေပြီ။ သူသည်ပင်တပေါင်းလသို့ရောက်ပါက လေးဆယ့်နှစ်နှစ်ပြည့်တော့မည်။ မျက်ရစ်အစများတွင် အိုခြင်း၏ အရိပ်အရောင်ဖြစ်သော အရေးအကြောများ တွန့်စပြုလာသော်လည်း အေး၏မျက်နှာသည် အစဉ်ပြုံးသောမျက်နှာဖြစ်၍ အသက်ထက်နုပျိုနေပုံရလေသည်။ နှာတံမှာ ဖြောင့်စင်း၍ သွယ်လျသော ပါးပြင်အကျနှင့် လိုက်ဘက်တင့်မောလှသည်။ မျက်ခုံးသည် နက်မှောင်နေလောက်အောင် အရောင်မလှသော်လည်း ကြည်လင်သောမျက်လုံးအိမ်နှင့်မူ ပဏာစားရုံ သွယ်တန်းနေလေသည်။

ဟိုစဉ် ဟိုစဉ် အချိန်များက အေးအေး၏ အေးမြသော မျက်နှာချိုသာသော စကားလုံးများ ရွှင်လန်း သွက်လက်သောဟန် အမူအယာများသည် သူ့စိတ်ကို အထူးချမ်းမြေ့စေ၏။ သူတစ်ခုခုကို လုပ်မည်ကြံတိုင်း အေးအေး၏ အကြံဉာဏ်ကို ယူပြီးမှ လုပ်သည်။ အေးအေး၏ အိမ်တွင် ပြင်ဆင်ပုံရော ယုယပြုစုပုံကို တစ်စုံတစ်ရာ သူမဆန့်ကျင်ခဲ့။ ယခုတော့ သူ့စိတ်ထဲတွင် သူ့အိပ်ခန်းကို တမင်ပင် အေးက၊ ယနေ့အဖို့ အရောင်

တောက်အောင် လုပ်ထားသည်ဟု ထင်နေသည်။ အခန်းဆီးပေါ် မျက်စေ့ရောက်သွားပြန်တော့လည်း ဒေါ်သထွက်လာပြန်သည်။ ပြတင်းခန်းဆီးစာများသည် ယိုးဒယားပန်းခက်နွယ်များနှင့် သွယ်တန်းနေသည်။ ခန်းဆီးကို လေတိုးတိုင်း ပန်းနွယ်တို့သည် ယိုးဒယားက, ဟန်ဖြင့် လူးလွန့်လူ့ပ်ရှား ကြွရွလာပြီး၊ သူ့ကိုသရော်နေသလို ကြည့်ရင်း ကြည့်ရင်း အလိုလိုစိတ်ဆိုး လာ၏။

"ဘာလဲ . . . အဲဒီအခန်းဆီးတွေကိုလဲ ကို မကြည့်ချင်ဘူး။ ပန်းခက်တွေက မျက်စေ့ရှုပ်စရာ ထွန့်ထွန့် ထွန့်ထွန့်နဲ့၊ ပြတင်းက နေရောင်ကလဲ ကြောင်တောင်ကြီး၊ ငါဘာမှ မကြည့်ချင်ဘူးဟေ့၊ အဲဒီပြောင်တောင်တောင် ဝင်းလက်လက်တွေကို ငါမကြည့်ချင်ဘူး"

သူသည် အသံကုန်ဟစ်ခါ မျက်လုံးကို လက်ဝါးနှင့်အုပ်ထား၏။ ဒေါ်အေးအေးကား မျက်နှာပျက်သွားသည်။

"ကိုကို နည်းနည်းသတိထားမှပေါ့ နေရောင်ဟာ ခါတိုင်းနှင်းမကျတဲ့နေ့ ဆို ဒီလိုပဲ အခန်းထဲမှာ တောက်နေတာပါပဲ၊ ခန်းဆီးအဖြူရောင်ကို မကြိုက် ဘူးဆိုရင် အေးအပြာနုရောင်နဲ့ လဲလိုက်မယ်လေ . . ."

သူတို့စကားပြောနေစဉ် အခန်းဝသို့ အဘွားကြီးတစ်ယောက် ဝင်လာသည်။

"ကိုကို မေမေတောင် လာနေပြီ၊ စကားပျော့ပျော့ပြောပါကိုကိုရယ်၊ ဒါလည်းဆက်သောက်လိုက်ပါအုံး၊ မေမေဟာ ညကလည်း တစ်ညလုံး မအိပ်ဘူး"

ဒေါ်အေးအေးက ကွေကာအခုတ်တိုက်ရင်း လေသံနှိမ့်၍ ပြောလိုက်၏။ ဦးဖေမောင်သည် သူ၏လက်ကို မျက်နှာမှ ခွာကာ မအေဖြစ်သူကို လှမ်းကြည့်လိုက်၏။

⊚ ပြုံးစာပေ ⊚

"ဟော . . . ငါ့သားနိုးမှကိုး . . . ။ မောင်ဝဏ္ဏလဲရောက်လာပြီ။ ဝင်လာလိမ့်မယ်၊ သား ညကအိပ်ရရဲ့လား . . . "

"အိပ်ရပါတယ် မေမေ"

ဦးဖေမောင်သည် အသံပျော့နှင့်ဖြေလိုက်၏။

အသက်ခုနစ်ဆယ်လောက်ရှိသော အဘွားကြီးမှာ သူ့အပါးသို့ကပ်လာသည်။ ဦးဖေမောင်သည် လေးဆယ်ကျော် သားကြီးပင်ဖြစ်သော်လည်း သား၏လက်ဖျားကို မယူကာ သူ့ပါးနှင့် အပ်လိုက်၏။

"ဝမ်းသာလိုက်တာ သားရယ် . . . အပူမရှိတော့ဘူး။ ညကတော့ အနာရှိန်ကြောင့်ထင်တယ်၊ အပူရှိန်ရှိတယ်။ မေမေတစ်ညလုံး သားကို မေတ္တာပို့နေတယ်။ ဒီမနက်လဲ ပရိတ်ပိုရွတ်နေတာနဲ့၊ သားအခန်းကို ဆင်းလာတာ နေမြင့်သွားတယ် . . . "

အဘွားကြီး၏ စကားပြောဟန်ကလည်း တစ်ဦးတည်းသောသားအပေါ်တွင် တယုတယနှင့်၊ အချိုသာဆုံး အအေးဆုံးလေသံနှင့် ညင်ညင်သာသာ လေးပြောလိုက်၏။ ချက်ခြင်းလိုပင် ဒေါက်တာဝဏ္ဏနှင့် သူနာပြုဆရာမတစ်ယောက် အခန်းတွင်းသို့ ဝင်လာသည်။

"ဂွတ်မောနင်း . . . မောင်ဖေမောင် "

"ဂွတ်မောနင်း . . . အံန်ကယ်"

"ဘာမှစိတ်ပူစရာ မရှိဘူးကွဲ့၊ ညကချက်ခြင်း ရိုက်ယူထားတဲ့ ဓာတ်မှန်ကိုကြည့်လို့ ဒီမနက်သိရပြီ၊ ဓာတ်မှန်ထဲမှာ ခေါင်းခွံကို မထိပါဘူး။ အပေါ်ယံတွင်ပဲ။ ငြိမ်ငြိမ်နေရင်တစ်ပတ်လောက်အတွင်းကောင်းသွားမှာပဲ "

"ဟုတ်ကဲ့ . . . "

ဦးဖေမောင်သည် တုံးတိတိပြောလိုက်၏။ အေးအေးတိုက်သော ကွေကာအုတ်တစ်ပန်းကန်မှာ ကုန်သွား၍၊ အေးအေးသည်နေရာမှထမည်

ပြုလိုက် စဉ်တွင် သူငယ်လေးတစ်ယောက် အခန်းတွင်းသို့ သတင်းစာများ ယူကာ ဝင်လာသည်။ အေးအေးသည် မျက်နှာအနည်းငယ်ပျက်သွား၏။ ဖြတ် လတ်စွာပင် လင်ပန်းကို သူငယ်လေးရှိရာသို့ ယူသွား၍ပေးပြီး သတင်း စာများကို ဆွဲယူလိုက်၏။

"မောင်သောင်းရယ် . . . သတင်းစာလာရင် အခန်းထဲကို ယူမလာ ပါနဲ့လို့ မှာထားရက်သားနဲ့"

သူငယ်လေးသည် မျက်နှာပျက်သွားသည်။

"မေ့သွားလို့အန်တီ"

ဟု လေသံနှင့်ပြောလိုက်သည်။

"ဟော့ဘာလဲကွ . . . မင်းကငါ့ကို သတင်းစာမဖတ်ရအောင် ပိတ်အုံးမလို့လား . . . အခုယူခဲ့"

ဦးဖေမောင်သည် ကျယ်လောင်သောအသံနှင့် အော်ပြောလိုက် သည်။

"မဟုတ်ပါဘူး . . . ကိုကို၊ အန်ကယ်ဝဏ္ဏကို မေးကြည့်၊ ခေါင်းက ဒဏ်ရာကြောင့် စာမကြည့်စေနဲ့ဦးလို့ မှာထားလို့၊ ကိုကိုသိချင်ရင် အေး အနားကဖတ်ပြမှာပေါ့ . . ."

အေးက အားယူ၍ပြုံးကာ လင်ကို စိတ်မဆိုးဟန်နှင့် ပြောလိုက် သည်။

"ဟုတ်တယ် မောင်ဖေမောင်၊ အန်ကယ်မှာ ထားလို့ပါ။ စိတ် ကလဲ တယ်တိုတာကိုး၊ သိချင်တာရှိ အေးဖတ်ပြလိမ့်မပေါ့"

ဒေါက်တာဝဏ္ဏက ဖြန့်ဖြေသည့်သဘောနှင့် ဝင်ပြောလိုက်၏။

"သူက မိန်းမလိမ္မာလုပ်ပြီး၊ ကျွန်တော်သိချင်တဲ့ သတင်းကို ကျော် ဖတ်သွားမှာ၊ ကျွန်တော်က အားလုံးသိချင်တာ . . ."

"အေးပါ . . . သိချင်လဲ သိရမှာပါ။ ကဲ . . . အနာကို ကြည့်ပြီး ဆေးထည့်ရအောင်"

ဒေါက်တာသည် သူနာပြုဆရာမ ဒေါ်ရစ်ရှိရာသို့ ကြည့်ပြီး အလုပ်စလိုဟန် ပြလိုက်သည်။ ဆရာမလေးသည် ဦးဖေမောင်ခေါင်းမှ ပတ်တီးကို အသာဖြေနေ၏။

အေးအေးသည် သတင်းစာကို အခန်း၀ ဆိုဖာပေါ်တွင် ထားရစ်၍ ဒေါက်တာကိုကူရန် လင့်အပါးတွင်လာရပ်လေသည်။

"ဒီကောင်က လူလည်။ ရဲအဖွဲ့တစ်ခုလုံးလည်း ဒီကောင်မျိုး တစ်ယောက်ရှိနေလို့ နာမည်ပျက်နေတာ၊ သတင်းစာ သမားတွေနဲ့လည်း အလွမ်းသင့်အောင် ပေါင်းတတ်တယ်။ သူ့ကောင်တွေကို ငွေပေးပြီး သူလိုချင်သလိုပြောပြီး ရေးခိုင်းမှာ၊ သတင်းစာတွေကလဲ၊ ခြေမလောက် စာလုံးကြီး တွေနဲ့ "ဦးဖေမောင် ခေါင်းကွဲသွားခြင်း" . . . ဘာညာနဲ့ ကျွန်တော် အရှက်ကွဲအောင် ရေးကြမှာ . . . "

"ရေးပါစေ မောင်ဖေမောင်၊ ကိုယ့်ခေါင်းကွဲတာကို ခေါင်းကွဲတယ် ရေးတာ ရေးပေါ့၊ ဘာရှက်စရာရှိလဲ သူ့မှာသာ ညကချက်ခြင်းအဖမ်းခံ ရတယ်၊ ရဲ၀န်တစ်ဦးဖြစ်ပြီး တစ်ညဂါတ်ထဲ အိပ်လိုက်ရတယ်ဆိုတာ ဘယ်လောက် အရုပ်ဆိုးသလဲ။ ဥပဒေအတိုင်း အန်ကယ်တို့လည်း အမှုဖွင့်ထားတယ်။ ဂုဏ်သရေရှိ အရာရှိကြီးတွေဟာ၊ ဒီလိုကလပ်မှာ ခိုက်ရန်ဖြစ်တတ်တာပဲ၊ လက်ပါပြီး ဒီလို ပုလင်းနဲ့ရိုက်လား ဘာလား လုပ်တာဟာ ဂျပိုးအလုပ် ဆိုတာ လူတိုင်း သိပါတယ်။ အရာရှိတိုင်းလိုလို သူ့ကို နှာခေါင်းရှုံ့တာပဲ"

"အန်ကယ့်ကိုတော့ လေးစားပါတယ်၊ ဒီကောင်က အချင်းချင်း မလိမ့်တစ်ပတ်နဲ့၊ အလစ်ကိုရိုက်လိုက်တာ ကျွန်တော်ခံဖြစ်လွန်းလို့ပါ အန်

ကယ်ရာ၊ ကျွန်တော်တော့ ဘယ်တော့မှ မကျေဘူး၊ ဒီလိုကောင်မျိုးကို ကျွန်တော်လက်နဲ့ မသတ်ရရင်၊ ဒီကောင်ကို မကြေ . . . အမလေး . . . နာတယ် . . . နည်းနည်းမူးတယ် . . .”

ဒေါသရှိန်ဖြင့် တစ်မျက်နှာလုံးရဲရဲနီကာ၊ ခေါင်းထောင်နေရာမှ သူ့ခေါင်းကို၊ ခေါင်းအုံးပေါ်သို့ ပစ်ချလိုက်၏။

“ကိုကို ဖြုန်းခနဲ ဖြုန်းခနဲ ခေါင်းကို မထူနဲ့လေ . . . ၊ ဒဏ်ရာ သေးပေမယ့် ခေါင်းဆိုတာ၊ နည်းနည်းထိတာနဲ့တောင် မူးတတ်တယ်”

ဦးဖေမောင်သည် မျက်လုံးမဖွင့်သော်လည်း အံကြိတ်ထားသည်။

“မောင်ဖေမောင် . . . အဲဒါ ဒဏ်ရာကြောင့်မဟုတ်ဘူး၊ စိတ်အရှိန်ပြင်းလာလွန်းတော့ သွေးတိုးမြန်လာပြီး မူးလာတာ၊ ဒေါသမဖြစ်နဲ့လို့ အန်ကယ်မပြောဘူး . . . ဖြစ်ပါ၊ အန်ကယ်လဲ ယောကျ်ားပဲ၊ မောင်ဖေမောင့်နေရာဆိုရင် အန်ကယ်လဲ လူသတ်ချင်မှာပဲ၊ အန်ကယ် တောင်းပန်ချင်တာက ဒီဒဏ်ရာပျောက်တော့ အစွမ်းကုန် ဒေါသဖြစ် ကျေနပ်လား . . .”

ဒေါက်တာဝဏ္ဏက ဖြေးဆေးစွာ အနာကို ဆေးထည့်ရင်း ပြော၏။ ဆရာမလေးသည် ပတ်တီးအသစ်လဲကာ ကျကျနန ပြန်၍ စည်းလိုက်သည်။ အေးအေးက အိပ်ခန်းခြေရင်းရှိ ရေချိုးခန်းသို့ ဒေါက်တာဝဏ္ဏကို ခေါ်သွားကာ ကြွေဇလုံတွင် လက်ဆေးပေးနေလေသည်။ ဆရာမလေးသည် လူနာအနားရှိ ကိရိယာတန်ဆာပလာများကို သိမ်းနေလေသည်။

အဘွားကြီးမှာ သားအပါးသို့ကပ်ခါ ခုတင်ပေါ်တွင် ထိုင်လိုက်၏။ သား၏ နဖူးပေါ်သို့ လက်တင်လိုက်ရင်း၊ သက်ပြင်းချလိုက်သည်။ ဦးဖေ မောင်က မျက်လုံးမဖွင့်ပေ။

“သားရယ် မေမေကို ချစ်ရင် ဒဏ်ရာပျောက်တဲ့အထိ စိတ်ကိုလျှော့ထားပါ . . . မေမေ့မှာ သားတစ်ယောက်ထဲရှိယ်။ သားအပြုံး မမြင်နိုင်သလို

မေမေလည်း တွေးမိတိုင်း ဒီသူငယ်အပေါ် အငြိုးဘာ့ယ်ပြေနိုင်မလဲ။ မောင်ဝဏ္ဏ တို့အနေနဲ့ 'ခံမှုမခံရဘဲကိုး သူတို့က၊ ခွင့်လွှတ်နိုင်မှာပေါ့လို့' သားက ဆိုချင် ဆိုမယ်၊ မေမေအနေနဲ့က သားနဲ့ထပ်တူထပ်မျှ ခံရတာ . . . မေမေက ပိုပါ သေးတယ်"

"မေမေ့ထက်ကျွန်တော်ပိုပြီး ဒေါသဖြစ်တာပေါ့မေမေ။ ဒီကောင်က ညီမလေးကို စော်ကားပြီးသတ်၊ ဖေဖေကိုလည်း သေအောင်လုပ်၊ ခုလည်း လူပုံလယ်မှာ ကျွန်တော့်ကို ရန်စပြီး ပုလင်းနဲ့ရိုက်၊ ဒါလောက်ဆိုးတဲ့ ကောင်ကို ကျွန်တော် လက်ထိလက်ရောက်ကို သတ်ရမှ အေးမယ် . . ."

ဦးဖေမောင်ကား ခုနစ်သံဖြင့် အော်ပြန်သည်။

အဘွားကြီးသည် သက်ပြင်းချလိုက်၏။ ဒေါက်တာဝဏ္ဏသည် အဘွားကြီးကို မျက်ရိပ်ပြလိုက်သည်။

"ကဲ . . . အေးအေး . . . မောင်ဖေမောင် ကြားချင်တဲ့သတင်း တွေ အားလုံးဖတ်ပြပြီ၊ အနာရှိန်ပြင်းနေတုန်းကိုတော့ ဦးနှောက်ကြောတွေ နဲ့ မျက်လုံးကို အနားပေးစေချင်တယ်။ ဒေါက်တာ တစ်ယောက်အနေနဲ့ ဒါကိုတော့ တားရလိမ့်မယ်"

ဒေါက်တာသည် လက်သုတ်ပဝါနှင့် လက်သုတ်ရင်း ပြောလိုက် သည်။ မကြာခင်ပင် အိမ်ဖော်လေးသည် ကော်ဖီနှစ်ခွက်၊ ကြက်ဥကြော်နှင့် ပေါင်မုန့်များယူလာကာ အိပ်ခန်းထောင့်ရှိ ဆိုဖာများအလယ် စားပွဲပေါ်တွင် ချလိုက်၏။

"အန်ကယ် ထမင်းစားခန်း သွားမနေပါနဲ့တော့။ ဒီမှာပဲ ကော်ဖီ သောက်ပါ။ ဆရာမလဲ သောက်ပါဦး"

အေးအေးက ဆရာမလေးကိုပါ ခေါ်လိုက်သည်။ ဦးဖေမောင် သည် ခေါင်းကို ခေါင်းအုံးပေါ်တွင် လျော့ချထားကာ မျက်လုံးကို စုံမှိတ်ထား

၏။ နှုတ်ခမ်းနှစ်ခုကိုမူ တင်းမာစွာ စေ့ထားလေသည်။ ဆရာမလေးသည် ဆေးဖြူလေးနှစ်လုံးတိုက်ပြီးမှ ကော်ဖီသွားသောက်၏။ အေးအေးသည် သတင်းစာသုံးစောင်ကို ကောက်ယူ၍ စဖတ်ပြနေသည်။

"ခါတိုင်းခေါင်းစဉ်တပ်ရင် အထိတ်တလန့် တပ်တတ်တဲ့ 'မှန်တိုင်း' သတင်းစာတောင်၊ ဒီနေ့ရေးထားတာ မဆိုးပါဘူး အေး ဖတ်ပြမယ် 'လက်သံကလည်း ပြောင်ပြောင်' အဲဒါ စာလုံးကြီးနဲ့ရေးပြီးမှ အောက်က 'ပြည်ထောင်စုကလပ်မှ ဂုဏ်သရေရှိ လူကြီးမင်းနှစ်ဦးတိုက်ပွဲ' ဒါလောက်ပဲ ရေးထားတယ်။ မြန်မာ့ဦးစွန်းသတင်းစာကတော့ 'ပြည်ထောင်စုကလပ်မှ လူကြီးမင်းနှစ်ဦး၏ရန်ပွဲ' လို့ခေါင်းစဉ်ရေးပြီး အောက်ကစာလုံးငယ်နဲ့ 'ဝတ်လုံတော်ရ ဦးဖေမောင်၊ ဦးခေါင်းတွင် ဒဏ်ရာရခြင်း' လို့ရေးထားပါတယ်။ အောက်က အသေးစိတ်သတင်းတွေလဲ အေးဆက်ဖတ်ပြမယ်"

"တော်တော့ကွာ၊ တော့်တော့။ ငါ နေကောင်းမှ ငါ့ဟာငါဖတ်မယ်။ အခု ငါမှိန်းဦးမယ်"

ဦးဖေမောင်သည် မျက်စေ့မဖွင့်ဘဲ ပြောလိုက်၏။ ဒေါက်တာဝဏ္ဏသည် အေးကို မျက်ရိပ်ပြလိုက်သည်။ ဒေါ်အေးအေးသည် ဒေါက်တာဝဏ္ဏအနားသို့ ကပ်လာသည်။

"ကဲ အေးအေး ဒေါ်ရစ်ကတော့ နေ့ဆရာမပဲ။ ညနေကျရင် ညဆရာမတစ်ယောက် လာလိမ့်မယ်။ သူ့ဒဏ်ရာက မစိုးရိမ်ရပါဘူး"

"ဟုတ်တယ် အားလုံးထွက်သွား။ ဘယ်သူ့ကိုမှလဲ မတွေ့ချင်ဘူး။ ဘယ်သူနဲ့မှလဲ မနေချင်ဘူး"

ဒေါက်တာဝဏ္ဏ စကားဆုံးလျှင် ဦးဖေမောင်သည် သူတို့အားလုံးအား နှင်လိုက်သလို ပြောလိုက်၏။ အားလုံးကပင် ဘာမှ ပြန်မဖြေကြ။ လူနာတစ်ယောက် ဖြစ်၍ ခွင့်လွှတ်ကြသည့်သဘောနှင့် ဆရာမလေးကိုသာ

ထားရစ်ခဲ တိတ်ဆိတ်စွာ ထွက်လာကြသည်။ အမှန်အားဖြင့် ဒေါ်သရိုန် ပြင်းပြနေတုန်း သူနှင့်ရင်ဆိုင်၍ အပြိုင်ဖျောင်းဖျနေကြလျှင် ဦးဖေမောင်သည် သူ့ဒေါ်သကို မပြေဘဲ ပိုမိုဆိုးလာမည့်သူတစ်ယောက်ဖြစ်သည်ကို အေးအေး ကလည်း လင်တစ်ယောက်အနေနှင့် သိသလိုပင်၊ ဒေါက်တာဝဏ္ဏအဖို့ လည်း ဦးဖေမောင် ငယ်စဉ်ကပင် အိမ်ဆရာဝန်ဖြစ်ခဲ့ရ၍ မိမိလူနာ၏ မူလ စိတ်သဘောကို ကြိုတင်နားလည်ပြီး ဖြစ်သည်။ ထို့ကြောင့် ဤအချိန်တွင် သူတို့သုံးဦး တပ်ခေါက်ခါ အခန်းပြင်သို့ ထွက်လာကြ၏။

မှန်၏။ တောင်ကျချောင်းဆိုသည်မှာ အရှိန်နှင့်ရေဆင်းလာပြီဆို လျှင် မြင်းလည်းပြေးမလွတ်၊ ဆင်လည်းကိုယ်လုံးနှင့် တောင့်မခံနိုင်ပေ။ အားလုံး ဒလိမ့်ခေါက်ကွေး၊ လွင့်စင်မျောပါသွားကြသည်။ ရေရှိန်ကုန်၍ သွားသောအခါတွင်မူ၊ ဤနေရာသည် တောင်ကျချောင်းရေများ အရှိန်ပြင်းစွာ စီးခဲ့ပါသည်ဟု ပြော၍ မယုံနိုင်လောက်အောင်ပင် သဲပြင်ဖွေးဖွေးကိုသာ တွေ့ ရမည်ဖြစ်သည်။

ခုချိန်တော့ ဦးဖေမောင်ရင်ထဲတွင် ဒေါသချောင်းရေများ ဒလ ဟော သွန်ကျနေဆဲဖြစ်သည်။ အားလုံးကိုပင် တိုက်စားဝါး မြိုပစ်လိုက်ချင် သည်။ မျက်စေ့ကို စုံမှိတ်ထားပြန်တော့လည်း အတိတ်တွင် ကွဲပြတ်စုတ် နှမ်း၍ သွားပြီဟု ထင်ရသော ကားချပ်လေးသည် ပြန်လည်ဆက်စပ်၍ ပေါ် လာခဲ့ပြန်သည်။ ပြုံး၍ အေးသော ညီမလေးမျက်နှာ။

ဤမျက်နှာလေးသည် ဇာတ်လမ်း၏ အစပင်တည်း။ သူ၏တစ် ယောက်တည်းသော ညီမလေးဖြစ်၍ သူသည် ဤဇာတ်လမ်းကို တွေးမိတိုင်း ပို၍ ရင်နာသည်။ ဇာတ်လမ်းစစဉ်ကမူ ဦးဖေမောင်မှာ ယောကျ်ားတစ်ယောက် လည်းဖြစ်၊ အစ်ကိုလည်းဖြစ်နေ၍ ဇာတ်၏ဇစ်မြစ်ကို ရတ်တရက် နား မလည် သဘောမပေါက်ခဲ့။

◎ ပြုံးစာပေ ◎

'ကြူကြူ နေမကောင်းဘူး'ဆိုလျှင် သူ့ညီမလေးသည် သာမန်သွေးရိုးသားရိုး နေမကောင်းဘူးဟူ၍သာ သူနားလည်ခဲ့သည်။ သူအိပ်ခန်းထဲဝင်သွားတိုင်း ကြူကြူသည် ပြုံး၍ကြိုသည်။ သို့သော် တစ်နေ့ထက်တစ်နေ့ ကြူကြူ၏အပြုံးသည် လျော့ပါးလာသည်။ အားယူ၍ ပြုံးသော နှုတ်ခမ်းလေးများသည်လည်း သွေးရောင်ဖြော့၍ လာသည်။

ယခင်က ပန်းငုံလို နုထွတ်သော ကြူကြူ့မျက်နှာသည် ယခုတော့ ပန်းပွင့်ဖတ်များနွမ်း၍ ဝတ်မှုန် ရင့်လာသော ပွင့်တံလို စင်းဝေါဝေါကြီးဖြစ်နေသည်။ မေမေကျွေးသော ငှက်ပျောသီး မီးဖုတ်မှလွဲ၍ ဘာမှမစားတော့ပေ။

"မေမေကလဲ မေမေရာ၊ အယ်ကာယ်ဝဏ္ဏနဲ့ တိုင်ပင်ပါဦး။ ညီမလေးရောဂါဟာ ဘာလဲဟင်၊ ဆရာဝန် အသစ်ခေါ်ရင် မကောင်းဘူးလား"

သူသည် ရောဂါအကြောင်းကို နားမလည်သူပီပီ မေမေ့ကို ပြောခဲ့၏။ တစ်ညနေ ရုံးပြန်ချိန်တွင်မူ ကြူကြူသည် အိပ်ပျော်ရာမှ ရောင်နေ ... လား၊ သတိလစ်နေသလား မသိပေ။

"ကိုကိုညွန့် ကိုကိုညွန့်မလာဘူးလား"

ထိုစကား၏အဓိပ္ပါယ်ကို ဦးဖေမောင်သည် လုံးဝနားမလည်ခဲ့၊ အေးအေးကို လက်တို့မေး၍လည်း အေးအေးက ခေါင်းခါပြခဲ့လေသည်။ သူသည် လူနာခန်းမှ ထွက်ခဲ့၏။ စာဖတ်ခန်းထဲတွင် စကားပြောသံကြားသောကြောင့်၊ အခန်းနားကပ်သွားသည်။

"လူကြီးမှာ အာဟာရကလည်း လုံးဝမရှိတော့ ဝမ်းထဲက ကလေးအတွက်လည်း ကျွန်တော်တော့ မတာဝန်နိုင်ဘူး"

ဦးဖေမောင် ခြေလှမ်းများသည် တုံ့သွား၏။ ထိုအသံမှာ ဒေါက်တာဝဏ္ဏအသံဖြစ်သည်။

◎ ပြီးစာပေ ◎

"ကလေး ဘာကလေးလဲ၊ ကျွန်တော့်ကို ဘယ်သူမှ ဘာမှ မပြော ကြဘူး။ ကျုကြူ့ရောဂါဘာရောဂါလဲ . . . "

သူသည် အော်ဟစ်၍ မေးမိ၏။ ထိုစဉ်က ဖေဖေ မသေသေး။ သူပြေးဝင်သွားလျှင် ဖေဖေရောမေမေပါ မျက်လုံးကြီး ကြောင်တက်တက်နှင့် သူကိုကြည့်နေကြသည်။ ဒေါက်တာ ဝဏ္ဏတစ်ယောက်တည်းသာ မတ်တပ် ရပ်နေရာမှသူ့ကို ဆီးဖက်လိုက်၏။

မေမေက ရှိုက်၍ငိုတော့သည်။ ဖေဖေ့မျက်နှာက မငိုရုံတမယ်ညှို့ မှောင်နေသောမျက်နှာကြီးနှင့် ပြတင်းအပြင်ကို မျက်နှာလွှဲကြည့်နေသည်။

"ဘယ်လိုဖြစ်ရတာလဲဟင် . . . "

အားလုံးမျက်နှာထားဟန်များသည် စကားလုံးဝ မပြောကြသော်လည်း ပြောနေကြသည်ထက်လေးနက်သော အဓိပ္ပာယ်ကို ဆောင်နေသည်။

ဒေါက်တာဝဏ္ဏသူ့ကို အခန်းထောင့်ဆိုဖာရှိရာသို့ ဆွဲခေါ်သွား၏။

"ထိုင်ဦး မောင်ဖေမောင်၊ အန်ကယ် ဖြည်းဖြည်း ပြောပြမယ်"

ဒေါက်တာဝဏ္ဏသည် ကျယ်ကျယ်ပြောရာမှ အသံနှိမ့်၍သူ့နားနား သို့တပ်ခါ –

"မင်းရဲ့ဖေဖေနဲ့ မေမေဟာ စိတ်ပိုထိခိုက်နေတယ်ဆိုတာ၊ သိထား ဖို့ကောင်းတယ်။ ပြီးမှ အန်ကယ်ပြောပြမယ်၊ သိပ်ရှုးရှုးရှားရှားမဖြစ်နဲ့လေ"

သူသည် မသက်မသာနှင့် ထိုင်ချလိုက်ရ၏။ ဖေဖေသည် ရှည် လျားသော သက်ပြင်းကြီးကို လေးလေးတွဲ့တွဲ့ချကာ အခန်းပြင်သို့ထွက် သွားတော့သည်။ မေမေက ငိုရှိုက်လက်စနှင့်ပင် နောက်မှလိုက်သွားသည်။ ဤမျှသောကရောက်သော ဖေဖေနှင့်မေမေ့ဟန်ကို ရောက်စကတည်းက တစ် ခါမှ မတွေ့ဖူးပေ။

"ဘယ်လိုဖြစ်ကြတာလဲ "

◎ ပြီးစာပေ ◎

သူကသိလိုစိတ် ပြင်းသလောက်၊ ဒေါက်တာဝဏ္ဏသည် ဖြေးဆေးသောအမူယာနှင့်ပင် ပြန်ဖြေ၏။ သို့သော် စကားမပြောခင် သက်ပြင်းကြီးချလိုက်ပုံက သူသည်လည်း စိတ်အကြံရကြပ်၍ မည်မျှအသက်ရှူကြပ်သည်ကို ဖော်ပြနေသည်။

"ဒီလိုအဖြစ်တွေက ကိုယ်တို့ ဆရာဝန်တွေအဖို့တော့ ရိုးနေတာပဲ။ မင်းတို့အဖို့တော့ အဆန်းပဲ။ ကြူကြူ့မှာ ကလေးရှိနေတယ် . . ."

ဦးဖေမောင်သည် ကုလားထိုင်ကို လက်နှင့်မနည်း ဆုပ်ကိုင်ထားရ၏။ သူ့ခေါင်းမှာ မူးဝေသွားသလို မျက်စေ့ကို စုံမှိတ်ထားသည်။

"ဘယ်သူနဲ့လဲ . . . ဘာလုပ်မယူတာလဲ"

ထိုမေးခွန်းကို မေးသာ မေးနေရသော်လည်း သူသည်အဖြေကို မကြားရက်ပေ။

"မင်းမိတ်ဆွေ မောင်ကျော်ညွန့် . . ."

ဒေါက်တာဝဏ္ဏသည် အပိုဘာမှမပြော။ စကားကို အတိအကျသာဖြေသည်။

"ဟင် . . . သူ့မှာ မယားကြီးနဲ့မို့လား"

"အေးပေါ့၊ အဲဒါကြောင့် မေမေနဲ့၊ ဖေဖေလည်း အတွေးရကြပ်နေတယ်၊ မင်းဖေဖေက ကြူကြူသာစိတ်တင်းနိုင်ပေစေ၊ သူ ဒီကလေးကို အဖေမဲ့သားအနေနဲ့ပဲ၊ လက်ခံစောင့်ရှောက်မယ်တဲ့ . . ."

"ကြူကြူ သိပ်မိုက်တာပဲ"

"မောင်ဖေမောင် မိုက်တာတွေလိမ္မာတာတွေအသာထားဦး။ လောလောဆယ် တို့များအရေးကြီးနေတာက ကြူကြူအစာဝင်ဖို့ အသက် ရှင်နိုင်ဖို့ အဲဒါကို တို့ခေါင်းခဲနေကြတယ်။ ခု အသက်အန္တရာယ်ကို စိုးရိမ် နေရပြီ။ မင်းနားလည်လား။ စိတ်ဝေဒနာဆိုတာ အင်မတန်အကုရခက်တယ်"

◎ ပြီးစာပေ ◎

"အိုး . . ."

သူသည် ယောက်ျားတန်မဲ့ ငိုရှိုက်မိသည်။ ပထမပေါ်လာသော ရက်စိတ်ထက် ညီမလေး၏အသက်အန္တရာယ် . . . ဆိုသော စကားက သူ့စိတ်ကို ပို၍ချောက်ခြားသွားစေသည်။

နောက်နေ့များတွင်မူ ကြူကြူနိုးနေစဉ်ဆိုလျှင်၊ ကြူကြူအနားသို့ သူမသွားရက်ပေ။ အိပ်နေစဉ်တော့ ညီမလေးမျက်နှာကို သွားကြည့်၏။ ကြည့်မိတိုင်းလည်း ရင်ထဲမှာ ဖော်မပြတတ်သော ဝေဒနာကို ခံစားရပြန်သည်။

နောက်သုံးလတွင် ကြူကြူသည် ပန်းကြွေသလို ဟာဖြေးဖြေးကြွေသွားခြင်းပင်ဖြစ်သည်။ ဤပန်းပွင့်ကြွေသော ဇာတ်လမ်းသည် အတိတ်တွင် မကျန်ရစ်ခဲ့။ သူ့အသည်းနှလုံးတွင်အစဉ်အစဉ်ကပ်ပါခဲ့သည်။ ကြာတော့ ပန်းချီကားချပ်လို သူ့အသည်းတွင်ထင်နေသည်။ သည့်နောက် သူ့ဖေဖေ သေပြန်သည်။ သူ့ဖေဖေ ဦးသံဒိုင်သေပြီးနောက်တွင်မူသူသည် ဦးကျော်ညွှန့်ကို မတွေ့တွေ့အောင် ရှာခဲ့သည်။

မနေ့ညကတွေ့ကြပြန်တော့လည်း ဦးကျော်ညွှန့်က သူ့ကို လက်ဦးအောင်ရိုက်သွားပြန်သည်။ ယခုတော့ ဦးကျော်ညွှန့်ကို ရန်မမူဖို့ ပြောသူမှာ သူ၏ရန်သူဖြစ်လာမည်သာဖြစ်၏။ ဦးဖေမောင် စိတ်ကမူ လျော့၍မရတော့ပေ။ မျက်စေ့ကို မှိတ်ထားရာမှ ခေါင်းကို သွက်သွက်ခါအောင် ရမ်းမိပြန်သည်။

"အစ်ကိုကြီး ခေါင်းမှာဒဏ်ရာနဲ့ ဆိုတာ သတိထားပါ။ နာလာလိမ့်မယ် . . ."

ဆရာမလေးက သူခေါင်းကိုကိုင်ရင်း ညင်ညင်သာသာ ပြောလိုက်တော့မှပင် သူ့အဖြစ်သူသတိရသလို စိတ်ကို ထိန်းလိုက်ရသည်။

◎ ပြီးစာပေ ◎

အပြင်ကို ထွက်သွားသောလူစုမှာလည်း ဧည့်ခန်းကို ရောက်မှပင် စကားကျယ်ကျယ်ပြောရဲကြတော့သည်။ အထူးသဖြင့် ဒေါက်တာဝဏ္ဏရော ဒေါ်အေးအေးပါ၊ စကားအပြောအဆိုကို ဆင်ခြင်နေကြသည်။ လူနာကို အရေးပေးရသလို အဘွားကြီးစိတ်ထိခိုက်မှာကိုလည်း သူတို့စိုးရိမ်နေကြလေသည်။

"မောင်ဝဏ္ဏရယ် ဒဏ်ရာအတွက်တော့ ကြီးကြီးမပူပါဘူး။သူ့စိတ်အတွက် ခက်တယ်ကွယ်။ သူ့စိတ်က လျော့တော့မယ် မဟုတ်တော့ဘူး"

အဘွားကြီးသည် ဆိုဖာပေါ်ထိုင်ချရင်း ပင့်သက်ရှူကာ ပြောလိုက်၏။

"အင်း . . . ကျွန်တော်လည်း ဒါကိုစိုးရိမ်နေတာပဲ။ ဒါကြောင့် ကျွန်တော်က ဆေးရုံမှာမထားဘဲ ညဥ့်က အေးအေးနဲ့ တိုင်ပင်ပြီး အိမ်ခေါ်လာတာ။ အိမ်မှာဆို ဒဏ်ရာပျောက်ပြီးလည်း၊ ကျွန်တော့လက် ကျွန်တော့ခြေ ဆိုတော့ မင်းအနည်းဆုံး နှစ်ပတ်အိပ်ရာထဲနေရမယ်၊ ဘာညာနဲ့ပြောနိုင်တယ်။ ဆေးရုံမှာဆို ဆရာဝန်က ခုဆင်းနိုင်တယ်ဆိုတဲ့တပြိုင်နက် ခုဆေးရုံကဆင်းပြီး ဟိုကောင်ကျော်ညွန့်ကို လိုက်ရှာပြီး သတ်မှာ . . . "

"အေး ဒါပေါ့ . . . အဲဒါကို ကြီးကြီးစိုးရိမ်နေတာ"

"ကျွန်တော်ကလည်း သူ့ကြိုက်ကွက်ကို ပေးပြီး၊ စီစဥ်ထားပါတယ်။ သူကဒီကောင် ရိုက်တဲ့အတွက် ကျွန်တော်တရားမစွဲချင်ဘူး ညဥ့်က ပြောတယ်။ ရုံးမှာလဲ ဒီလိုကောင်မျိုးနဲ့ မျက်နှာချင်းခဏခဏ မဆိုင်ချင်ဘူးတဲ့၊ ကျွန်တော့လက်နဲ့ တစ်ခါထဲသတ်မယ်တဲ့။ တရားမစွဲတာ ကောင်းတာပေါ့ကြီးကြီး၊ အမှုမရှိဘဲနဲ့ လုပ်ရိုးလုပ်စဥ်အတိုင်း မောင်ကျော်ညွန့်နယ်ပြောင်းဖို့ စီစဥ်ထားတယ်။ မောင်ကျော်ညွန့်နယ်ပြောင်းသွားရင်၊ သူတို့နှစ်ယောက်ဆုံဖို့ ခဲယဥ်းသွားတာပဲ . . . "

◎ ပြီးစာပေ ◎

"သိပ်လဲ မပူပါနဲ့ မေမေရယ်။ ညဦးက မေမေအပေါ် တက်သွားမှ ရဲမင်းကြီး ဦးကြာဝင်းကိုယ်တိုင် သမီးဆီ ရောက်လာတယ်။ ၃တ်လုံတော် ရမင်းဖြစ်ရတဲ့ကိစ္စအတွက် သူတို့အလွန်စိတ်မချမ်းမြေ့ပါဘူးတဲ့။ ဦးကျော် ညွန့် ကျူးလွန်တဲ့အမှုအတွက်လည်း သူဟာရဲအဖွဲ့က အကြီးအကဲ အနေနဲ့ စိတ်မကောင်းပါဘူးတဲ့။ ပင်စင်မပေးခင် ဟံသာဝတီကနေ အထက်ဘက်ကို ပြောင်းလိုက်ပါမယ်တဲ့။ အေးအေးကတော့ မတရားတာ မဖြစ်စေချင်ပါ ဘူးလို့။ ဒါပေမယ့် နှစ်ယောက်တစ်ခါ ထပ်ဆုံတော့ လူသတ်ပွဲဖြစ်မှာမို့ အန် ကယ်တို့ ကူညီပါလို့ ပြောလိုက်တယ် . . . "

အေးအေးသည် ယောက္ခမကိုလည်း နှစ်သိမ့်အောင် ပြောပြ နေပြန်သည်။

"မောင်ဝဏ္ဏရယ် တို့အိမ်မှာ မင်းဟာ ဆရာဝန်လည်းဟုတ်ရဲ့၊ ကြီးကြီးတူသားလည်းဟုတ်ရဲ့ဆို မမှားပါဘူး။ မောင်ဖေမောင်ဟာ မင်း လက်ပေါ်ကြီးလာတာပဲ၊ မင်းလည်းသူ့ သဘောသိနေပြီမဟုတ်လား၊ သည်းခံတော့မယ်၊ အေးတော့မယ်ဆိုလည်း နှစ်ယောက်မရှိဘူး၊ ဒေါသထွက် လာရင်လည်း တကယ်လူသတ်ရဲတယ်ဆိုတာ ကြီးကြီးယုံတယ်၊ မေမေ့ သား အကြောင်းမေမေအားလုံးသိတယ်အေးအေး . . . "

အဘွားကြီးသည် ချွေးမဘက်လှည့်ကာ စကားဆိုပြန်သည်။

"ဟိုက်စကူးကျောင်းမှာ ထားတုန်းက ဘောပွဲမှာ သူ့ကို အသား လွတ် ဘောလုံးမပါဘဲ ကန်ရပါ့မလားဆိုပြီး ဘောလုံးကွင်းထဲမှာ ကျောင်း သားတစ်ယောက်ကို လည်ပင်းညှစ်သတ်တာ လျှာအလျားသားထွက်ပြီး သေတော့မလို့။ သူ့ဆရာက တစ်ခါထဲသူ့မေ့သွားအောင် ဆွဲထိုးလိုက်ရ တယ်။ ဒီတုန်းကမေမေတို့လည်း ဟိုဘက်ကျေနပ်အောင် ဆေးလည်းကု ငွေလည်းပေးလိုက်ရတာ မပြောနဲ့တော့ . . . "

◎ ပြီးစာပေ ◎

"ခုလဲ ကြီးကြီးရယ် . . . ကျွန်တော်တို့ ဝိုင်းထိန်းတာပေါ့။ ဦးကြာဝင်း စီစဉ်သလို၊ ရဲဝန်မောင်ကျော်ညွန့်သာ ဟံသာဝတီမှာ မရှိတော့ရင် နှစ်ယောက်ဆုံဖို့ ခဲယဉ်းသွားပြီပဲ။ ကြီးကြီးသာ စိတ်အေးအေးထားပြီး အိပ်နိုင်အောင် စားနိုင်အောင်လုပ်"

"ကြီးကြီးအပေါ်ထပ်သွားတော့မယ်၊ ဒီမနက်ဘုရားခန်းကိစ္စ ငါ့မြေး . . . နှင်းပန်းခိုင်ကို အားလုံးလုပ်ခိုင်းရတယ်။ ညဥ့်ကလည်း ဟိုသူငယ်ကို မေတ္တာပို့၊ သားမေတ္တာပို့နဲ့ အိပ်မရ။ ခုမနက်လည်း ဘုရားရှိခိုးရတာ ကပေါက်ချီ ကပေါက်ချာနဲ့၊ မောင်ဝဏ္ဏာရယ် မေတ္တာသုတ်ကို ဆုံးအောင်ကို ရွတ်လို့မရဘူး . . . "

"ကျွန်တော်လည်း ပြန်မယ်ကြီးကြီး"

ဒေါက်တာဝဏ္ဏာ နှုတ်ဆက်၍ ထွက်သွားပြီးနောက် အဘွားကြီးသည် အပေါ်ထပ်သို့ တက်သွားတော့သည်။ ထိုအချိန်ကျမှပင် ဒေါ်အေးအေးသည် နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်သို့ ပစ်လှဲလိုက်၏။ ယောက္ခမဖြစ်သူမှာ အသက်အရွယ် အိုမင်းသူမို့၊ မိမိက စိတ်တင်း၍ ဖြေသာဖြေပြောလိုက်ရသော်လည်း မသက်သာလှပါတကား . . . ။ ပြီးတန်တာ ပြီးပါစေဟူ၍ မိမိတို့က ဖြေနိုင်သည် ထားဦး . . . ဦးဖေမောင်သည် လုပ်ချင်လာပြီ သည်းမခံတော့ဘူးဟေ့ဆိုလျှင်၊ တားရသည့် လူစားမျိုးမဟုတ်ပေ။ ဒဏ်ရာပျောက်ကင်း၍ တစ်ချိန်မဟုတ် တစ်ချိန် ရဲဝန်ဦးကျော်ညွန့်ကို ပြန်၍ဆုံမိပါလျှင် တကယ့်လူသတ်ပွဲကို တွေ့ကြရတော့မည်။

ယခုတစ်ခါတော့ ဘယ်သူမှ တရားချ၍မရပေ။ အာဃာတကို မေ့ပျောက်ပါ ခွင့်လွှတ်ပါဟု ပြောရသည်မှာ ပြောရတာလွယ်သလောက် တကယ်ခံစားရသူအဖို့ ခွင့်လွှတ်ဖို့ ကြိုးစားရခြင်းသည် မလွယ်ကူလှပေ။ ညဥ့်က ညဥ့်စောင့်ဆရာမရှိသည်ဆိုသော်လည်း သဖွဲ့အပါးမှ အေးအေး

သည် မခွာနိုင်ခဲ့။ သူ့ခင်ပွန်းသည် ဒဏ်ရာထက် ဒေါသက ပြင်းနေသည်ကို အေးအေးသိ၏။ တစ်ကိုယ်လုံးသည် ဆတ်ဆတ်တုန်နေလေသည်။

သူ့ယောကျ်ားသည် ဦးပုညတေးထပ်လိုပင်–

"သူစိမ်းက မြလယ်မှာ၊ ထည်ခြုငယ်အရောင်စိမ်းရယ်နှင့်၊ ဖန်စိမ်းမှန်ကိုကာ၊ လိမ်းတဲ့ ဒုဋ္ဌာ . . . "

ဆိုသကဲ့သို့ တကယ်စိမ်းလာပြီဆိုတော့ ရက်ရက်စက်စက် စိမ်းမည့်သူသာတည်း။ ညဥ့်က အိပ်ပျော်ရင်း ယောင်သည်ပင်။

"ငါလူသတ်မယ် . . . လူသတ်ပြီးမှ ငါသေမယ်" ဟူ၍ အော်ဟစ်နေခဲ့သည်။ ဘုရားသခင် ဂုဏ်ကျေးဇူးကြောင့်ပင်တည်း။ ညဥ့်ကသာ ငန်းဖမ်းနေစဉ် "လူသတ်ချင်သည်" ဟူသောစိတ်ဓာနှင့် သူ့ယောကျ်ား ကွယ်လွန်ခဲ့ပါလျှင် . . . ။

အေးအေးသည် တမလွန်အတွက် ဆက်မတွေးရဲ သလို မျက်နှာကို လက်ဝါးနှင့် အုပ်၍ရှိက်ခါငိုမိသည်။သူ့စိတ်ကို သူပြန် တင်းလိုက်သည်။ မျက်နှာကို လက်ကိုင်ပဝါ ဖြူနှင့်အသာတို့ပြင်ကာ ဦးဖေမောင် အခန်းသို့ ပြန်ဝင်သွားတော့သည်။လူသတ်သော ဇာတ်လမ်းကြီး တစ်ခု ဖြစ်၍မလာအောင် ဤဇာတ် ကို ထိန်းရမည်ကိုတော့ အေးအေးသိ၏။ သို့သော်သူသည် ထိုဇာတ်လမ်း တွင် မည်မျှကျွမ်းကျင်၍ မည်မျှနိုင်နင်းစွာ က,ပြသွားနိုင်ပါမည်နည်း။

◎ ပြီးစာပေ ◎

## ၂

နှင်းပန်းခိုင်သည် ဆယ်နှာရီကျော်လောက်မှပင် အပေါ်မှ အောက်ထပ်သို့ ဆင်းနိုင်တော့သည်။ အဘွားလုပ်နေကျဘုရားခန်းဝေယျာဝစ္စများကို လုပ်ရသည်သာမက၊ ယနေ့မှ အထူးပွင့်သော ကရမက်ပန်းများကို ညောင်ရေအိုး အသစ်သုံးအိုးဖြည့်ကာ ထပ်တင်ရသေး၏။ ပြီးလျှင် ဘုရားအံရှည်ကြီး ရှိုးရုံမကအဘွားရွတ်ခိုင်းသောပရိတ်များကို အစအဆုံးရွတ်နေရသည်။ ယခုမှပင် အောက်သို့ဆင်း၍ အဖေကို ကြည့်ရတော့သည်။ မိုးလင်းစ သူတစ်ခေါက်ရောက်စဉ်ကမူ ဦးဖေမောင်မှိန်းနေ၍ မေမေက မျက်ရိပ်ပြသောကြောင့် သူစကားမပြောခဲ့ပေ။

နှင်းပန်းခိုင်မှာ ဝတ်လုံတော်ရ ဦးဖေမောင် ဒေါ်အေးအေးတို့၏ တစ်ဦးတည်းသမီးဖြစ်သည်။ သူသည်လည်း ညဥ့်က အဖေ့စိတ်ဖြင့် အိပ်၍မပျော်။ အစက ကြောက်တတ်သူ မိန်းကလေးဖြစ်ရသည့်အထဲ ယခုပိုကြောက်နေ၏။ သူသည် ခေါင်းငိုက်စိုက်ချကာ လှေကားမှ ဖြေးဖြေးဆင်း

လာသည်။ သူ့အမေပြောထားသလိုပင် ဘာမှ အပူအပင်မရှိသလို၊ သပ်သပ်ရပ်ရပ် ပြင်ဆင်ထား၏။ မျက်နှာသွင်ပြင်ကမူ ကြည်လင်ဟန်မရှိပေ။ အစဉ်တောက်ပနေသော သူ့မျက်လုံးကလေးပင် ညဥ့်က ငိုထား၍ နီရောင်သန်းနေလေသည်။ အသားဖြူသည်မှာ အမေတူသော်လည်း မျက်လုံးမျက်ခုံးက ဦးဖေမောင်ကို တူသောကြောင့် မဲနက်သော မျက်ခုံးအောက်တွင် သူ့မျက်လုံးများသည် ဝန်းမှောင်တောက်ပနေကြပေသည်။ သူလှေကားရင်းရောက်လျှင် အိမ်ရှေ့သံဆွဲတံခါးရှေ့၌ ဂျစ်တစ်စင်း ဆိုက်လာသည်။ ကားပေါ်မှ လူငယ်တစ်ယောက် ဆင်းလာ၏။

"ကိုကိုပါ ပါလား"

နှင်းပန်းခိုင်၏ မျက်နှာသည် ရွှင်ပျသွား၏။

"ရာဂျန် သော့ဖွင့်ပေးလိုက်ပါ"

သူသည်သံဆွဲတံခါးရှိရာသို့ အပြေးလေးသွားသည်။ ပိန်ပိန်ဖြူဖြူမို့ နှင်းပန်းခိုင်ပြေးလာပုံသည် တကယ်ပင် နှင်းပန်းတစ်ခိုင် လေတွင် လှုပ်ရှားပုံနှင့်တူလှ၏။

ကုလားက တံခါးဖွင့်ပေးလိုက်သောကြောင့် အပါသည် အိမ်ထဲသို့ ရောက်လာသည်။

"ကိုယ်လည်း ဒီမနက် တိုက်ရောက်လို့ သတင်းစာဖတ် ဖတ်ရခြင်းဒီပြေးလာခဲ့တာခိုင်"

"ကိုကိုပါ ညက မသိဘူးပေါ့"

"ဘယ်သိမလဲ ခါတိုင်းကိုယ်က ညဥ့်အယ်ဒီတာ၊ ခုနေမကောင်းလို့ နှစ်ရက်ရှိပြီ ညဥ့်မဆင်းနိုင်တာ၊ ညဥ့်ကသာ တိုက်မှာကိုယ်ရှိရင် ဦးလေးမောင်သတင်းကို စောစောစီးစီးသိပြီး ညဥ့်တွင်းခြင်း ပြေးလာနိုင်မှာ ခုဦးလေးမောင် ဘယ့်နှယ်နေလဲ . . . "

◎ ပြီးစာပေ ◎

"ညဥ့်က သက်သာပါတယ်။ ခိုင်လည်း ခုမှ ဖေဖေ့ကို တွေ့ရမယ် မနက်က ဆင်းလာတော့ ဖေဖေအိပ်ပျော်နေတယ်။ တစ်မနက်လုံးအဘွားခိုင်းလို့ ရွတ်လိုက်ရတဲ့ပရိတ်တွေ ကိုကိုပါရယ် ခိုင်ဖြင့် စိတ်ညစ်လိုက်တာ လာလာ ဖေဖေ့အခန်းထဲသွားရအောင် . . . ၊ ဒဏ်ရာကတော့ မစိုးရိမ်ရဘူး၊ မျက်စေ့နှစ်လုံးပွင့်တာနဲ့ တပြိုင်နက် လူသတ်မယ် လူသတ်မယ် ဆိုတာက တတွတ်တွတ် ဖြစ်နေတာတဲ့။ ဘွားဘွားရော မေမေရော ဒဏ်ရာထက် လူသတ် မှာကို စိုးရိမ်နေကြတယ် . . ."

အပါသည် သက်ပြင်းချလိုက်ခါ နှင်းပန်းခိုင်နောက်မှ လိုက်လာ၏။

သူတို့ဝင်လာချိန်တွင် ဦးဖေမောင်သည် နိုးနေ၍ ဆရာမနှင့် ဒေါ်အေးအေးမှာ ကုတင်ဘေးရှိ ခုလားထိုင်များတွင် ထိုင်နေကြသည်။

"ဟော . . . အပါရေ . . . လာဟေ့"

ဦးဖေမောင်ရော အေးအေးပါ အပါကိုလှမ်းခေါ်ကြသည်။ နှင်းပန်းခိုင်သည် ချစ်စဖွယ်အမူအရာနှင့် ရွှင်ပျစွာ အဖေ့အပါးတွင် ရပ်လိုက်သည်။ အပါသည် နှင်းပန်းခိုင်၏ဟန်ပန်ကို သေသေချာချာစူးစိုက်ကြည့် နေသည်။

ဤကမ္ဘာဝယ် ဖေဖေတစ်ယောက်မှလွဲ ၍သမီးမှာ ချစ်စရာမရှိပါ ဟူသော အမူအရာမျိုးနှင့် သူ့လက်လေးနှစ်ဘက်ကို ဆန့်တန်း၍ ဦးဖေမောင် လက်ကို ညင်သာစွာဆွဲယူ နှုတ်ဆက်လိုက်၏။

မေးကြောကြီးများထောင်ကာ တင်းနေသော ဦးဖေမောင့်မျက်နှာသည်လည်း တစ်မုဟုတ်ချင်းလျော့ပါး သွားသလို ပြုံးရွှင်သော ဟန်သို့ ပြောင်းသွားသည်။

"ဖေဖေနေလို့ကောင်းတယ်နော်။ ညဥ့်က သမီး တညဥ့်လုံးဖေဖေ့ အတွက် မေတ္တာပို့တယ်။ ခုမနက်လဲ ဘုရားပန်းကိုယ်တိုင် ကပ်ပြီး

ပရိတ်ရွတ်နေလို့ ဖေဖေ့ကိုဆင်းတွေ့တာ နောက်ကျသွားတယ်။ မနက်စောစော တစ်ခေါက်လာတုန်းကတော့ ဖေဖေအိပ်ပျော်နေတယ် . . "

သူသည် ဖခင်ဘေးတွင် ညင်သာစွာ ထိုင်လိုက်သည်။ နှင်းပန်းခိုင် ပြောဟန်သည် တစ်ချို့တစ်ယောက်တည်းသော သမီးတို့ဟန်လို ချွဲပြစ်ပြစ် မူတူတူ ချစ်စရာကောင်းသောဟန်မဟုတ်ပေ။ အဖေကို သူသည်လေးလေးစားစားနှင့် ချိုချိုသာသာ ပြောနေခြင်းဖြစ်၏။ ဦးဖေမောင် မျက်နှာဟန်ကလည်း သမီးကိုမြင်ရခြင်းအတွက် ရောဂါကို မေ့ပျောက်သွားကာအလွန်ကျေနပ်သွားပုံရသည်။

ဤအဖေနှင့်သမီးဆက်ဆံပုံလေးကို မြင်လိုက်ရသော အပါသည် ရင်ထဲတွင် နာကျင်သွား၏။ သူသည် သူ၏စိတ်ဝေဒနာကို တစ်ခဏချင်း ခွဲခြမ်းကြည့်လိုက်မိသည်။ မနာလိုသောနာကျင်ခြင်းမျိုးမဟုတ်။ ကြည်နူးခြင်းနှင့် ယှဉ်၍ ဆွေးမြေ့သွားသော ဝေဒနာမျိုးဖြစ်သည်ကို သူနားလည်၍ သွားတော့သည်။

"ဖေဖေနေကောင်းတယ်သမီး။ ဖေဖေ့အတွက် ဆုတောင်းပေးလို့ ကျေးဇူးတင်ပါတယ် . . . "

ဦးဖေမောင်သည် သမီးလက်ကို ဆုပ်နယ်ကာ အပါဘက်ကို မျက်နှာလှည့်လိုက်၏။

"အပါ နေလို့ကောင်းရဲ့လား"

"ဟုတ်ကဲ့ ဦးလေးမောင်ကို အပါကမေးရမှာ ဦးလေးမောင်က ပြန်မေးနေတယ်"

အပါသည် ပြုံး၍ ဖြေလိုက်၏။

"အပါကို ကြည့်ရတာ ပိန်နေလို့၊ ဦးလေးမောင်က နေထိုင်မကောင်းဖြစ်နေသလားလို့ကွယ် . . . "

◎ ပြီးစာပေ ◎

"ဟုတ်ပါရဲ့အပါ၊ မျက်နှာတွေတော်တော် ချောင်တယ်။မောဘဲလ်ရော နေကောင်းရဲ့လား . . . "

အေးအေးကလည်း အပ့ါအနားတွင် ကပ်ထိုင်ကာ မေးလိုက်၏။

"မေမေလည်းနေကောင်းတယ်ဆိုပါတော့။ အပါပိန်တာကတော့ အပ့ါအလုပ်က ညဥ့်ဘက်လက်ထောက် အယ်ဒီတာဆိုတော့ အိပ်ရေးသိပ်မဝချင်ဘူး။ အစားမမှန် အအိပ်မမှန်တာပါ"

"အေး . . . ဦးလေးမောင်လည်း တစ်နေ့က သမီးကို မေးကြည့်တော့ အပါမြန်မာ့ဦးစွန်းသတင်းစာမှာ လုပ်နေတယ်လို့ပဲသိတယ် . . . "

"ဟုတ်တယ် ဦးလေးမောင်၊ နေ့ခင်းတော့ ကျွန်တော်ကျောင်းတက်တယ် . . . "

"သိပ်လဲ အပင်ပန်းမခံပါနဲ့ကွယ်၊ အပါကျောင်းတက်ဖို့အတွက် ဦးလေးမောင်တို့ တာဝန်ယူနိုင်ပါတယ်"

"ဟုတ်သားပဲ ကိုကိုပါ၊ ဖျင်းလို့ ညံ့လို့ ကျကျန်တာမှ မဟုတ်ဘဲ။ မက်ထရစ်အောင်ပြီး ဆက်တိုက်ကျောင်းတက်နေရင် ကိုကိုပါလည်း ခိုင်နဲ့အတူ ဘီအေရောက်နေရောပေါ့၊ ခုတော့ ဦးလေးဘကွမ်းကိစ္စ ဝင်ဖြစ်တာကို:"

"ခိုင်အခု ဘီအေနောက်ဆုံးနှစ်နော်"

ခိုင်က အပ့ါမေးခွန်းကို ခေါင်းငြိမ့်ဖြေလိုက်၏။

"ဟုတ်တယ် . . . အပါ၊ အန်တီအေး မောဘဲလ်နဲ့တွေ့ရင် ပြောပြပြီး အပ့ါကို ဒီခေါ်ထားမယ်၊ ခိုင်နဲ့လည်း အဖော်ရတာပေါ့"

ဒေါ်အေးအေးကလည်း စိတ်ပါလက်ပါ ဝင်ရောက်ပြောပြန်သည်။

"ဖြေးဖြေးပေါ့ အန်တီရယ်၊ ကျွန်တော်အနေနဲ့က မေမေဟာ ဖေဖေထောင်ထဲရောက်ကတဲကသူ့စီးပွားသူရှာရတာတစ်မျိုး၊ ဖေဖေလွတ်အောင်လို့

ငွေကိုရေလိုသုံးရလို့ ငွေကုန်ကြေးကျများတာ တစ်မျိုး၊ အမျိုးမျိုး ဒုက္ခတွေ ရင်ဆိုင်ရချိန်မှာ မေမေ့ကို ထပ်ပြီး ဒုက္ခတွေမပေးချင်ဘူး။ ဒါကြောင့် ကျွန်တော့် ဘာသာ ကျွန်တော် အလုပ်လုပ်ပြီး၊ ကျောင်းတက်နေတာ တဖြည်းဖြည်း တော့ ဘီအေ အောင်လိမ့်မပေါ့"

ဦးဖေမောင်ရော ဒေါ်အေးအေးပါ သက်ပြင်း ပြိုင်တူချလိုက်ကြသည်။

"ဦးလေးမောင်နေထိုင်မကောင်းတုန်း အပေါ့အတွက် စိတ်မပူပါနဲ့ စိတ်အေးလက်အေးနေပါ"

"အေးပါကွယ် – မေဘဲလ်ကိုပြောလိုက်ပါ၊ ဦးလေးနေကောင်းရင် ထောင်ထဲသွားပြီး ကိုဘကွမ်းကိုတွေ့အုံးမယ်လို့။ တစ်ယောက်ဖြစ်သွားတာ တော့ ဖြစ်သွားပြီ၊ သူကံရှိရင်လဲ လွတ်လိမ့်မပေါ့၊ နောက်ထပ်သာ မေဘဲလ် ရော အပါရော စိတ်ပန်းကိုယ်ပန်းဖြစ်ကြစေနဲ့"

အပါက ခေါင်းငုံ့နေလေသည်။

"ခိုင် . . . တော်လွန်းလို့ ဘီအေအရောက် တစ်နှစ်တစ်တန်းအောင် တာမှမဟုတ်ပဲ၊ တကယ်ဆို ကျောင်းမှာတုန်းက ကိုကိုပါက ခိုင်ထက် တောင်သချ်ာတော်သေးတယ်။ ခိုင့်အဖို့က ကျောင်းနေရတာ အားလုံးပြည့် စုံတယ်။ ထမင်းလက်ဆေးစားပြီး ကျောင်းတက်ရတာပဲ။ ဒါမှ မတော်ရင် လည်း လဲသေဖို့ပဲရှိတယ်။ ဖေဖေသာ ကိုကိုပါ့ဖေဖေလို တစ်ခုခုကြောင့် ထောင်ထဲဘာထဲရောက်နေစမ်းပါလား ခိုင်လဲ စိတ်ညစ်လို့စာမေးပွဲတာ ဘုံးဘုံးကျမှာ"

ခိုင်က ဘယ်လို ရည်ရွယ်ချက်နှင့် ပြောလိုက်သည် မသိ။အေးအေး သည် ပါးစပ်ဟသွားကာ ဦးဖေမောင်ကမူ တုံ့ခနဲမျက်နှာဟန် ပြောင်းသွား၍ သမီးမျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

☺ ပြီးစာပေ ☺

"အို . . . ခိုင်ကလဲ မဦးမချွတ် ပြောတော့မယ်"

အပါက ခိုင်ကိုပြောလိုက်လျှင်၊ ခိုင်သည် မျက်နှာထားခပ်တည်တည်နှင့်ပင်။

"ဥပမာပြောပြတာပါ ကိုကိုပါရာ"

ဟု ဆိုလိုက်၏။

"ကဲ . . . ဦးလေးမောင်ရော အန်တီအေးရော အပါပြန်တော့မယ်၊ အလုပ်ဆင်းစရာရှိသေးတယ်၊ ညဥ့်ဘက်အားတော့ အပါခဏခဏလာခဲ့မယ် . . ."

အပါနေရာမှ ထလိုက်လျှင်၊ နှင်းပန်းခိုင်သည်လည်း . . . ဆရာမရှေ့တွင် လျှိုး၍သွားကာ အပါနောက်သို့လိုက်လာခဲ့သည်။

အပြင်သံဆွဲတံခါးဝအနီးသို့ ရောက်လျှင် အပါသည် နှင်းပန်းခိုင်၏ ပခုံးလေးနှစ်ဘက်ကို လက်ဆန့်တန်းခါ ကိုင်ထားရင်း မျက်နှာကို စေ့စေ့ကြည့်၍ ပြောလိုက်၏။

"ဘယ့်နဲ့စကားတွေ ပြောတာလည်းခိုင်"

"ကိုကိုပါမသိဘူးနော်၊ ဖေဖေဟာ တဇွတ်ထိုးကြီး ဖေဖေသာ လူသတ်ရင်၊ ခိုင်ဟာ အပါလို အဖေမဲ့ပြီး ကသီလင်တဖြစ်ရမှာပဲလို့ တိုက်ရိုက်မပြောချင်လို့၊ ခုလိုနားမလည်ဟန်နဲ့ ပြောလိုက်ရတာ၊ ဘယ်မဦးမချွတ်ပြောချင်မလဲ . . ."

အပါက သက်ပြင်းချလိုက်၏။

"မင်းတို့မိသားစုကို မြင်ရတာ၊ ကိုယ်သိတ်ကြည်နူးတာပဲ ခိုင်ရယ်၊ မင်းဟာတကယ် ကံကောင်းတာပဲနော်၊ လူတစ်ယောက်ဟာ အုပ်အုပ်ထိန်းထိန်းအကွပ်အကဲနဲ့ ကြီးသွားရတာနဲ့၊ အကွပ်မရှိ ဘရမ်းဘတာ ကြီးပြင်းရတာဟာ မတူဘူးနော် . . ."

◙ ပြီးစာပေ ◙

အပါမျက်လုံးများသည် တကယ်ပင် ကြေကွဲ နေပုံရလေသည်။ နှင်းပန်းခိုင်သည် အပါ၏မသပ်ရပ်သော ဆံပင်များကို ကြည့်ရင်း သူ့မျက်နှာပါညှိုးသွားတော့သည်။

"ကိုကိုပါ ဒါလောက်စိတ်မညစ်ပါနဲ့ကွယ်၊ ကိုကိုပါက ယောကျ်ားလေးဖြစ်ပြီး ဒါလောက်စိတ်ညစ်ရင်၊ ကိုကိုပါ့မေမေက မိန်းမသားမို့လား၊ ပိုဆိုးမှာပေါ့ . . . "

"ဖေဖေကြောင့် ကိုယ်လည်းစိတ်တင်းပါတယ်။ ခိုင်မသိတာတွေ အများကြီးရှိသေးတယ်။ ဝတ်လုံတော်ရဦးကျော်ခေါင်ကတော့ အမှုသွား အမှုလာအရဆိုရင် ဖေဖေဟာ ကြိုးဒဏ်က မလွတ်နိုင်ဘူးတဲ့၊ ဒါပေမယ့် မေမေ့ကို ဒီအကြောင်းကို ဖွင့်မပြောဘူး၊ နေရသမျှလောကမှာ အမြတ်ဆိုပြီး အမှုကိုဒါလောက်ရှည်အောင်ဆွဲထားနိုင်တာ မေမေ့ကြိုးစားမှု ပဲ၊ ကဲ – အပါသွားမယ်နော်ခိုင် . . . "

"ဟုတ်ကဲ့ . . . ကိုကိုပါ ဘာမှအားမငယ်နဲ့၊ မေမေတို့ဖေဖေတို့ကို ကိုကိုပါ့အဖေအရင်းလိုအားကိုးနိုင်တယ်၊ ခိုင်ဟာ ကိုကိုပါရဲ့ နှမတစ်ယောက်ပဲ ဘဝအကြောင်းလို့ဖြေပါကွယ် . . . "

အပါသည် ခိုင်ပခုံးမှ လက်ဖြေချကာ၊ အပြင်ထွက်သွားတော့သည်။ တစ်နေ့လုံးလိုလို အလုပ်လုပ်နေရသော်လည်း၊ မျက်စေ့ထဲတွင် နံနက်ခင်းက မြင်ခဲ့ရသော ဦးဖေမောင်တို့မိသားစု ဆက်ဆံပုံလေးများသည်၊ မျက်စေ့ထဲမှ မပျောက်နိုင်အောင် ဖြစ်နေ၏။ ကြည်နူးသလိုလို ကြေကွဲသလိုလို ဝေဒနာက ပေါ်လာတိုင်း အလုပ်ခန်းထောင့်တွင် ကိုယ်ကို ပစ်လှဲကာခွေ၍နေလိုက်ချင်တော့သည်။

ဖေဖေ့ကို လွမ်းလာသည်။ လွမ်း၍ ထောင်ဝင်စာခံကာ သွားရောက်တွေ့ဆုံတိုင်းလည်း အချုပ်အချယ်ဟူသော တံတိုင်းကြီးက သားအဖနှစ်

ယောက်အကြားတွင် ကာဆီးထားသောခါ အလွမ်းမပြေဘဲ ပိုဆိုးသော ဝေဒနာ ကို ခံစားရင်း ပြန်ခဲ့ရ၏။ ဤသံတိုင် ဤအုတ်နံရံတံတိုင်းကြီးများကို သူ့ လက်နှင့်သာ ဖြိုခွဲချိုးဖဲ့ဖျက်ဆီးပစ်လိုက်ချင်သည်။

ယခင်ကတော့ တစ်နေ့ဖေဖေ့ကို ပြန်လည်တွေ့ရအုံးမည်ဟူသော မျှော်လင့်ချက်လေးက သူ့စိတ်ကိုတင်းထား၏။ မေမေ့ကို သူကပင် အားပေးခဲ့သည်။ ဝတ်လုံဦးကျော်ခေါင်နှင့် တွေ့ပြီးကတည်းက မျှော်လင့်ချက်နှင့် တင်းထားသော ကြိုးလေးသည် ပြတ်၍သွားခဲ့သည်။ သူ့စိတ်ကိုသော်မှ သူအနိုင်နိုင်အားခဲခါ လှုပ်ရှားနေရသည်။ မေမေ့ ကိုမကြည့်ရက်၊ မေမေ့ကို မျက်နှာချင်းမဆိုင်ချင်၊ တစ်နေ့သော် ချစ်လင်ပြန်၍ လွတ်လာလိမ့်နိုးနှင့် အချိန်ရှိသ၍ ငွေရှာလှူရှာလှူပါ အားသွန်ကြိုးပန်းနေသော မေမေ့မျက်နှာ ကို မြင်လိုက်တိုင်း သူ့ရင်ထဲတွင် ဆို့သွားသည်။

"မေမေ မသိရှာလေခြင်း" ဟူ၍ တွေးမိလိုက်တိုင်း ယောကျ်ား တန်မဲ့ဟစ်၍ ငိုလိုက်ချင်သည်။ ခုတော့သားအမိနှစ်ယောက် ဆုံကြတိုင်း ဘစ်ယောက်အပူတစ်ယောက် မြိုသိပ်ခါ၊ ကြိုးစား၍ ပြုံးနေကြရသည်။

"ဒါလင်"

ယခင်က သူအိပ်ရာထဲက မထခင်တွင်ပင် တစ်ဘက်ခန်းမှ မေမေ့ အသံသည် ကြည်ကြည်လင်လင် ပေါ်လာခဲ့၏။ သူတို့အိမ်၏ အခန်းတိုင်း လိုလိုတွင် မေမေ၏ပြုံးသော မျက်နှာသည်ပန်းပွင့်လို တန်ဆာဆင်ခဲ့၏။ မေမေ၏ ချိုရွှင်သော အသံသည် ဂီတလို မြူးပြီးကြည်နူးစရာကောင်းခဲ့၏။

သူအိပ်ရာမှနိုးချိန်တွင်၊ ဖေဖေမေမေနှင့် အဘွားသည် သူ့အား ကော်ဖီစားပွဲမှ စောင့်နေကြလေပြီ။

မေမေသည် အစေခံထက်သူလက်ရာကို အားကိုးသည်။ နံနက် ခင်း ကော်ဖီစားပွဲကို သူကိုယ်တိုင် ပြင်ဆင်ထားသည်။

◎ ပြုံးစာဝေ ◎

ယောက္ခမအတွက်လည်း မြန်မာလူကြီးကြိုက် ပဲပြုတ်ဆီဆမ်း ငါးချောက်ဖုတ် ထမင်းလျော်ကို အဆင်သင့်လုပ်ထား၏။ လင်အကြိုက် ပေါင်မုန့်ကင် သစ်သီးယိုနှင့် ထောပတ်ကိုလည်း အဆင်သင့်ပြင်ထားသည်။ သူကတော့ ဘွားဘွားအတွက်ရော ဖေဖေ့အတွက်ပါ ပြင်ထားသမျှအားလုံး စားရသည်ချည်းပေ။ စားပွဲလယ်တွင်ပြင်ထားသောပန်းအိုးမှ နှင်းဆီပန်းများလို မေမေ၏ပြုံး၍ တက်ကြွသောမျက်နှာသည် အိမ်သား အားလုံး၏ နံနက်ခင်းအလုပ်စချိန်ကို တက်ကြွလာအောင် အားပေးနေသလို ဖြစ်ခဲ့၏။

ဖေဖေအဖမ်းခံရစဉ်ကတည်းက မေမေ့မျက်နှာတွင် နှလုံးသားမှလာသော အပြုံး၏ အရိပ်ရောင်ကို မမြင်ရတော့ပေ။ သူ့ကိုမြင်၍ ကြိုးစားပြုံးနေသော မေမေ၏ နှုတ်ခမ်းလေးများကို သူဆွဲယူ၍ ဖျစ်ပစ်လိုက်ချင်သည်။ ထိုအပြုံးကို မမြင်ရက်ပေ။ မေမေသည် ယခင်ကဲ့သို့ အိမ်တွင် သွက်လက်စွာ မလှုပ်ရှားတော့ပေ။ ယခုတော့ အိမ်သည် မစုပ်သောပျားတို့ ပျံလေကုန်ပြီးသော ပျားအုံကဲ့သို့ သွေ့ခြောက်တိတ်ဆိတ်လွန်းလှချေတကား။

မေမေသည် အင်္ဂလိပ်မြန်မာ ကပြားမို့ ခေတ်မီသည်။ အနောက်ဆန်သည်။ ဖေဖေ့ကို ချစ်သည်ဟူသော အချစ်က သူ့စည်းစိမ်နှင့် ဆွေမျိုးကိုစွန့်ကာ လင်တစ်မျက်နှာ တစ်ရွာထင်၍ ဖေဖေ့အား လက်ထပ်ခဲ့သူဖြစ်လေသည်။ ယခုတော့ မေမေ့ ဆွေမျိုးများက သူ့ကိုပို၍ လက်ညှိုးထိုးစရာ အချက်ရလာသည်။ "လူသတ်ကောင်မယား" ဖြစ်လာ၍ မေမေ့ကိုပို၍ နှိမ့်ချလာကြ သည်။ တဂျုံးဂျုံးနှင့် ရိုက်နေသော၊ စက်ရိုက်သံထွက်လာမှပင် သူသည် အလုပ်ခန်းတွင် ရှိနေသေးသည့်အဖြစ်ကို ပြန်လည်သတိရလာသည်။ ညနေစောင်း၍ အပြင်တွင် နေရောင်ပျောက်မှပင်၊ သူအိမ်ကို ပြန်လာခဲ့၏။ အဘွားက ဧည့်ခန်းကုလားထိုင်တွင် ထိုင်ကာ ပုတီးစိတ်ရင်း သူ့ကို စောင့်နေသည်။

❀ ပြီးပါပြီ ❀

"ငါ့သားကြီး မိုးချုပ်လိုက်တာ၊ ဘွားဘွားထမင်းမစားသေးဘူး"

"ဟုတ်ကဲ့ဘွားဘွား မေမေပြန်မလာသေးဘူးလား"

"မင်းမေမေလဲ အလုပ်များသားလား"

"ဟုတ်တယ် ခုတလော မေမေပြန်လာတာတွေ မိုးချုပ်တယ်၊ မေမေ့ကို မစောင့်ပါနဲ့ အဘွားရယ်။ သားရယ် ဘွားဘွားရယ် ထမင်းစားနှင့်တာပေါ့"

သူသည် အဘွားအေးကုလားထိုင်တွင်ဝင်ထိုင်ရင်း အဘွားကြီး၏ လက်ကို ဆုပ်နယ်လိုက်၏။ အဘွားသည် လက်မှပုတီးကို ဆက်စိတ်ရင်း ပါးစပ်မှ တွတ်တွတ်၊ တွတ်တွတ်နှင့် တစ်စုံတစ်ရာကို ရွတ်နေလေသည်။

သူသည်လည်း ရင်မှမွေးသော သားအတွက် ဘယ်မှာလျှင် စိတ်ချမ်းသာပါတော့မည်နည်း။

*

ဦးဖေမောင်ဒဏ်ရာသည် သုံးပတ်လောက် အတွင်းတွင် ပျောက်သလောက်ဖြစ်၍ သွားလေသည်။ အိမ်တွင် နှစ်ပတ်လောက်အနားယူပြီး ရုံးတက်ရန် ပြင်ဆင်နေတော့သည်။

နဖူးမှ ဒဏ်ရာသည် ပျောက်ကင်း၍ အနာရွတ်ရေးရေးသာ ကျန်ခဲ့သော်လည်း အသည်းနှလုံးက ဒဏ်ရာကမူ မပျောက်ပေ။ မြင်ရသော ဒဏ်ရာထက် မမြင်ရသော ဒဏ်ရာက ပို၍ နက်သည်။ ကုစားရန်အတွက်လည်း ဆေးဝါးက ရှာ၍မရပေ။ ဤဒဏ်ရာကား ပြင်ပလူကု၍မရ၊ မိမိဘာသာ ကုရမည်ကို ဦးဖေမောင်မေ့၍ နေလေသည်။

ရုံးတက်မည့်နေ့တွင် သူအစောကြီးထသည်။

◉ ပြီးပါပြီ ◉

အေးအေးသည် ယခင်ကလောက် စကားကိုလည်း ရဲရဲမပြောရဲ အရိပ်အခြေ ကြည့်၍သာ လင်ကိုပြုစုရသည်။ မထင်လျှင် မထင်သလို ဒေါသပေါက်ကွဲလာတတ်သော ခင်ပွန်းသည်အား သမီးကြီး အပျိုအရွယ် ရောက်မှပင် မျက်နှာကြည့် ခစားရသော ဘဝမျိုးဖြစ်လာသည်ကို အေးအေး က ဝမ်းနည်းမိသည်။ ဦးဖေမောင်သည် မျက်နှာသစ်ပြီး မှန်တင်ခုံရှိရာသို့ သွား၏။ အေးအေးက လုပ်စရာရှိသည်ကို လုပ်ပြီးသော်လည်း ဦးဖေမောင် ကို တစေ့တစောင်းအကဲခတ်၍ နေလေသည်။ ဦးဖေမောင်သည် ခါတိုင်း လိုမုတ်ဆိတ် မွေးရိပ်ပြီး မှန်နားမှမခွာ၊ စုတ်တန်လေးတစ်ခုကို ကိုင်၍ နေ လေသည်။

အေးအေးသည် ရပ်၍လည်း ကြည့်မနေရဲ ဘာလုပ်မည်ကိုလည်း သိလိုပေသည်။ နံနက်စာအဆင်သင့် ပြင်ပြီးမပြီးသိရန်၊ ထမင်းစားခန်းသို့ ထွက်လာခဲ့သည်။ ထမင်းစားပွဲတွင် ကော်ဖီနှင့် ကြက်ဥပေါင်မုန့်များ အဆင်သင့် ဖြစ်နေလေသည်။ အေးအေးသည် အိပ်ခန်းရှိရာသို့ ပြန်ဝင်လာခဲ့ ၏။ ခန်းဆီးကို အသာမ၍ အထဲဝင်ရပ်လိုက်သည်။ ဦးဖေမောင်သည် မှန်ပေါ်တွင် ရေးသောဆေးဖြင့် မှန်သားထိပ်တွင် စာတစ်ကြောင်းကို ရေး၍နေ လေသည်။ စာမှာ ပြီးလုနေသော်လည်း၊ အေးအေးကအနားကပ်၍ မဖတ်ရဲ၊ ဤစာကို လျှို့လျှို့ဝှက်ဝှက်ရေးနေခြင်း မဟုတ်သည်ကိုတော့သိ၏။ ဦးဖေ မောင် ရုံးသွားလျှင် သူသည် ထိုစာတန်းကို ဖတ်နိုင်ပေမည်။

"ကိုကို . . . ကော်ဖီစားပွဲ အဆင်သင့်ဖြစ်ပါပြီ"

"အေး . . . ခုပဲ ကိုကိုလာခဲ့မယ် သွားသောက်နှင့်"

အေးအေးသည် အသာခပ်ကုပ်ကုပ်လေး ထွက်လာခဲ့သည်။

ဦးဖေမောင်သည် ရုံးသို့ထွက်လာခဲ့ချိန်တွင် သူ့ကားသည် အခြား ကားများနှင့်အတူ မြို့ထဲသို့ မောင်းနေ၏။ အခြားလူများ မျက်လုံးတွင်

ဦးဖေမောင်ကားသည် ဘာမှမထူးခြားပေ။ သူ့စိတ်ထဲတွင်မူ အိမ်ထဲတွင် အတန်ကြာအောင်းနေပြီး၊ ပထမဆုံးထွက်လာသော နေ့ဖြစ်၍ သူ့ကိုပင် အားလုံးက ဝိုင်းဂရုစိုက်နေသလို ဖြစ်ခါ မျက်နှာမထားတတ်ပေ။

ပန်းဆိုးတန်းရှိ ရုံးခန်းကိုရောက်မှပင် စိတ်သက်သာရာရသွားတော့သည်။ ရုံးမှ သူ့မင်းစေမှာ အေးအေးကြိုတင် အကြောင်းကြားထားချက်အရ၊ အခန်းဝမှ အဆင်သင့် ဆီးကြိုစောင့်နေသည်။ ဒရိုင်ဘာယူလာသော ဖိုင်တွဲခြင်းကို လှမ်း၍ ယူလိုက်၏။

"ဆရာ . . . အထဲမှာ မင်းကြီးကတော် ဒေါ်စိန်စိန် စောင့်နေပါတယ် . . . "

မင်းစေလေးက သူအခန်းထဲသို့ ဝင်တော့မည့်ဆဲဆဲ ကြို၍ပြောလိုက်၏။ အခန်းထဲတွင် ဒေါ်စိန်စိန်ကို သူအဆင်သင့် တွေ့ရသည်။

ဒေါ်စိန်စိန်သည် သူ၏မိတ်ဟောင်းဆွေဟောင်း တစ်ယောက်ပင် ဖြစ်လေသည်။

"ဆိုပါဦး မစိန်စိန်၊ ကျွန်တော်ဒီနေ့ ပထမဆုံး ရုံးတက်တဲ့နေ့ပဲ ကိစ္စထူးလို့လား . . . "

ဒေါ်စိန်စိန်သည် သူ့ကိုကြည့်စဉ် မျက်ရည်များ ဝိုင်းနေသည်။

"ဝတ်လုံတော်ရမင်း ဒီနေ့မနက် သတင်းစာတွေမဖတ်ရသေးဘူး ထင်တယ် . . . "

"မဖတ်ရသေးဘူး၊ ရုံးရောက်မှ ဖတ်ဖို့ ဟောဒီမှာယူခဲ့တယ်။ ဒီမနက် အလုပ်တစ်ခုလုပ်နေရတာနဲ့၊ သတင်းစာဖတ်နေကျ အချိန်ပျက်သွားတယ်"

ဒေါ်စိန်စိန်သည် ကြိမ်ခြင်းထဲမှ နေရှင်းသတင်းစာကို ဆွဲယူကာ ပထမမျက်နှာကို ထောက်၍ ပြလိုက်၏။

◎ ပြီးစာပေ ◎

ဦးဖေမောင်သည် သတင်းကိုဖတ်ရင်း မျက်နှာမကောင်းဖြစ်သွားတော့သည်။

"ဘယ်လိုဖြစ်တာလဲ မစိန်စိန်"

"ဖိလစ်က ကျွန်မသားပဲ၊ ညကသိတဲ့အတိုင်း မိန်းကလေး သာသာနာပြု ကျောင်းကအလှူဈေးကို သွားကြတယ်၊ ဒီကျောင်းက မိန်းကလေးနဲ့ ကြိုက်နေကြတယ်လို့၊ ကျွန်မလည်း မသိပါဘူး အစ်ကိုကြီးရယ်။ အဲဒီပွဲမှာ သူ့ရည်းစားက တခြားသူငယ်နဲ့ Merry go roung စီးနေကြသတဲ့၊ အဲဒါသူ့အလှည့်ကို မပေးဘူး၊ ညဉ့် ၁၀ နာရီအထိ စောင့်ပြီး သူ့မိန်းကလေးလည်း သူဒေါသဖြစ်၊ ဟိုသူငယ်ကိုလည်း စိတ်ဆိုး၊ ရန်ဖြစ်ပြီး သတ်ကြပုတ်ကြရာက သူက ဟိုသူငယ်ကို ဓားနဲ့ထိုးတာပဲ . . . "

ဒေါ်စိန်စိန်သည် စကားပြောရင်းမျက်ရည်များ စီးကျလာ၏။

"ဆေးရုံရောက်တော့ ဟိုသူငယ်လေးသေသွားတယ်၊ ကျွန်မသားလေး အာမခံလည်း မရတော့ဘူးပေါ့ ဝတ်လုံတော်ရ မင်းရယ်"

ဒေါ်စိန်စိန်က ဆက်ငို၏။

ဦးဖေမောင်စိတ်ထဲတွင်မူ လူသတ်ချင် နေသော ဝတ်လုံတော်ရမင်း ပထမဆုံးရုံးတက်သောနေ့တွင်မှ ဤလူသတ်မှု နှင့် လာကြုံကြိုက်ရလေခြင်း ဟု တွေးနေမိသည်။

ဒေါ်စိန်စိန်က . . .

"ကျောင်းအုပ်ကြီးက ကျွန်မကို Report ပေးသား။ ဖိလစ်ဟာ လမ်းသရဲဂိုဏ်းမှာ ပါနေတယ်ဆိုတာ၊ တစ်ခါက သူ့ခြေအိတ်ထဲမှာ ဓားမြှောင် တစ်ချောင်းဖမ်းမိတယ်။ နောက်တစ်ခါဆို ကျောင်းက ချက်ခြင်းထုတ်ပစ်မယ်လို့ ပြောပါတယ် . . . ကျွန်မ ပေါ့လျော့တာတွေပဲ . . . "

ဦးဖေမောင်သည် ငိုင်နေ၏။

"ဝတ်လုံတော်ရမင်းရယ် . . . ညဥ့်ကတော့ ခေါင်းမီးလောင် နေလို့ စဉ်းစားမရဘူး၊ ဒီမနက်တော့ ဝတ်လုံတော်ရမင်းကို သတိရလို့ ပြေးလာတာပဲ"

"သူ့အဖေရော . . ."

"သူ့အဖေလည်း တဖြစ်တောက်တောက်ပေါ့၊ ခုတော့မင်းကြီးသားတစ်ယောက်လုံး လမ်းသရဲဂိုဏ်းထဲပါတယ်ဆိုပြီး သတင်းစာတွေမှာလည်းပါ၊ သားကလည်း လူသတ်မှု တရားခံဖြစ်ပြန်တော့ သူလည်း ဒီနေ့အပြင်တောင် မထွက်ရဲဘူး . . ."

ဦးဖေမောင်သည် သက်ပြင်းချလိုက်၏။

"ဖိလစ် . . . ဘယ်အရွယ်ရှိပြီလဲ"

"ဆယ့်ခုနစ်နှစ်ထဲမှာ မက်ထရစ်တန်းရောက်နေပြီ၊ ခုခေတ်ကလေးတွေကလည်း၊ ငါ့သားလေး ငယ်တယ်လို့ မိဘမျက်စိထဲ ထင်နေတာ၊ သူတို့က အမောက်တသသ၊ ဒီအောင်းဘီဖင်ကြပ်နဲ့ ရည်းစားကလဲရှိသေး၊ ကျွန်မဖြင့် ဒီကလေးတွေအန္တရာယ်ကို ဘယ်လိုကာကွယ် ရမှန်းမသိဘူး"

"သိပ်လည်း စိတ်မချမ်းမသာ မဖြစ်ပါနဲ့ ဒေါ်စိန်စိန်၊ အရွယ်လည်းငယ် ဒေါသအလျောက်ဖြစ်ကြတယ်ဆိုတော့ အပြစ်ဒဏ်ပေါ့လျော့နိုင်ပါတယ်၊ ကြိုးတို့ဘာတို့တော့ မဖြစ်နိုင်ပါဘူး၊ ကျွန်တော် အစွမ်းကုန်ကျိုးစားပါ့မယ် . . ."

"ကြိုးသာခံရရင်တော့ . . . ."

ဒေါ်စိန်စိန်သည် စကားရှေ့မဆက်နိုင်ဘဲတရှိုက်ရှိုက်နှင့်ငိုရှာသည်။

"ကဲ . . . မောင်ဘမောင် . . . မစိန်စိန်ကို ကော်ဖီပေးပါကွယ်"

ဒေါ်စိန်စိန်သည် လက်ကိုင်ပဝါဖြူနှင့်မျက်လုံးကိုတို့၍ မျက်ရည်များကို သုတ်ပစ်လိုက်၏။

"ဝတ်လုံတော်ရမင်းတော့ စဉ်းစားမိသလား မမိလား မသိဘူး၊ ကျွန်မက စဉ်းစားမိတယ်"

"လူသတ်မှုတွေ . . . "

ဦးဖေမောင်သည် စိတ်ချောက်ချားသလို ရေရွတ်လိုက်၏။ ဖြစ်မှ ဖြစ်ရလေခြင်း၊ ဤမေးခွန်းများနှင့် သူသည် ဘာကြောင့်လာ၍ ဆုံနေပါ သနည်း။

"မမေးနဲ့မစိန်စိန် မမေးနဲ့၊ ကျုပ်ကိုယ်တိုင် လူသတ်ချင်တဲ့လူဗျ"

ဟူ၍ သူစိတ်ထဲမှ ဒေါ်စိန်စိန်ကို စိမ်းစိမ်းကြည့်ကာ ပြန်ပြောနေ မိသည်။

"ငွေလေးငါးကျပ်လောက်နဲ့ လူသတ်တာတွေ ဝတ်လုံတော်ရမင်း သတင်းစာထဲ ခဏခဏ ဖတ်ဖူးမှာပေါ့။ အဲဒီလိုလူတွေအတွက် နေရေး စားရေး ကြပ်တည်းလို့ ဒီလိုဖြစ်မှု ကျူးလွန်တယ်လို့ တချို့ကအကြောင်း ပြကြတယ်။ ကဲ . . . ကျွန်မတို့သားလို စားဖို့လဲ မပူရ၊ နေဖို့လည်း မပူရတဲ့ သူတွေကရော၊ ဘာလို့ ဘာမဟုတ်တဲ့ ကိစ္စလေးတွေနဲ့ လူသတ်ချင်တာလဲ။ ဟင် ခုတလော ကျွန်မသားလို အလားတူကိစ္စတွေ ဝတ်လုံတော်ရမင်း မကြားမိ ဘူးလား . . . "

"ကြားမိပါတယ် . . . "

ဦးဖေမောင်သည် ရှေ့ကို ဘာဆက်ဖြေရမှန်း မသိတော့ပေ။ ငိုင် နေသည်။ အမှုကြောင်းမှလွှဲဖယ်၍ ဒေါ်စိန်စိန်ကမေးခွန်းများ မေးတိုင်း သူ စိတ်သည် လှုပ်ရှားသွား၏။

"ကဲလေ . . . ကျွန်တော် ဒီအမှုကို အစွမ်းကုန် ကျိုးစားပါ့မယ်လို့ မင်းကြီး ဦးစိန်လွင်ကိုလည်း ပြောပြလိုက်ပါ . . . ကျွန်တော်လည်း နေ မကောင်းလို့ နားနေတာဒီနေ့ ပထမဆုံး ရုံးစတက်တဲ့နေ့ပဲ . . . "

◎ ပြီးစာပေ ◎

"ကျေးဇူးတင်ပါတယ် ဝတ်လုံတော်ရမင်းရယ် . . . သားလေးသာ အပြစ်ကလွတ်ပါစေ၊ ကျွန်မရှိသမျှပုံအပ်ပါ့မယ်၊ ခွင့်ပြုပါအုံး . . ."

"ဟုတ်ကဲ့ . . ."

ဒေါ်စိန်စိန်ပြန်သွားမှ အသက်ဝဝရှူမိ၏။ အမှုသွား အမှုလာကို ဘာမှ မစဉ်းစားနိုင်သေးပေ။ သူငိုင်နေရစဉ် တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာသည်။

သူသည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

"ကိုဖေမောင်လား"

"ဟုတ်တယ်"

"အောင်ကျော်စကားပြောနေတယ် ကျွန်တော်မန္တလေးပြန်တော့ မယ်၊ လာနှုတ်ဆက်မလို့ ခင်ဗျားဘယ်မှာရှိမလဲ"

သူသည်ခဏစဉ်းစားပြီးမှပင် -

"မနက်ဖြန်စနေနေ့ ညဥ့်ကို အင်းလျားဟိုတယ်ကို လာခဲ့ပါလား၊ ကျွန်တော်လည်း စကားပြောချင်တာလေး တစ်ခုရှိတယ် . . ."

"ကောင်းပြီ၊ နေကောင်းရဲ့နော်"

တစ်ဘက်မှ တယ်လီဖုန်းကို ချ၍သွားတော့သည်။

မစိန်စိန်က ကုလားထိုင်မှ ထသွားသော်လည်း သူ့စိတ်ထဲတွင် ခုထိသူ့ကို ငုတ်တုတ်ကြီးကြည့်နေသလို ထင်လာသည်။

"ကျွန်မသားက ငယ်ရွယ်သူ အမိုက်မို့ ရည်းစားကြောင့် လူသတ်မိတာ ထားပါဦး၊ ရှင်က ဘာလို့ လူသတ်ချင်တာလဲ . . ."

ထိုမေးခွန်းကို ဒေါ်စိန်စိန်မေးမသွား။ သို့သော် သူ့စိတ်ထဲတွင် ဒေါ်စိန်စိန်က မေးသွားသလို ထင်လာသည်။ သူသည် ချက်ချင်းပင် စားပွဲမှ ထသွားကာ ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်ရ၏။ ဒဏ်ရာကဲ့နေရ၍

ရုံးချိန် ပြောင်းထားရသော အမှုတွဲများကို ဗီရိုထဲမှ ဆွဲထုတ်ကြည့်တော့မှပင် စိတ်ကို အနည်းငယ် ထိန်း၍ ရတော့သည်။

◎ ပြီးပါပြီ ◎

## ၂

လေတွင် ပျံ့ဝဲလာသော ဂီတသည် ညဥ့်ဦးအား ပို၍ သာယာစေလေသည်။ ဆောင်း၏ ညဥ့်ပင် ဖြစ်သော်လည်း အအေးရှိန်သည် မပြင်းလှပေ၊ လဝန်းသည် ထင်းရှူးရွက်များကို ဖြတ်၍ မြေပြင်တွင် ပြိုးပြောက်လှပသော ကနုတ်ပန်းများကို ရေးခြယ်နေဟန်ရှိ၏။ ဂီတသံသည် ဟိုတယ်အပြင်တွင်မှ ငြိမ်းအေး၍ အပန်းပြေစရာကောင်းအောင် ညင်သာလှသည်၊ အင်းလျားကန်စပ်ကို ထိလာသောရေဂယက်များသည်လည်း တီးတိုးစွာ တေးကိုဆိုကာ ဂီတသံနှင့် ယှဉ်ဘက်၍ ငြိမ့်ညောင်းစွာ ကမြူးဟန်ရှိပေသည်။

ကောင်းကင်ရှိ ငွေကြယ်များသည် ရေပြင်ပေါ်သို့ ဆင်းသက်ခါ၊ ကခုန်နေသလိုလိုပင် ရေမျက်နှာပြင်သည်၊ တဖြတ်ဖြတ်တလက်လက် တောက်ပနေတော့သည်။

ဦးဖေမောင်သည် ရေပြင်ကို ရှုးစိုက်ကြည့်နေသည်၊ ရေပြင်အလှကိုလည်းကောင်း၊ ဟိုတယ်ပေါ်မှ တဖြည်းဖြည်း ဆင်းသက်ခါ ကမ်းစပ်သို့

သွားကြသော စုံတွဲများကိုလည်းကောင်း၊ သူ့စားပွဲမှ ထင်ထင်ရှားရှားမြင်ရသည်၊ သူ့စားပွဲနောက်ရှိ သစ်ပင်ကိုင်းထက်ပေါ်မှ ရောင်စုံမီး အလှသည် သဘာဝလမင်း၏ အလှရောင်ကို ဖျက်ဆီးပစ်၍ နေလေသည်။

သို့သော် ပူလောင်နေသော ဦးဖေမောင်နှလုံးသားသည် ထိုမျှသာယာသော ကန်ရေပြင်နှင့် လမင်း၏ ရောင်ခြည်အလှကို မကြည့်တတ်တော့ပေ။ သူ့အပါးတွင် မိတ်ဆွေတစ်ယောက် ရောက်လာ၏။

"ဦးဖေမောင်"

မိတ်ဆွေ၏ ခေါ်သံကြားမှ နဖူးကို လက်နှင့် စမ်းနေသော ဦးဖေမောင်သည် ဖျတ်ခနဲ လန့်သလိုဖြစ်သွား၏။ ပြီးမှ မိတ်ဆွေကို မော့ကြည့်လိုက်ရ၏။ သူ့မိတ်ဆွေမှာ မြောက်ပိုင်း ရဲမင်းကြီးတစ်ဦးဖြစ်သော ဦးအောင်ကျော်ဖြစ်လေသည်။

"ဩော် . . . ထိုင်လေ ဦးအောင်ကျော်၊ ကျွန်တော် အစဉ်းစားလွန်သွားတာ နဲ့ဆီးမကြိုဖြစ်ဘူး"

"ဒီနေရာလေးက တော်တော်အေးတယ်ဗျာ၊ လကလည်း သာလိုက်တာနော်၊ ခင်ဗျားလရောင်ကို ကြည့်ပြီး အတွေးနယ်ချဲ့နေတယ်ထင်တယ်"

ဦးအောင်ကျော်က၊ ကန်ရေပြင်ကို တချက်ငေးကာ ပြောလိုက်၏။

"ဘာ . . . လရောင် . . . လရောင်က ဘာဖြစ်လို့လဲ"

ဦးအောင်ကျော်သည် ခေါင်းတငြိမ့်ငြိမ့်လုပ်ကာ၊ စိတ်မကောင်းသည့် ဟန်နှင့် ဦးဖေမောင်မျက်နှာကို ကြည့်လိုက်၏။ သူသည် ဦးဖေမောင်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်လိုက်သည်။

"ခုလိုခင်ဗျား ပြောတာကြားပြီး၊ ခင်ဗျားကို မြင်ရတော့၊ အင်္ဂလိပ်ကဗျာဆရာကြီး ဝီလျံဝေါ့(စ်)ဝေါ့(သ်) ပြောတာသွားသတိရတယ်ဗျာ၊ The

world is too much with us ဆိုတဲ့ အပြောကျယ်သော လောက ကမ္ဘာထဲမှာ ကျွန်တော်တို့ လူသားတွေဟာ စီးပွားရေး၊ တန်းခိုးအာဏာ ရရှိရေး၊ စားရေးဆိုတဲ့ ပြဿနာတွေ လောဘဇောတွေနဲ့ဟာ၊ ကျွန်တော်တို့ နှလုံးသားတွေကို ဖုံးနေတော့၊ နှလုံးသားတွေဟာ မီးအအုံးခံရပြီး၊ သဘာဝ သွေးသားတွေ ပျောက်ကွယ်တဲ့အခါ၊ တစ်ခါတစ်ခါ အင်မတန်သာယာတဲ့ သဘာဝအလှကို မခံစားတတ်တော့ဘူး။ မြတ်နိုးရမှန်းမသိတတ်တော့ဘူး၊ ကျွန်တော်တို့အသည်းနှလုံးတွေဟာ သဘာဝအလှနဲ့ လမိုင်းမကပ်တော့ဘူး ပေါ့လေ . . . အဲဒါလူဖြစ်ရှုံးနည်း တစ်မျိုးပဲ"

ဦးအောင်ကျော်ပြောဟန်သည် ရဲမင်းကြီးတစ်ယောက်အသွင်နှင့် ပင်မတူပေ၊ ကဗျာဆရာကြီးတစ်ယောက်ဟန် ပေါက်နေ၍ ဦးဖေမောင်သည် ဟက်ဟက်ပက်ပက် အားရပါးရ ရယ်လိုက်၏။

"အေးဗျာ . . . ၊ ကျွန်တော်ဟာ အသားစား လူရိုင်းကြီးပေါ့။ ကျွန်တော်ကတော့ ကန်ရေပြင်ကြည့်ပြီး ကျွန်တော်နဖူးလက်နဲ့ စမ်းမိနေတာ၊ ဒီအမာရွတ်မြင်တိုင်း ကေဝင့်ပုဏ္ဏားဖြစ်နေပြီ၊ ကေဝင့်ပုဏ္ဏားကတော့ အမာ ရွတ်မြင်လေ မဟော်သတိရလေ၊ ကျွန်တော်ကတော့ အမာရွတ်မြင်လေ ကျော်ညွှန့်ကို သတိရလေပဲ"

"အင်း . . . အင်း . . . ကျွန်တော် သတင်းစာထဲ ဖတ်ရတော့ အတော်ကို စိတ်မချမ်းသာမိဘူး၊ ကျွန်တော်လူတွေကို တရားမပြချင်ပါဘူး ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဟာ သူများကို ပြောကြဟောကြ ဆုံးမကြပေမင့် ကိုယ်ကိုယ်တိုင် ခံစားရတဲ့အခါ ဘယ်လိုနေမလဲဆိုတာတွေး မိလို့ပဲ။ ဒါပေမယ့် ကျွန်တော်တို့လည်း တဖြည်းဖြည်း အရွယ်ထောင့်လာပြီ၊ တတ်နိုင်သလောက် ကျွန်တော်တော့၊ ကျွန်တော့ နှလုံးသားကို အေးအောင် နေတယ်၊ ခုကဗျာတွေ ဝတ္ထုတွေ၊ ဖတ်ဖတ်နေတယ်၊ ပဝ်စင်သွားရင်လဲ ကျွန်

တော်တော့ ရေးဟောင်းစာပေတွေ ပြန်လေ့လာဦးမယ်။ သူတို့လောကထဲဝင် အောင်းလိုက်ရတဲ့ တခဏလေးမှာ နှလုံးသားဟာ အေးမြပြီး တစ်ဖန်လန်း ဆန်းလာသလိုလို ခံစားမိတယ်"

"ကဲဗျာ တစ်ခုခု စားရအောင် ဘာစားမလဲ၊ ရာသီဥတုက အေးနေတယ်၊ ခင်ဗျားအဖို့အေးနေမယ်"

"မအေးဘူး ကိုဖေမောင်၊ လိမ္မော်ရည်ပဲ သောက်ရအောင်၊ ခုဒီကို ကျွန်တော်မလာခင်နည်းနည်းစားပြီးပြီ"

ဦးဖေမောင်သည် ခပ်လှမ်းလှမ်းရှိ စားပွဲထိုးကို လှမ်းခေါ်လိုက်ကာ၊ လိမ္မော်ရည်မှာလိုက်၏။ ဦးဖေမောင်၏ မတည်မငြိမ်ဖြစ်နေသော စိတ်မှာ သူ့မျက်လုံးများကို အထူးလျှပ်ရှား၍ နေစေသည်။

စားပွဲထိုးလေး လာချသော လိမ္မော်ရည်ကို ကြုံရှိုးစုပ်ရင်း၊ ဦးအောင်ကျော်သည် ကန်ရေပြင်ကို ငေးနေ၏။ သူကမူ ဟိုတယ်အဝကို ငေးနေသည်။

"ကျွန်တော်ခင်ဗျားကို ဒီမှာ ချိန်းရတာက၊ အိမ်မှာ ချိန်းပြီး စကား ပြောလို့ မတော်တဆ အိမ်သားတွေက ကျွန်တော် မန္တလေးလိုက်မယ်ဆိုတာ ကြားသွားရင်ပြီးရော၊ မေမေတစ်ခါထဲ အိပ်ရာထဲလဲမယ်"

"ကျွန်တော် အပြန်ကို ခင်ဗျားလိုက်မလို့လား"

"ဟုတ်တယ် ကိုအောင်ကျော်၊ ကျွန်တော်ပုပ္ပားကို သွားလည် မယ်လို့ ပြောပြီး ခင်ဗျားနဲ့ လိုက်ခဲ့မယ်၊ ပြီးမှ မြစ်ကြီးနားကို ကျွန်တော့် ဖာသာ တက်သွားမယ်"

ဦးအောင်ကျော်သည် ဦးဖေမောင်ကို ကြည့်ရင်း၊ သက်ပြင်းချ လိုက်၏။

"ကိုဖေမောင်"

◎ ပြီးစာပေ ◎

သူခေါင်းသည် အတော်လေးလေးနက်နက်ရှိသလို၊ သူ့မျက်လုံးများသည်လည်း ဦးဖေမောင် နှလုံးသားကိုပင် ထိုးဖေါက်ဝင်မတတ် စူးစိုက်ကြည့်နေ၏။ ဦးဖေမောင်ကလည်း သူ့ကို ပြန်ကြည့်နေသည်။

"ခင်ဗျားနဲ့ကျွန်တော်ဟာ၊ ငယ်သူငယ်ချင်းပဲ ကိုဖေမောင်၊ ခင်ဗျားဒုက္ခရောက်ဖို့ကိစ္စကို ကျွန်တော် အားမပေးနိုင်ဘူး။ ခင်ဗျား ကျွန်တော့ဆီသက်သက်အလည်လာမယ်ဆိုရင်တော့၊ ကျွန်တော် အချိန် မရွေးခေါ်သွားဖို့အဆင်သင့်ပဲ၊ ကျော်ညွှန့်ဆီလိုက်သွားဖို့ကိုတော့ဖြင့် ကျွန်တော် မခေါ်နိုင်ဘူး။ ဘယ်နည်းနဲ့ဖြစ်ဖြစ် ကျွန်တော်အစွမ်းရှိသမျှ တားရလိမ့်မယ်"

"ဒီမှာ၊ ကိုအောင်ကျော်၊ ခင်ဗျားပြောသလို ကျွန်တော်ကလဲ ပြန်ပြောရဦးမယ်၊ ကျွန်တော်ဟာ ခင်ဗျားရဲ့ အချစ်ဆုံးသူငယ်ချင်း တစ်ယောက်၊ ကျွန်တော့်အကျင့်ကို ခင်ဗျားအသိဆုံး။ တစ်ခုခုကို ကျွန်တော် လုပ်ချင်မိပြီဆိုရင် ငယ်ငယ်ကတည်းက ဘယ်သူတားလို့မှ မရခဲ့ဘူး ဆိုတာ ခင်ဗျားသိမှာပေါ့"

"မှန်တယ်လေ၊ ဒီတော့ခင်ဗျားအကျင့်ကို ခင်ဗျား မဖျောက်နိုင်လို့ ခင်ဗျားမရောက် ရောက်အောင် မြစ်ကြီးနားလိုက်သွားမယ်ဆိုရင်သွား၊ သွားရမှာက ခင်ဗျားအလုပ်၊ ဘယ်နည်းနဲ့မဆို တစ်နည်းနည်းနဲ့ တားရမှာလည်း ကျွန်တော့် တာဝန်။ အဲဒီတော့ ကျွန်တော်ကလည်းတားရမှာပဲ ဘယ့်နဲ့လဲ"

ယခုတစ်ခါတွင်မူ ဝတ်လုံတော်ရကြီးသည် ငြိမ်သက်၍ နေ၏။ သူ့မျက်လုံးများသည် ရုတ်တရက် ဟိုတယ်ဘက်ဆီသို့ ရောက်သွား၏။

သူကြည့်ရာသို့ ဦးအောင်ကျော်က လိုက်ကြည့်၏။ ဟိုတယ်ဘက်မှ စုံတွဲတစ်တွဲသည် ပန်းခြံသို့ ဆင်းလာကြသည်။ ပန်းခြံထဲရှိ မလင်းတလင်းရောင်စုံမီးပွင့်များ၏ အလင်းရောင်မှိန်မှိန်အောက်မှ ဖြတ်သွားကြသည်။ မိန်းကလေး၏ ဖြူဆွတ်သော အသားမှာ ညဥ့်အမှောင်ရိပ်ကို

လင်းလာသည်ထင်ရအောင်ပင် ထင်ရှားနေလေသည်။ သူဝတ်ထားသော အနက်ရောင် ဇာအင်္ကျီလက်တိုနှင့် ငွေချည်ပန်းများ ဖောက်ထားသောလုံချည်ကြောင့် အသားကိုပို၍ ဖြူဝင်းစေလေသည်။ သူနှင့်တွဲသွားသူမှာ မိန်းကလေးထက် အသက်အတန်ငယ်ကြီးပုံရလေသည်။ မိန်းကလေးသည် ခပ်နွဲ့နွဲ့ ရောက်ကာ ယောကျ်ားလုပ်သူ၏ လက်မောင်းကို မှီ၍ လျှောက်သွားကြသည်။

ဦးအောင်ကျော်ရော ဦးဖေမောင်ပါ သက်ပြင်းချလိုက်သည်။

"မေဘဲလ်"

ဦးအောင်ကျော်သည် မောမောလျှလျှနှင့်ပင် ပါးစပ်မှ အသံထွက်သွားလိုက်မိသည်။

"ခင်ဗျား ဒီမိန်းမကို သိလား ကိုအောင်ကျော်"

"သိတယ် ကိုဖေမောင် ခုန ကပွဲခန်းထဲမှာ သူကနေတုန်းကလည်း သူဟာ အားလုံးထဲမှာ အထင်ရှားဆုံးပဲ၊ မေဘဲလ်ဟာ သူ့ဟန်ကိုက သိမ်မွေ့ပြီး ချစ်ဖို့ကောင်းတယ်၊ သစ်တောဝန်ထောက်ကိုဘကွမ်း မိန်းမလေဗျာ"

ဦးဖေမောင်သည် တစ်စုံတစ်ရာ ဘာမျှမဖြေ၊ အသက်ပင် ရှူမရသလို ရင်ဝတွင်တစ်ဆို့ဆို့ကြီးဖြစ်နေသည်။ မေဘဲလ်ဘယ်လို အဖြစ်ကို များရောက်နေပါလိမ့်။ သူသည်မေဘဲလ်ကိုသိသည် မသိသည် ဘယ်လိုမှ ပြန်မပြောနိုင်သလို ငေးငိုင်ငိုင်ကြီး ဖြစ်နေသည်။

"ခင်ဗျားကလဲ၊ ဟိုကိစ္စ ဖြစ်ပြီးကတည်းက လူထုထူပါတီပွဲတွေကို လျှောက်တက်နေတယ်၊ ခုတလော အရာရှိပိုင်းတွေမှာ မေဘဲလ်ဟာ ရေပန်းစားဆုံးပဲ၊ နဂိုကလဲ ကပြားဆိုတော့၊ မေဘဲလ်ဟာ ချောကိုလည်း ချောတယ်"

"အင်း . . . "

☺ ပြီးစာပေ ☺

ဦးဖေမောင်သည် "အင်း" လိုက်ဖို့ ကိုပင် မနည်းကြိုးစားရသလို မသက်မသာ အင်းလိုက်၏။

"ခုတွဲသွားတာ အငြိမ်းစား တရားဝန်ကြီး ဦးစိန်းမောင်လေဗျာ၊ ခင်ဗျားမသိဘူးလား"

"ဦးစိန်းမောင်ကိုတော့ ကျွန်တော်သိပါတယ်"

"အဘိုးကြီးကတော့၊ မေဘဲလ်ကို အသည်းပဲဗျ။ ဖြစ်များဖြစ်နိုင်ရင် သူ့အဘွားကြီးကို ကွာပြီး တရားဝင်မေဘဲလ်ကို လက်ထပ်ဖို့ အဘိုးကြီးက စီစဉ်နေတယ်။ မေဘဲလ်က ဒါကျတော့ လိမ္မာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအဖြစ်ရောက်သွားရင် ထောင်ထဲက သူ့ယောကျ်ားရင်ကွဲမှာပေါ့"

ဦးဖေမောင်သည် ရင်ထဲမှာ နာကျင်သွား၏။ သူညီမလေး လို့ချစ်ခဲ့သော မေဘဲလ်၊ ယခုမေဘဲလ်အကြောင်းကို ကြားနေရချိန်သည် သူ့အတွက် နားမထောင်ရက်သလို ဖြစ်နေလေသည်။

"စင့်စစ် ကျွန်တော်ကတော့၊ မေဘဲလ်ကိုအပြစ်မတင်ဘူး၊ မေဘဲလ် ခပြင်မှာ ဒါလောက်စွမ်းနိုင်လွန်းလို့ ကိုဘကွမ်းဟာ ဒါလောက်ထောင်ထဲမှာ အသက်ရှည်နေတာ။ ခုဟိုက်ကုတ်ကကြိုးမိန့်ပေးထားတယ်။ အဲဒါမေဘဲလ် က တရားလွှတ်တော်ချုပ်ကို အယူခံဝင်ထားတယ်၊ တရားလွှတ်တော်ချုပ်က လက်ခံမလား ပယ်မလားမသိဘူး"

မေဘဲလ်သည် စီးပွားအပြုတ်ခံပြီး ကိုဘကွမ်း လွှတ်မြောက်ရေး အတွက် လုပ်နေသည်ကိုတော့ ဦးဖေမောင်သိပြီးဖြစ်သည်။ သို့သော် ခုလို လူပုံအပ်သည့်အဖြစ်ကိုတော့ သူမသိသေး။ မိန်းကလေး တစ်ယောက် အကျင့်စာရိတ္တနှင့်ပတ်သက်သည့် ဖောက်ပြန်မှုကို အများနားလျှံမှ အုပ်ထိန်း သူတို့ကြားရစမြဲဖြစ်၏။ ယခုမေဘဲလ်၏ အဖြစ်သည် "ဖောက်ပြန်ခြင်း လော" ဦးဖေမောင် သည် စီးကရက်တစ်လိပ်ကို မီးညှိပြီး ရှိုက်ရှိုက်ဖွာ

လိုက်၏။ ဦးအောင်ကျော်အား စကားပြောရန်ကြိုးစားသော်လည်း စကားလုံးအစား စီးကရက်မီးခိုး များသာ သူ့ပါးစပ်အတွင်းမှ ထွက်လာကြသည်။ စကားလုံးများသည် လည်ချောင်းဝတွင် တစ်နေကြဟန်ရှိသည်။

"အမှန်ကတော့ လှေလှော်ရင်းတက်ကျိုးတဲ့အဖြစ်ဗျ"

ဦးအောင်ကျော်က မေဘဲလ်ဘဝကို သူရှာရသောစကားလုံးနှင့် ဖော်လိုက်၏။

"လှေလှော်ရင်း၊ တက်ကျိုးရတယ်ဆိုတာ လမ်းပေါ်ကငွေစိန်တို့ အဖြစ်ပါဗျာ၊ မေဘဲလ်ဖြစ်တာက သင်္ဘောကြီး နစ်ရတဲ့ဖာတ်လမ်းလိုပဲ"

ဦးဖေမောင်သည် ယခုမှပင် သူ့စကားလုံးနှင့် သူရှာ၍ ရသမျှပြန်ပြောမိသည်။

"လှေလှော်ရင်းပဲ တက်ကျိုးကျိုး၊ သင်္ဘောကြီးပဲနစ်နစ် ချာလည်ချာလည်နဲ့ ကူးကြခက်ကြရတာကတော့ တူတူပါပဲ၊ လမ်းပေါ်ကငွေစိန်တက်ကျိုးတော့၊ ခါးပိုက်နှိုက် ဘတုတ်တို့ရဲ့သားမောင်ပုတို့လက်ထဲ ကလယ်ကလယ်နဲ့ နစ်တာပေါ့။ ကားပေါ်က မေဘဲလ် သင်္ဘောကြီးမြုပ်တော့လဲ၊ တိုက်ပေါ်က ဦးစိန်းမောင်တို့၊ မစ္စတာကယ်လီတို့လက်ထဲ နစ်တာပေါ့ . ."

ဦးအောင်ကျော်ပြောသည်မှာ မှန်ပေသည်၊ ဖာတ်လမ်းဆိုသည်မှာ "ဤဖာတ်လမ်းသည် လမ်းပေါ်နေ အောက်တန်းလွှာတွင်သာ ဖြစ်ရမည်၊ တိုက်ပေါ်နေသော အထက်တန်းလွှာတို့တွင်မဖြစ်ရ" ဟူ၍ မရှိပါပေ။ တိုက်ပေါ်တွင်နေရင်းက ယဉ်ယဉ်လေးနှင့် အိုးတယ်နစ်ရသော ဖာတ်လမ်းများကား တစ်ပုံကြီးတည်း။

**မိန်းမတို့သည် လှေနှင့်ပင်နစ်နစ် သင်္ဘောနှင့်ပင်နစ်နစ် ဦးအောင်ကျော်ပြောသကဲ့သို့ပင် ရေဟူသော ဒုက္ခပြင်တွင် ကူးရသောအခါတွင်မူ မိန်းမတို့သည် မိန်းမသာတည်း။ ခံစားရသော ဒဏ်ကလည်း အတူတူပင်**

ဖြစ်သည်။ ငွေစိန်နှင့်မေဘဲလ်သည် နာမည်သာကွာချင်ကွာမည်၊ နစ်ပုံနစ်နည်း ဇာတ်လမ်းသာကွာချင်ကွာမည်။ ရေနစ်သည်ကတော့ နစ်သည်သာဖြစ်၏။ ရေကမေဘဲလ်ဖြစ်၍ လျော့နစ်မည်မဟုတ်ပေ။

နစ်တော့မည့်ဆဲဆဲ မေဘဲလ်အား ဘယ်လိုလုပ်၍ ကူရပါမည်နည်း။

"ဟင်း"

ဦးဖေမောင်သည် ရှိသမျှလေအားလုံးကို ရင်ထဲမှ မှုတ်ထုတ်သလို၊ သက်ပြင်းကြီးချလိုက်၏။

"ဟိုတစ်ပတ် စနေ ကကြတုန်းက မေဘဲလ်နဲ့ ကျွန်တော်နဲ့ တွဲမိတယ်လေ။ သူက ကရင်း မေဘဲလ်လှုပ်သာ နေရတယ် စိတ်မပါဘူးတဲ့ဗျ။ မေဘဲလ် ကနေဒါမဟုတ်ဘူး လှုပ်နေတာလို့ပြောတော့ကျွန်တော့်ရင်ထဲဆွေးသွားတာတာပဲဗျာ။ ကျွန်တော်လည်း ချက်ခြင်းအကရပ်ပြီး၊ သူ့ကိုဝရံတာဘက်ခေါ်သွားတယ်၊ မေဘဲလ်စိတ်မပါတာကို ခွင့်လွှတ်ပါတဲ့။ သူဟာ ကနေရင်းက သူ့ယောကျာ်းကို သတိရရင်တစ်ခါထဲပစ်လှဲ ပစ်လိုက်ချင်တယ်တဲ့။ အခုလည်း အမှုအတွက် မိတ်ဆွေတစ်ယောက်ကို လာစောင့်ရင်း ပျော်လိုပျော်ငြား ကနေတာတဲ့"

သူတို့နှစ်ယောက်သည် သက်ပြင်းပြိုင်တူချလိုက်၏။ ဦးအောင်ကျော်သည် သူ၏ မေးစေ့ကို ပွတ်သပ်ရင်း တစ်စုံတစ်တစ်ရာကို လေးလေးနက်နက် စဉ်းစားနေ၏။ ဦးဖေမောင်ကလည်း ကန်ရေပြင်ကိုသာ စူးစိုက်ကြည့်ရင်း ငိုင်၍တွေးနေပုံရ၏။

"ဒီမှာ . . . ဦးဖေမောင်"

ဦးအောင်ကျော်သည် ငြိမ်သက်နေသော သူတို့၏ စားပွဲကို အသက်သွင်းလိုက်ပြန်သည်။

◎ ပြီးစာပေ ◎

"ကျွန်တော် ရဲဘက်မှာ အမှုထမ်းစဉ် အတောအတွင်း၊ လူသတ်မှုတွေကို လေ့လာကြည့်တယ်၊ တစ်ခါတစ်ခါ ကြီးကျယ်တဲ့အကြောင်းတွေကြောင့် လူတွေဟာ တစ်ယောက်နဲ့တစ်ယောက်သတ်ကြတယ်၊ တစ်ခါတစ်ခါဘာမဟုတ်တဲ့အသေးအဖွဲ့ ကိစ္စလေးနဲ့ သတ်ကြတာပဲဗျာ"

ဦးအောင်ကျော် စကားဆုံးလျှင် ဦးဖေမောင်က ပြုံးလိုက်၏။

"ဒီလိုရှိသေးတယ် ကိုအောင်ကျော်၊ ဘေးပရိသတ်အမြင်မှာတော့ ဖြစ်ပွားကြတဲ့ ကိစ္စဟာ အသေးအဖွဲ့လေး၊ ခံစားရတဲ့ကာယကံရှင်မှာတော့ အသည်းနိုက်အောင် နာကျည်းကြတဲ့အဖြစ်မျိုးကလည်း ရှိသေးတာကိုး"

ဦးဖေမောင်သည် သူ့အဓိပ္ပာယ်နှင့်သူ လေးလေးနက်နက်ပြန်၍ ပြောလိုက်၏။

"အေးဗျာ တခြားလူကိစ္စတော့ မဆိုလိုပါဘူး၊ မေဘဲလ်တို့ ကိစ္စမှာ အသတ်ခံရတဲ့ ဦးကြော့ရှင်းက မေဘဲလ်နဲ့မိဘများသဘောတူထားတဲ့လူ၊ မေဘဲလ်က ကိုဘကွမ်းကြိုက်လို့ ကိုဘကွမ်းနောက်လိုက်သွားပြီ။ ဒီကိစ္စဟာ ပြီးနေပြီပဲ၊ ဖြစ်ချင်တော့ ဦးကြော့ရှင်းကလည်း ကိုယ့်ဖာသာ မိန်းမယူသွားပြီပဲဟာကို၊ အခုသားကြီး သမီးကြီးတွေရမှ မေဘဲလ်ကို ကြိုက်လှချီရဲ့နဲ့ ရိသဲ့သဲ့ပြန်လုပ်တာကိုး၊ ဖြစ်တဲ့နေ့ တုန်းက နှင်းဆီကလပ်မှာ ကျွန်တော်ရှိနေတယ်။ ဦးကြော့ရှင်းက အတော်မူးနေတာပဲ၊ ကိုဘကွမ်းရဲ့ ကုပ်တွေဘာတွေ ဆွဲပြီးတော့မှ "ရည်းစားလုဘက်ကြီး၊ မေဘဲလ်ကို တစ်နေ့နေ့ရအောင်ပြန်ယူမယ်" နဲ့ဗျာ၊ ပြောလိုက်တာ၊ ကျွန်တော်က ကိုဘကွမ်းဟာ ဘောင်ဆင်သမားမို့ ကလပ်ထဲမှာ ထိုးမလားလို့ . . ."

"အဲဒီတုန်းက ထိုးလိုက်ရင် ဒေါသပြေသွားပြီး သတ်ပွဲအထိ ဖြစ်မယ် မထင်ဘူး"

ဦးဖေမောင်က ဆို၏။

◎ ပြီးစာပေ ◎

"အင်း . . . အဖြစ်က အံ့သြစရာ၊ ကိုဘကွမ်းဟာ ပြုံးပြီး ထွက်သွားတယ်။ နောက်တစ်ပတ်လောက်ကြာမှ ဦးကြောင့်ရှင်းအိမ်သွားပြီး၊ အေးအေးဆေးဆေး စကားပြောရင်း သေနတ်နဲ့ ဆက်တိုက် ပစ်တာပဲ"

ဦးဖေမောင်က ဦးအောင်ကျော်ပြောသော ဇာတ်လမ်းကို သိပြီးဖြစ်၏။ သို့သော် သူဘာမှမသိသလို ငြိမ်သက်စွာ နားထောင်နေ၏။ ကိုဘကွမ်းနှင့် သူတို့ဆွေမျိုးတော်သည်ကို ဦးအောင်ကျော်သိပုံ မရပေ။ ဦးဖေမောင်သည် ဝတ်လုံတော်ရတစ်ယောက်ပင်တည်း။ ဘယ်လိုကျူးလွန်လျှင် ဘယ်လို အပြစ်ခံရမည်ကို သိပြီးဖြစ်သည်။ ဦးအောင်ကျော် ပြောစကားများသည် သူ့အား သတိပေးသလို ရှိသော်လည်း "ပညာတတ်များ မိုက်လာသောအခါ ဆိုဆုံးမရ ခက်လှသည်တကား"။

"အေးလေဗျာ လောကကြီးမှာ ကိုယ်ဖန်တီးလို့ မရတာတွေ အများကြီးပဲနော်. . .၊ ကျွန်တော်တစ်ချီသွားကလိုက်ဦးမယ် . . .၊ နောက်နေ့မှ အိမ်လာပြီး အေးအေးတို့ကို နှုတ်ဆက်မယ်"

ဦးအောင်ကျော်သည် စကားစဖြတ်ခါ အပါးမှ ထသွားလေတော့၏။ ဦးဖေမောင်သည် အရုပ်လို ငြိမ်သက်စွာပင် စားပွဲမှာ ကျန်ရစ်လေသည်။

ညဉ့်နက်လာလေလေ လေမှာ အေးမြ၍အပြင်တွင်တိတ်ဆိတ်လာသည်။ တေးသံသည်အပြင်၏ တိတ်ဆိတ်မှုကို ပို၍ ကြီးစိုး၍လာ၏။ ဦးဖေမောင်သည် စီးကရက်တစ်ဘူးနှင့် နေရာမှ ထမရ၊ ကြားမှဟိုတယ်ဘက်ကို ငေးနေစဉ် မေဘဲလ်တစ်ယောက်တည်း ပန်းရုံများကြားမှာ ဟိုတယ်ဘက်ဆီသို့ သွားနေသည်ကို တွေ့ရ၏။ သူသည် အပြေးအလွှားပင် မေဘဲလ်နောက်သို့ ပြေးလိုက်သွား၏။

"မေဘဲလ် . . . မေဘဲလ်"

သူသည် အသံထွက်အောင် ဟစ်ခေါ်ရင်း ပြေးလိုက်ပြန်သည်။

◎ ပြီးပါပြီ ◎

မေဘဲလ်သည် လှေခါးဝရှိ ကျောက်ခက်ပန်းအိုးလေးဘေးမှ သူ့ဘက်ကို လှမ်းကြည့်လိုက်၏။ သူ့ကို မြင်မြင်ခြင်း မေဘဲလ်ဟန်ကလည်း ရောမတိုင်းဖြစ် ကျောက်ထုရုပ်လိုတစ်ခါတည်း ငြိမ်သက်သွားတော့သည်။ သူသည် မေဘဲလ်ရှေ့မှ မေဘဲလ်မျက်နှာကို စေ့စေ့ကြည့်ခါ ရပ်လိုက်၏။

"မေဘဲလ်"

သူ့အသံများသည် ထိန်းမရအောင်ကို တုန်ရီနေသည်။ မေဘဲလ်ကား အသံမထွက် သူ့နှုတ်ခမ်းလေးများသည် လှုပ်ရှားရန် အားယူနေရသလို တဆတ်ဆတ်တုန်နေသည်။

"မေဘဲလ်"

ယခုတစ်ခါတော့ သူသည် မေဘဲလ်ပခုံးလေးကို ပုတ်လိုက်၏။ မေဘဲလ်သည် ယခုပြန်အလာတွင် သိုးမွေးအနက်ရောင် ဇောင်လေးကို ခြုံထား၍ သူ့ပုခုံးသားများကို မမြင်ရ။

"ကို . . . ကိုမောင်"

မေဘဲလ်သည် တုန်တုန်ရီရီနှင့် တစ်လုံးချင်း ခေါ်လိုက်၏။

"ကိုကိုမောင်ဖြင့် မေဘဲလ်ကို ဒီနေရာမှာ တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ဘူး"

"မေဘဲလ်လည်း ကိုကိုမောင်ကို တွေ့ရလိမ့်မယ်လို့ မမျှော်လင့်လို့ ဒါလောက်အံ့အားသင့်သွားရုံမက ကြောက်လဲကြောက်သွားလို့ စကားချက်ခြင်းပြောမရဘူး ကိုကိုမောင်"

မေဘဲလ်သည် သူ့ကိုမော်ကြည့်စဉ် မျက်ရည်များသည် သူ၏ မျက်လုံးထဲတွင် ပြည့်လာသည်။

"မေဘဲလ် . . . လာ လာ၊ ကိုကိုမောင် မေဘဲလ်နဲ့ စကားပြောချင်တယ်"

◎ ပြီးစာပေ ◎

ဦးဖေမောင်သည် မေဘဲလ်ပခုံးလေးကို ကိုင်ကာ သူ့အရင်စားပွဲရှိရာသို့ ခေါ်သွား၏။

"ကဲ . . . စိတ်ငြိမ်အောင် ကိုမောင်နှမ ကော်ဖီပူပူလေးသောက်မယ် နော်"

သူက စားပွဲထိုးလေးကို ခေါ်ပြီး၊ ကော်ဖီပူပူ မှာလိုက်၏။ ဦးဖေမောင်က "တို့မောင်နှမ" သူသော စကားကို ကြားလိုက်သောအခါ တွင် မေဘဲလ်သည် သွန်ချ၍ ငိုတော့သည်။ သူ့ကိုယ်လေးမှာ သိမ့်သိမ့်တုန်နေသည်။ ပြိုးပြောက်သော လရောင်အောက်တွင်ပင် ငိုနေသော မေဘဲလ်ရုပ်သည် လှပလွန်းလှချေတကား။ သူ၏ မျက်ရည်စွတ်သော မျက်လုံးတို့သည် လရောင်အောက်တွင် ပိုမို၍ တောက်ပနေပြန်တော့သည်။

ဤမျက်လုံးတို့သည် ဆွေမျိုးတော်စပ်၍ မောင်နှမလို ချစ်နေသော ဦးဖေမောင်အတွက် သနားကြင်နာဖွယ်ဖြစ်သော်လည်း တစ်မိမ်းယောကျ်ားတစ်ယောက်အဖို့ တပ်မက်မောဖွယ် ပြင်းပြသော အာသာကို ရှိန်းရှိန်းကြွစေသည့် မျက်လုံးတို့သာတည်း။

ဦးဖေမောင်က

"မေဘဲလ်တိတ်လေ ဒီလိုငိုနေတော့ ကိုကိုမောင်လည်း ဘယ်စိတ်ချမ်းသာမလဲ"

"မေဘဲလ် မငိုအောင် ကြိုးစားပါတယ်၊ ကိုကိုမောင်ရယ် . . . ကိုကိုမောင်နဲ့ မေဘဲလ်မတွေ့ရတာ ကြာပြီ၊ တွေ့မယ့်တွေ့တော့လည်း ခုလိုနေရာမှာဆိုတော့ မေဘဲလ် သိတ်စိတ်ထိခိုက်တာပဲ . . . ကိုကိုမောင်ကိစ္စဖြစ်တုန်းက မေဘဲလ်မလာနိုင်တာ ခွင့်လွှတ်ပါ။ စင်စစ်မတော့ မေဘဲလ်ကိုယ့်လိပ်ပြာကိုယ်မလုံလို့၊ ကိုဘကွမ်းအမျိုးတွေနဲ့ မတွေ့ချင်လို့ရှောင်နေတာ၊ အပါကိုသာ လွှတ်လိုက်တာပဲ . . . "

◎ ပြီးစာပေ ◎

"ဒါတွေအားလုံး ကိုကိုမောင် သိပါတယ်မေဘဲလ်။ ကိုကိုမောင်လေ မေဘဲလ်ကို ခွင့်လွှတ်တယ်။ မေဘဲလ်ကို ကိုကိုမောင် အပြစ်မတင်ဘူး။ ကိုကိုမောင့်ဆီ မလာတာကို ပြောနေတာ မဟုတ်ဘူး။ မေဘဲလ် လုပ်နေတဲ့ အဖြစ်တွေနဲ့ ပတ်သက်လို့ ပြောတာ . . . "

မေဘဲလ်သည် ပါးစပ်လေးအဟောင်းသားနှင့် သူ့ကို ရုတ်တရက် ငေးကြည့်၏။

"ကိုကိုမောင် မေဘဲလ်ကို ခွင့်လွှတ်တယ်နော်"

ဟု ငိုသံလေးနှင့်မေးလိုက်သည်။

"ခွင့်လွှတ်တာပေါ့ မေဘဲလ်ရယ်"

"မေဘဲလ်ကတော့ ဘယ်သူပဲ မေဘဲလ်ကို အပြစ်တင်တင် မေဘဲလ် ခေါင်းငုံ့ခံမယ်၊ ဒါလင်ဟာ ကြိုးကွင်းကြီး လည်စွပ်ပြီး အသတ်မခံရရင်ပြီးတာပဲ၊ ဒါလင်သာ အသက်ရှင်နေမယ်ဆိုရင်၊ မေဘဲလ်အရှက်ကို မက အသက်ကိုပါ ပေးချင်တယ် ကိုကိုမောင်"

မေဘဲလ်သည် ရှိုက်၍ ငိုပြန်သည်။

"တိတ်တော့မေဘဲလ် . . . တိတ်တော့။ ကော်ဖီသောက်လိုက်၊ အစွမ်းကုန် မေဘဲလ်ကြိုးစားနေတယ်ဆိုတာ ကိုကိုမောင်သိသင့် သလောက် သိတယ်။ မေဘဲလ့် အစွမ်းကြောင့် ကိုဘကွမ်းဟာ လူ့ပြည်မှာ နေသင့်တာထက် တာရှည်ပြီး နေရတယ်ဆိုတာကို တွေးမိရင်ပဲ၊ ကိုဘကွမ်း အမျိုးတွေ အနေနဲ့ မေဘဲလ်ကို ကိုကိုမောင် ခွင့်လွှတ်နိုင်ပါတယ်"

မေဘဲလ်သည် ဦးဖေမောင်ကိုယ်တိုင် ဖျော်ပေးသော ကော်ဖီခွက်ကို အသာလက်နှင့် လှမ်းယူလိုက်၏။

"မေဘဲလ်မျက်နှာမပူနဲ့၊ ကိုကိုမောင့်အိမ်ကိုလာ၊ ငွေရေးကြေးရေး လည်း ဝိုင်းကူကြတာပေါ့"

◎ ပြီးစာပေ ◎

"မမအေးဆီမှာ ငွေလိုတဲ့အခါ မေဘဲလ်လာယူပါတယ် . . .၊ တစ်ခုပဲ မေဘဲလ်စိုးရိမ်တယ်၊ သူထောင်ထဲမှာ နေရချိန်အတောအတွင်း မေဘဲလ် အပြင်မှာ နေပုံထိုင်ပုံကို အမိပ္ပာယ်အကောက်လွဲတဲ့ လူတစ်ယောက်ယောက်က သူ့ကို မေဘဲလ် 'ဖောက်ပြန်' တဲ့အနေမျိုးပြောလိုက်မှာ သူသိသွားမှာကို မေဘဲလ်စိုးရိမ်တယ် . . . "

"ကိုကိုမောင်လည်း သူ့ကို သွားတွေ့ဦးမယ် . . . ကြည့်လုပ်တာပေါ့ . . . "

မေဘဲလ်သည် လဝန်းကို မော့ကြည့်လိုက်၏။ သူ့လည်တံသွယ်သွယ်နှင့် မျက်နှာလေးသည် အကျီအနက် အကြားတွင် မဟူရာပန်းဆိုင်းထဲမှ ပဒုမ္မာကြာပွင့်ဖြူလို့ ထင်ထင်ရှားရှား လှပနေလေသည်။ မေဘဲလ်သည် ခေတ္တဦးဖေမောင်ကို မေ့သွား၏။ ဤလဝန်းကို ဤနေရာမှ သူမျှော်ကြည့်ချိန်တွင် သူချစ်လင်သည်လည်း ထောင်ထဲရှိ သံတိုင်ကြားမှ ဤလဝန်းကိုပင် မျှော်ကြည့်နေရှာပေလိမ့်မည်။ ဦးဖေမောင်ကတော့ မေဘဲလ့်မျက်နှာကို ကြည့်ရင်း၊ အပြင်တွင် မေဘဲလ်တစ်ယောက် အရာရှိပေါင်းစုံနှင့် တွဲကနေသည်ဟု၊ ကိုဘကွမ်းသာ သိလျှင် . . . သူသည် ဆက်မတွေးရဲပေ။

"မေဘဲလ်"

မေဘဲလ်သည် သူ့ကိုပြန်ကြည့်၏။

"ဆင်းရဲတယ် ချမ်းသာတယ်ဆိုတာ ကိုယ်က ဖန်တီးလို့ မရဘူး မေဘဲလ်၊ ကိုဘကွမ်းအမျိုးတစ်ယောက်အနေနဲ့၊ သူ့အသက်ရှင်ရေးအတွက် မေဘဲလ်ကြိုးစားတာကို ကိုကိုမောင်ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အင်း"

ဦးဖေမောင်သည် ရှေ့ဆက်ရခက်သလို ပင့်သက်ရှူပြီးမှာ–

"စီးပွားသာပျက်ပစေ၊ လူမပျက်စေနဲ့ဆိုတဲ့စကားလည်း သတိထားဦးပေါ့"

◎ ပြီးစာပေ ◎

"ဟုတ်ပါတယ် ကိုကိုမောင် သူသာလွတ်လာပါစေ။ မေဘဲလ် အဖြစ်တွေကို သိသွားပြီး မေဘဲလ်ကို မပေါင်းချင်တော့ဘူးပဲထား မေဘဲလ် ကျေနပ်ပါပြီ။ ကိုကိုမောင် တကယ့်အချစ်စစ်ဆိုတာ ကိုယ်ဘယ်ဘဝမှာပဲ နေရနေရ ကိုယ့်ချစ်ရသူဟာ ချမ်းမြေ့အေးချမ်းစွာ ရှိနေတယ်ဆိုရင် ကျေနပ်ကြ စမြဲပဲ . . . "

"မင်းထင်သလိုမဟုတ်ဘူး မေဘဲလ်ရေ . . . ၊ အင်မတန်ကို ဘုရားမလို့ဖြင့် မပြောနိုင်ဘူး၊ တို့ဥပဒေ မျက်စေ့နဲ့ ကတော့ မင်းယာကျြား မလွတ်နိုင်ဘူး"

ဦးဖေမောင်သည် ထိုစကားလုံးများကို ပါးစပ်မှ ထုတ်၍ မပြော ရက်ပေ။ ပြောနိုင်သော်လည်း သူသတ္တိမရှိပေ။

"ကဲ . . . ညဥ့်နက်ပြီ၊ မေဘဲလ်ကို ကိုကိုမောင်လိုက်ပို့ ရမလား"

"မပို့ပါနဲ့ ကိုကိုမောင်၊ မေဘဲလ်ကပွဲကပြီး ဝတ်လုံဦးကျော်ခေါင် နဲ့ ချိန်းထားသေးတယ်၊ မေဘဲလ်သွားမယ်နော် . . . "

မေဘဲလ်သည် မျက်နှာကို လက်ကိုင်ပဝါနှင့် တို့၍ လက်ဆွဲအိတ် ထဲမှ မှန်လေးကိုကြည့်ကာ ပြုပြင်ပြီးမှ ဟိုတယ်ဘက်သို့ ထွက်သွားတော့ သည်။ ဤလိုတော့လည်း မေဘဲလ်ရုပ်သည် ပြင်းပြစွာ ပူလောင်နေသော အသည်းနှလုံးကို ရင်ဝယ်ပိုက်ထားရသော မိန်းမတစ်ယောက်၏ ရုပ်နှင့်မတူ တော့ပေ။

◎ ပြီးစာပေ ◎

၄

"အောင်မလေး . . . မရွှေအေးရေ"

ညဉ့်နက်နေချိန်တွင် အဘွားကြီး၏ အော်သံသည် ကျယ်လောင်စွာ အိပ်ခန်းထဲမှ ပေါ်လာ၏။ ဧည့်ခန်းတွင် စာဖတ်နေသော ဒေါ်အေးအေးနှင့် နှင်းပန်းခိုင်သည် အသံလာရာ ဦးဖေမောင် အိပ်ခန်းဆီသို့ပြေးလာကြ၏။

မှန်တင်ခုံရှေ့တွင် မှန်သား၏အပေါ်ပိုင်းကို ကြည့်ခါ အဘွားကြီးသည် ငိုနေတော့သည်။ မှန်သားပေါ်တွင်မူ "အောင်မြင်သောနေ့" ဟူ၍ ထင်ထင်ရှားရှား ရေးထား၏။

"ဒါဟာ ဘာအဓိပ္ပာယ်လဲဟင် . . . အေးအေး၊ အဲဒါ ဘာအဓိပ္ပာယ်လဲ"

ဒေါ်အေးအေးသည် ရုတ်တရက် ယောက္ခမကို ဘာအဖြေမှ မပေးနိုင်၊ အသာအယာ ချော့၍တွဲခေါ်ကာ ဆိုဖာပေါ်တွင် ထိုင်ခိုင်းရ၏။

"မေမေသိပါတယ် . . .၊ ဟိုကောင် တစ်နေ့သတ်ဖို့ အောင်မြင်ရမယ့်ပေါ့ . . .၊ သူအောင်မြင်တဲ့နေ့ . . . မေမေအသည်းကွဲရမယ့်နေ့၊ သိရဲ့လား မရွှေအေးရဲ့"

◎ ပြီးစာပေ ◎

အဘွားသည် တဟင်းဟင်းနှင့်ငိုပြန်တော့သည်။

"မေမေ မနက်တိုင်း မသိမသာ လှမ်းလှမ်းပြီး ကြည့်တယ်။ ဟောဒီမှန်ကို ကြည့်လိုက်၊ သူ့နဖူးက ဒဏ်ရာကို လက်နဲ့ စမ်းလိုက်၊ မျက်နှာကြီးကလည်း ကြောက်စရာတင်းလာလိုက်တာ၊ မေမေ ခုမှန်ကို သေသေချာချာကြည့်တော့မှ ဒီစာလုံးတွေ့တော့တာပဲ . . . "

ဒေါ်အေးအေးက ဤစာလုံးကို တွေ့သည်မှာ ကြာပေပြီ၊ သို့သော် သူသည် ဦးဖေမောင်ကို တစုံတရာမေးရန် မရဲသေးပေ။

"မေမေကိုဖေမောင်လည်း ပြန်လာခါနီးပြီ၊ သူလာတုန်းမေမေငိုနေတာမြင်ရင် အလကား သူစိတ်တိုနေဦးမယ်၊ ပြီးတော့ သူ့ကို မေမေညစ်နက်အောင် စောင့်နေတာ သမီးက မေမေအိပ်နှင့်အောင် လုပ်မထားဘူးလားလို့ သမီးကိုလဲ ဆူဦးမယ် . . . ဒီကိစ္စ သမီးကြည့်မေးပါ့မယ်၊ မေမေစိတ်အေးအေးနဲ့ အိပ်ပါတော့"

အေးအေးသည် ယောက္ခမကို ချော့၍ သမီးဘက်သို့ လှည့်ကာ-

"ခိုင် ဘွားဘွားကို အိမ်ပေါ်ခေါ်သွားတော့၊ ကဲ . . . ကဲ . . . မေမေ ထ . . . "

ခိုင်သည် အင်မတန်ပင် စိတ်ပျက်အားငယ်သော ဟန်လေးနှင့် အဘွားလက်ကို ဆွဲယူလိုက်၏။

"ဘွားဘွား . . . လာပါ၊ ခိုင်လဲ အိပ်ချင်ပြီ တကယ်လည်း မလုပ်သေး တကယ်လည်း မဖြစ်သေးတဲ့နဲ့ ဒါလောက်ကြိုပြီး မပူပါနဲ့ ဘွားဘွားရယ်"

နှင်းပန်းခိုင်သည် အနည်းငယ်အားယူပြုံးကာ အဘွားလုပ်သူကို ခေါ်သွားတော့သည်၊ ဒေါ်အေးအေးသည် ဆိုဖာပေါ်တွင် ခွေခွေလေး ကျန်ရစ်၏။ သူ့ယောကျ်ားသည် နေ့စဉ်နှင့်အမျှ လူသတ်ရန်အတွက် အောင်မြင်ဖို့

၏ ပြီးစာပေ ၏

အစဉ် စဉ်းစားအကြံယူနေသည်ကို သူသိ၏။ "တစ်နေ့သော် အောင်မြင်ရမည်" ဟူသော အဓိဋ္ဌာန်နှင့် ဤစာတန်းကို သူ့ယောကျ်ား ရေးခြင်းဖြစ်သည်။ စင်စစ် ဘွားဘွားပြောသလိုပင် သူ့ယောကျ်ား၏ အောင်မြင်သောနေ့သည် သူတို့အတွက် ငိုပွဲဆင်ရသော နေ့သာတည်း။ အိမ်ရှေ့ ဆင်ဝင်တွင် ကားဆိုက်သံကြား၍ သူသည် ကမန်းကတန်း ပြေးထွက်လာသည်။ ကားမှာ ဦးဖေမောင်ကားဖြစ်၍ ရဂျန်လာ တံခါးဖွင့်ပေးလိုက်၏။

"အေးတစ်ယောက် မအိပ်သေးဘူးလားဟေ့၊ ဆယ့်နှစ်နာရီ တောင်ကျော်ပြီ"

ဦးဖေမောင်သည် အေးအေးပခုံးကို ဖက်ခါ နှုတ်ဆက်လိုက်၏။

"အေး . . . ကိုကို့ကို စောင့်နေတာပါ"

"အင်း . . . ဒီည ဉ္စသွားတာက ကိုယ်မေဘဲလ်နဲ့ တွေ့နေလို့"

ဦးဖေမောင်သည် အိပ်ခန်းထဲသို့ ဝင်သွားရင်း ပြောပြ၏။ ဒေါ်အေးအေးသည် အပေါ်အင်္ကျီကိုချွတ်ပေးနေသည်။

"အိပ်ခါနီး ဘာသောက်ချင်သေးလဲကိုကို"

"မသောက်တော့ပါဘူးကွယ်၊ ကိုကိုဆိုဖာပေါ် ခဏလှဲအုံးမယ်၊ စိတ်ထဲမှာ ညစ်အိုက်အိုက်ကြီးဖြစ်နေတယ်"

သူသည် ဆိုဖာပေါ်လှဲချလိုက်ရင်း အသက်ကိုဝဝရှူလိုက်၏။ ဒေါ်အေးအေးက သူထိုင်သော ဆိုဖာအလယ်တွင် ကပ်၍ပင် ထိုင်လိုက်၏။

သူ့ယောကျ်ားကို အလိုက်သင့် ဘာကစပြောရမည်ကို စဉ်းစားနေသည်။ သူယောကျ်ားဘာကို စိတ်အိုက်လာသည်ကိုလည်း သိချင်လာသည်။

ဒေါ်အေးအေးက . . .

"ကိုကို့ကို . . . မေဘဲလ်ဘာပြောလိုက်လဲ"

◎ ပြီးစာပေ ◎

ဦးဖေမောင်သည် မျက်နှာကျက်ကို မော်ကြည့်ရင်း အေး၏ မေးခွန်းကို ဖြေနေသည်။

"ဘာမှတော့ မပြောပါဘူး၊ ကိုကို သူ့အဖြစ်ကိုတွေ့ရတော့ ရင်ထဲတမျိုးကြီး ဖြစ်သွားတယ်ကွယ်။ အေးနဲ့ ကိုသိထားတာက မေဘဲလ်ဟာ ငွေတွေပုံသွန်သုံးထားရလို့ သိပ်ငွေရေးကြေးရေးကြပ်တည်းသွားတယ်၊ ဒါလောက်ပဲ သိထားကြတယ် မဟုတ်လား၊ အင်း . . . အခုဖြစ်ကတော့ စီးပွားတင် ထိနေတာမဟုတ်တော့ဘူး၊ နောက်တစ်ဆင့် လူကိုယ်တိုင်ပါထိနေပြီ၊ အကုန်လုံးရေတိမ်နစ်တော့မယ်။ မကောင်းတော့ဘူး"

ဒေါ်အေးအေးကား သက်ပြင်းချလိုက်သည်။

ဦးဖေမောင်က . . .

"တရားဝန်ကြီးဟောင်း ဦးစိန်းမောင်နဲ့ တွဲသွားတာမြင်ရတော့ ရင်ထဲ ဆို့သွားတာပဲ၊ ဦးစိန်းမောင်က အဘိုးကြီးဘဝ မရောက်သေးပေမယ့် အရွယ် နည်းနည်းထောင့်နေပြီ၊ မေဘဲလ်ကတော့ အေးထက်တစ်နှစ်၊ နှစ်နှစ်လောက် ပဲငယ် မယ်နော်၊ ဒါပေမယ့်ကွယ် သူပြင်လာပုံနဲ့၊ သူ့ဝတ်လာတဲ့အဝတ်နဲ့၊ သူ့အသားဟာ သိပ်လှတာပဲ အပျိုရှုံးပါတယ် . . . "

"အေးကတော့ ဒီသတင်းကြားနေတာ ကြာပြီ။ အောက်ရုံးက အမိန့်ချလုဆဲဆဲ ဝတ်လုံခ ပေးစရာမရှိလို့ နောက်ဆုံးသူ့ စိန်လက်ကောက်တရံ သွားထားတယ်။ သူ့တစ်ယောက်ထဲမသွားဘဲ အေးကိုလာခေါ်တယ်။ စိန် လက်ကောက်ပေါင်ရမှာက သူ့အန်တီ ပဂ္ဂီဆီမှာ ဆွေမျိုးချင်းဆိုတော့ အတိုး နည်းနည်းနဲ့ ထားမယ်ပေါ့။ သူ့ဆွေမျိုးတွေက သူ့ကို အဆက်ဖြတ်ထား တော့ သူတစ်ယောက်ထဲ မသွားရဲဘူးပေါ့ . . . "

ဦးဖေမောင်သည် မျက်နှာကျက်မှ မျက်လုံးခွာကာ အေးစကား ပြောသည်ကို စူးစိုက်၍ နားထောင်နေ၏။

◎ ပြီးစာမေ ◎

"အန်တီ ပဂ္ဂိနဲ့တွေ့တော့ ဟော့တို့အမျိုးထဲမှာ လူသတ်ကောင်လူသတ်သမားမရှိဘူးတဲ့၊ ဒါပဲပြန်ပြောတယ် စကားလည်း ဆက်မပြောဘူး နေရာက ထသွားတယ် . . . "

"ဟယ် . . . ရက်စက်လိုက်တာ၊ တခါထဲသူ့ကို ဝိုင်းပယ်လိုက်ကြတာပဲဟာင် . . . "

"နဂိုက ဘာသာမတူသူကိုယူလို့ သူ့ကို ငြိုငြင်နေကြတဲ့ အထဲ ကိုဘကွမ်းက လူသတ်မိတော့ ဝိုင်းပယ်မစ်လိုက်တာပေါ့"

"အင်းကြောက်စရာကောင်းလိုက်တာကွယ်"

"ဒါကြောင့်ပေါ့ကိုကိုရာ၊ အပါလေး သိပ်ကာသိနေတာ မေဘဲလ်ဘယ်လိုပဲဆင်းရဲဆင်းရဲ သူတို့ အမျိုးတွေအနေနဲ့ အပါတစ်ယောက်ကို ကျောင်း ထားနိုင်တာကြီးပဲ၊ အဲဒါလူသတ်သမားရဲ့ သားပေါ့လေ၊ အပါအိမ်ရိပ် နင်း တာတောင် မကြိုက်ကြဘူး"

"အဲဒါနဲ့၊ အဲဒီစိန်လက်ကောက် ဘယ်လိုဖြစ်သွားလဲ"

"ဘယ်လိုဖြစ်ရမလဲ ငွေကငါးထောင်လိုတယ်၊ အေးက နှစ်ထောင့်ငါးရာပေးမယ်လို့ စိန်လက်ကောက်လည်း အေးမယူဘူး၊ ငွေကို ဆပ်ချင်တဲ့ အချိန်မှာ ဆပ်ဆိုတော့ သူချက်ချင်းပဲ ထွက်သွားတယ်၊ ညနေစောင်းလောက်ကျတော့ သူပြန်လာတယ်၊ သူငွေနှစ် ထောင့်ငါးရာ ဦးစိန်းမောင်ဆီက ရလာပြီတဲ့၊ အဲဒါ အေးဆီက ငွေနဲ့ပေါင်းလိုက်တော့ ငါးထောင်ပြည့်သွားတာပေါ့၊ အဲဒီနေ့တုန်းက သူ့မျက်နှာကိုကို့ကိုပြချင်တယ်၊ တခါထဲရေခဲလိုအေးစက်စက် ပြောင်တင်းတင်းကြီး။ မမအေးတဲ့ . . . ၊ ဒါလင်လွတ်ဖို့ဆိုရင် ရှိသမျှ စည်းစိမ်ပုံဆပ်မယ်၊ စည်းစိမ်ပြုတ်ရင် လူပါအပ်မယ်တဲ့"

"အင်း . . . "

ဦးဖေမောင်သည် ထပ်မံ၍ သက်ပြင်းချလိုက်သည်။

◎ ပြီးစာပေ ◎

ဒေါ်အေးအေးကဆက်၍

"အဲဒီကထဲက ဦးစိန်းမောင်ကြီးနဲ့ ဆက်နေပြီထင်ပါရဲ့"

"အေးပေါ့လေ သူကြိုးစားလို့လဲ အမှုက ဒါလောက်ကြာရတာ"

"အေးကွယ် ဒီငွေလည်း ပြန်တောင်းဖို့ မစဉ်းစားပါနဲ့တော့။ ကိုကို လည်း သူ့သိပ်ဝမ်းနည်းမှာစိုးလို့ သူ့အပြစ်ကို ခွင့်လွှတ်တဲ့အကြောင်း ကိုကို အပြစ်မတင်ဘူးလို့ ပြောခဲ့တယ်"

"သတ်လိုက်တဲ့ အချိန်နဲ့ ဒေါသအရှိန်ဟာ တခဏလေးရယ် ကြိုးစင်ရောက်မယ်၊ မရောက်မယ် မသိသေးခင် မသေချာခင်အပြင်က မိန်းမ တို့ သားတို့မှာ ဒုက္ခရောက်လိုက်ရတာ၊ ဪ . . . တယ်လည်းကြောက်ဖို့ ကောင်းတာပဲ"

ဦးဖေမောင်သည် အေးအေးပြောသည်ကို တစ်စုံတစ်ရာမှ ပြန်မပြောဘဲ မျက်နှာကျက်ကို ပြန်၍ စူးစိုက်ကြည့်နေတော့သည်။ ဒေါ်အေး အေးသည် နေရာမှထသွားကာ လင်းနေသောမီးကို ပိတ်လိုက်သည်။ မီးရောင် မရှိသောအခါ လရောင်သည် အခန်းထဲတွင် ဝင်းလဲ့လဲ့ ဖြစ်နေလေသည်။

"အေးကွယ် မီးရောင်ကြီးက ပူပြင်းလိုက်တာ၊ လရောင်က အေးသွားသလိုပဲ"

ဦးဖေမောင်သည် သက်ပြင်းရှုလိုက်ခါ လရောင်ခြည်ဝင်လာသော ပြတင်းကို ကြည့်၍ ပြောလိုက်သည်။

ဆောင်း၏ ညလယ်တွင် လမင်း၏ ရွှန်းမြမြ ရောင်ခြည်မှာ အေးမြ လှသည်။ ဆောင်းလေသည် ဓာခန်းဆီးကို လှစ်ခါ ပြတင်းမှ ညင်သာစွာ ဝင်လာ၏။ စင်စစ်ထိုဆောင်းညသည် အလွန်အေးမြသော ညတစ်ညဖြစ် သော်လည်း ဦးဖေမောင်တို့အဖို့ ဝမ်းတွင်းမှ အပူရှိန်ကြောင့် နေသာရုံပင်ဖြစ် လေသည်။

☺ ပြီးစာပေ ☺

အေးသည် လင့်အပါးတွင် မနေ။ ဇာခန်းဆီးနားတွင် ရပ်လိုက်၏ ဖဲပြားအဖြူနှင့် ဇာခန်းဆီးအလယ်ကို သိမ်းထားသောကြောင့် လရောင်သည် အေး၏ မျက်နှာတစ်ခြမ်းပေါ်ကို လင်း၍ နေလေသည်။ ဖြူသော အသားပေါ်တွင် လရောင်ခြည်သည် ငွေမှုန်ကြဲထားသလိုဖြစ်နေတော့သည်။

ဦးဖေမောင်သည် ဆိုဖာပေါ်တွင် လှဲနေရာမှ ထထိုင်လိုက်ခါ သူ့ချစ်ဇနီးကို လှမ်းကြည့်လိုက်သည်။ ခါတိုင်းလည်း ဤမျက်နှာကို မြင်နေကြဖြစ်သည်။ သူ့ချစ်ဇနီးသည် မိန်းမချောတစ်ယောက်ဖြစ်ရုံမက မိန်းမတို့တွင် အရေးကြီးဆုံးဖြစ်သော အေးမြတည်ငြိမ်သည့် မျက်နှာသွင်ပြင်ကို ပိုင်သော သူတစ်ယောက်ပင်တည်း။ လမင်းကို မော်ကြည့်ချိန်တွင် ရွှန်းပသော မျက်လုံးအစုံသည် သောကမကင်းဟန်နှင့်ညှိုးလျလျဖြစ်နေ၏။ ဤပုံသည် အသက်ဝင်နေသော ပန်းချီကားချပ်တစ်ခုလို ဦးဖေမောင်မျက်လုံးကို ဆွဲယူထား၏။

သူ့အိမ်ကိုပြန်မရောက်ခင် ဟိုတယ်မှာတုန်းက သူ့ရှေ့တွင် ဓမာဘဲလ်သည်လည်း ဤလိုပင် လရောင်ကို မော်ကြည့်နေခဲ့၏။ မေဘဲလ်သည် အဆင်အပြင်ငယ်ဂုဏ်ကြောင့် အေးထက်ပို၍ လှသည်။ လှပသော မိန်းကလေးတို့သည် လရောင်ကို မြော်ကြည့်ရာတွင် သူတို့၏ မျက်လုံးတို့သည် မြလိုဝန်းမှောင်၍ အေးမြစွာတောက်ပစေချင်သည်။ စိန်လို ကြည်တောက်တောက်နှင့် ပူလောင်သော ဝင်းပခြင်း မျိုးကိုမဖြစ်စေလိုပေ။

သို့သော် အသည်းနှလုံးတို့၏ အရှိန်က ဤမျက်လုံးအိမ်ကို ဟပ်သောအခါ မိန်းမလှတို့၏ မျက်လုံးရောင်သည်လည်း ဘယ်လုပ်၍ ရွှန်းမြစွာ ကြည်လင်ဝင်းပနိုင်ပါတော့မည်နည်း။

**"အောင်မြင်သောနေ့"**

**သူ့မျက်လုံးသည် ချစ်ဇနီးမျက်နှာဆီမှ မှန်ပေါ်သို့ ရောက်သွားပြန်သည်။**

**◎ ပြီးစာပေ ◎**

လရောင်သည် သူ့စာတမ်းပေါ်တွင် တမင်ပင် အလင်းရောင်ပေးသလို ထင်ထင်လင်းလင်း လျှောကျနေသည်။

သူသည် သက်ပြင်းမှုတ်ထုတ်လိုက်ပြန်သည်။ သူ၏ အောင်မြင်သောနေ့တွင် အေးသည် မေဘဲလ်လိုပင် လရောင်ကို မြော်ကြည့်နေပေမည်။ မြော်ကြည့်ချိန်သည် တစ်ခြားသော ယောကျ်ားတစ်ယောက်၏ ရင်ခွင်ထက်မှဖြစ်ပါမူ . . . ။

ဦးဖေမောင်သည် ဆက်မတွေးရဲ၊ ဤအဖြစ်မျိုးက မဖြစ်နိုင် ပါဘူးဟူ၍ မည်သူမျှမဆိုနိုင်ပေ။

"အေး . . . အေး . . . "

သူသည် ညဥ့်သန်းခေါင်တွင် ထမင်းလုံး တစ္ဆေခြောက်သူလို ကမန်းကတန်းအော်ကာ အေးအပါးသို့ ပြေးလာ၏။

"ကိုကို . . . ဘာဖြစ်လဲဟင်"

အေးသည် ဦးဖေမောင်လက်မောင်းနှစ်ဘက်ကို ဆီးကိုင်လိုက်၏။ ဦးဖေမောင်သည် အေး၏မျက်လုံးများကို ယုယစွာ.စိုက်ကြည့်လိုက်သည်။ အေး၏မျက်လုံးထောင့်တွင် မျက်ရည်စများ စို့တွက်နေသည်။ သူသည် အေး၏နဖူးကို ညင်သာစွာ နမ်းရှုံ့လိုက်၏။

"ဘာမှ မဖြစ်ပါဘူးအေး . . . လရောင်ကတော့ လှပါရဲ့ . . . ညဥ့်နက်လာတော့ အေး အအေးမိမှာစိုးလို့ လာအိပ်ကြစို့နော် . . . "

သူအသံသည် အေးမြချိုသာလွန်း၍ အေးပင် အဓိပ္ပာယ် နားမလည်သလို သူ့မျက်နှာကို စိုက်ကြည့်ခါ သူလျှောက်ရာဘက်သို့ ပါသွားတော့သည်။

*

◎ ပြီးစာပေ ◎

ဦးဖေမောင် အိပ် ချိန်လောက်မှ မေဘဲလ်သည် အိမ်ကိုပြန် ရောက်၏။ အိမ်ကို ပြန်ရောက်တော့လည်း မေဘဲလ်သည် ကလပ်က အကြောင်းတွေကို အားလုံးမေ့သွားတော့သည်။ ပုတီးကြီး တချောက်ချောက် နှင့် စိတ်နေသော ယောက္ခမကြီးကို ဧည့်ခန်းတွင်တွေ့ရ၏။

"မေမေ . . . သမီးကို စောင့်နေတုန်းလား . . . သမီးဦးကျော်ခေါင် နဲ့ စကားပြောနေလို့ ညဉ့်နက်သွားတယ် . . . "

သူသည် အဘွားကြီးအနားကပ်ထိုင်လိုက်ကာ လက်မောင်းကို ဆုတ်နယ်၍ ပြောလိုက်၏။

"မေမေ ကျန်းမာနေဖို့အရေးကြီးတယ်မေမေ။ ဒါလင်လွတ်လာချိန် မှာ မေမေလဲ ကျန်းကျန်းမာမာရှိနေမှပေါ့ . . . ဒီတော့ သမီးပြန်ချိန်နောက် ကျရင် မေမေစောင့်မနေနဲ့နော် . . . အိပ်နှင့်"

အဘွားကြီးသည် ချွေးမပင်ဖြစ်သော်လည်း သူ့သမီးအရင်းလို ဖြစ်နေသော မေဘဲလ်မျက်နှာကို စူးစိုက်၍ ကြည့်နေ၏။

"အိပ်မပျော်တဲ့အတူတူ၊ ပုတီးစိတ်ရင်း သမီးကို စောင့်တာပါ "

"ကဲ . . . လာလာ . . . မေမေ့ အိပ်ခန်းကို သမီးလိုက်ပို့မယ် ဘာမှ စိတ်မပူနဲ့ နော်မေမေ၊ ဒါလင်ဟာ တရားလွှတ်တော်ချုပ်က အယူခံ လက်ခံရင် ကြိုးဒဏ်ကလွတ်မှာပဲ . . . "

သူသည် ပြုံးရွှင်သော မျက်နှာဟန်နှင့်အဘွားအား၊ အိပ်ခန်းထဲသို့ ပို့လိုက်၏။

"သားကော ပြန်လာပြီလားမေမေ"

"အေး . . . သူနည်းနည်းနေမကောင်းလို့ အယ်ဒီတာချုပ်ကို ခွင့်တိုင်ပြီး ဆယ်နာရီလောက်တည်းက ပြန်လာတယ်။ မေမေဆေးတိုက်ပြီး သိပ်ထားတယ်"

◎ ပြီးစာပေ ◎

သားနေမကောင်းဘူးဆိုတော့လည်း မေဘဲလ်ရင်ထဲတွင် ထိတ်၍သွားသည်။

သားအခန်းသို့ ခြေဖျားထောက်ခါ ကူးလာခဲ့သည်။ လရောင်အေးမြသောလရောင်။

ဤလရောင်သည် သား၏ အခန်းတွင်လည်း လင်းနေပြန်ပါပကော။ ပြတင်းသည် ဟင်းလင်း ပွင့်နေ၍ သားမျက်နှာပေါ်တွင် လရောင်က တိုက်ရိုက်ကျနေလေသည်။ သူသည် ခုတင်ပေါ်တွင် ညင်သာစွာ ထိုင်၍ သား၏မျက်နှာကို စူးစိုက်ကြည့်နေသည်။ ရင်ထဲတွင် ဆို့နစ်နစ်နှင့် သားကို မကြည့်ရက်။ သူ့မျက်လုံးတွင် မျက်ရည်များစို့လာပြန်သည်။

"မေမေ၊ ဖေဖေအတွက်သာ ကြိုးစား၊ သားကျောင်းနေဖို့ရော သားတို့သုံးစာဖို့ရော သားရှာနိုင်ပါတယ် မေမေရော . . . "

အလုပ်ဝင်စက အပါပြောသံလေးမှာ သူ့နားထဲတွင် ကြားယောင်လာသည်။ သူသည် သား၏နဖူးကိုညင်သာစွာ နမ်းလိုက်၏။ ကိုယ်ငွေ့မှာ အနည်းငယ် နွေးရုံလေးဖြစ်၍ အဖျားရှိန်မပြင်းမှန်းသိတော့မှ သူ့စိတ်အနည်းငယ် အေးသွားသည်။ သားနိုးသွားမှာကို လည်းစိုးသည်။ သားမျက်နှာကို လည်း မီးရောင်ဖြင့် ကြည့်ချင်သည်။ ခုတင်ဘေးရှိ စားပွဲတင်မီးလုံးကို အသာတစ်ဘက်လှည့်၍ မီးခလုပ်ဖွင့်လိုက်၏။ ပြာလဲ့လဲ့ မီးရောင်တွင် အပ့ါမျက်နှာကို ထင်ထင်ရှားရှား မြင်ရသည်။ အပ့ါ၏ပါးပေါ်တွင် မျက်ရည်များ တင်နေလေသည်။ သားသည် အိပ်မပျော်ခင်က ငိုရှိုက်များနေသလား။ သူသည် ချက်ခြင်းပင် မီးကို မှိတ်လိုက်၏။

သူအိမ်မရောက်ခင်က ဦးဖေမောင်စားပွဲတွင် ထိုင်ကာ လမင်းကို မော်ကြည့်ခဲ့၏။ သားသည်လည်း ဤပြတင်းပေါက်မှ လမင်းကိုများ မော်ကြည့်နေလေသလား။ ဒါလင်သည်လည်း ထောင်အခန်း၏ သံတိုင်များ

ကြားမှ လမင်းကို သူတို့လိုပင် မော်ကြည့်၍ နေရှာမည်လော၊ ဦးဖေမောင်နှင့်မတွေ့ခင် အချိန်လေးတွင် လရောင်အောက်၌ သူခင်းခဲ့သော ဇာတ်လမ်းကို သားတို့အား လမင်းကြီးကသာ ပြောလိုက်ပါလျှင် . . . သူသည် အပါ့မျက်နှာကို မကြည့်တော့၊ သူ့မျက်နှာကို သူ့လက်နှင့် အုပ်ခါ တစ်ချက်ရှိုက်၍ နေရာမှ ထသွားတော့သည်။ မအေထသွားမှပင် အသက်ကို ပြင်းပြင်းရှုကာ၊ အပါသည် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ မေမေ၏ ခြေသံသည် အခန်းဝတွင် ပျောက်ကွယ်သွား၏။ မေမေအား စောစီးစွာ အိမ်ကို ပြန်စေချင်သော်လည်း သူသည် မေမေ့ကို မပြောရက်၊ ပြောရမှာကလည်း အပြောရခက်လှချေတကား။ မျက်လုံးများကို ဖြေးညင်းစွာ ပိတ်လိုက်ရင်း စိတ်ထဲကမူ –

"မေမေ အိမ်ကို စောစော ပြန်ခဲ့ပါ မေမေရယ်"

ဟု ပြော၍နေမိတော့သည်။

မောဲလ်သည် အိပ်ခန်းသို့ ရောက်လျှင် အင်္ကျီလဲလိုက်၏။ သူဝတ်ထားသော အင်္ကျီကို ချွတ်လိုက်လျှင်ပင် ဆေးပြင်းလိပ်နံ့သည် ခပ်ပြင်းပြင်း စူးစူးရှရှပေါ်လာသည်။ သူသည် အင်္ကျီကို အဝေးသို့ လွှင့်ပစ်လိုက်၏။ သို့သော် ဆေးပြင်းလိပ်အနံ့က မပျောက်၊ သူခေါင်းထဲတွင် နှောက်ကျိုလာသည်။ ဤရနံ့သည် ကိုယ်မှာ စွဲနေပါပကော။ ဦးစိန်းမောင်၏ သောက်နေကျ ဆေးပြင်းလိပ်နံ့သည် သူ့ကိုယ်တွင် ဘယ်တော့မှ ဆေး၍ စင်ကြယ်တော့မည် ပျောက်ပြယ်တော့မည် မဟုတ်တော့သည်ကို သူသတိရသည် တပြိုင်နက်၊ တစ်ကိုယ်လုံးသိမ့်သိမ့်တုန်မတတ်ရှိုက်၍ ငိုလိုက်တော့သည်။ရိပ်သိမ်းပြီးစ လယ်ကွင်းတွင် ရိုးပြတ်များ ထိုးထိုးထောင်ကျန်နေ သလို ဦးစိန်းမောင်၏ နှုတ်ခမ်းမွေးရေးရေးများက ယခုတော့ သူ့ပါးကို တွင်မက သူ့၏အသည်းနှလုံးကို စူးစူးရှရှ ထိုးစိုက်လိုက်လေပြီ။

၁ ပြီးစာပေ ၁

ခွဲယားအမွေး စူးခံရသလို သူထင်လာသည်။ အခံရခက်လာသည် အောင့်သက်သက် ဖြစ်လာ၏။ သို့သော် သူအိုကြီး၏ ဆေးပြင်းလိပ်ရနံ့သည် လည်းကောင်း စူးဝင်နေပြီဖြစ်သော နှုတ်ခမ်းမွေးစများသည် လည်းကောင်း မည်သည့် အနေအထိတ်ရေစင်နှင့်မှ ဆေးကြောသုတ်သင်၍ မရနိုင်တော့ပြီ တကား။

☺ ပြီးဝါဝေ ☺

၅

ကလင် . . . ကလင် . . . ။

တစ်အိမ်လုံးမှာ တိတ်ဆိတ်နေ၍ တယ်လီဖုန်းခေါင်းလောင်းသံသည် ကျယ်ကျယ်လောင်လောင်ကြီး မြည်နေသလို ထင်ရသည်။ ဒေါ်အေးအေးသည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။ တစ်ဘက်မှ အသံကို သူမမှတ်မိပေ။

"အေးအေးလား"

"ဟုတ်ပါတယ်၊ ဘယ်သူ စကားပြောနေလဲ"

"အောင်ကျော်လေ . . . အောင်ကျော်စကားပြောနေတယ်၊ အခုအိမ်မှာ ကိုဖေမောင် မရှိဘူးမို့လား . . . "

ဒေါ်အေးအေးသည် ရင်ထဲမှာ ရုတ်တရက် ထိတ်သွား၏၊ ဦးအောင်ကျော်ကို သူသိ၏။

ဦးဖေမောင်များ ဘာဖြစ်ပြန်သလဲ ဟူသော အတွေးမှာ သူ့ရင်ထဲကို ထိတ်ထိတ်ပြာပြာ ဖြစ်သွားစေပြန်သည်။

◎ ပြီးစာပေ ◎

"ဟုတ်ကဲ့ . . . သူဒီနေ့ ရုံးချိန်းတစ်ခုရှိနေပါတယ် . . . ။ သူဘာဖြစ်လို့လဲဟင် . . . "

"ဘာမှတော့မဖြစ်ပါဘူး၊ ကျွန်တော် အေးအေးကို စကားတစ်ခု ပြောစရာရှိလို့ . . . "

"တတ်နိုင်ရင် နက်ဖြန်ညနေ ဦးကြာဝင်းအိမ်မလာနိုင်ဘူးလား"

"ဆက်ဆက်လာခဲ့ပါမယ်"

တဘက်မှ တယ်လီဖုန်း ချသွားတော့သည်။ အေးအေးရင်ထဲတွင် ဘာအကြောင်းများလဲဟူသော တွေးတောစိုးရိမ်စိတ်မှာ ပြည့်သိပ်လာပြန်သည်။ ဦးဖေမောင်အတွက် စိတ်ပူပန်စရာ ဖြစ်မည်ဆိုသည်ကိုတော့ ကြိုတင်တွေးတောမိပြီးဖြစ်၏။

နောက်နေ့ညနေတွင်မူ သူသည် ဦးအောင်ကျော်ချိန်းရာသို့ ထွက်လာခဲ့သည်။ ခါတိုင်းဘယ်သွားမည် ဘယ်လာမည်ဆိုသည်ကို ယောကျ်ားမဖြစ်သူအား ဖြစ်ဖြစ်ပြောမြဲဖြစ်၏။ ယခုတစ်ခါတော့ သူသွားခြင်းကို ဦးဖေမောင် မသိစေလို၍ ဘယ်သူ့မှ မပြောဘဲ ထွက်လာခဲ့သည်။

ဦးကြာဝင်းဧည့်ခန်းထဲတွင် သူသည် မလှုပ်မရှက်ထိုင်နေမိ၏။ ဦးအောင်ကျော်ပြောစကားများသည် ထူးထူးခြားခြားတော့ မဟုတ်၊ ဦးဖေမောင် မြစ်ကြီးနားသို့လိုက်မည့်အကြောင်းပင် ဖြစ်သည်။ မျက်နှာကြက်တွင် လည်နေသော ပန်ကာလိုပင် အေးအေး၏ ခေါင်းထဲတွင် ချာလည် လည်နေတော့သည်။ ရဲချုပ်ဦးကြာဝင်းသည် ဧည့်ခန်းအတွင်းတွင်ပင် ခေါက်တုံ့ခေါက် ပြန်လျှောက်နေသည်။

"ကိုဖေမောင်ဟာ၊ စိတ်ပြေခဲလိုက်တာနော်. . ၊ သူကြံစည်နေတာတွေ အေးအေးနဲ့ သူ့အမေသာ မသိစေချင်တာ၊ သူငယ်ချင်းကိုတော့ဖွင့်ပြောတယ် . . . ၊ ဘယ်လိုလဲမသိဘူး"

ဦးကြာဝင်းက တအံ့တသြပြောလိုက်၏။

"မောင်ကျော်ညွှန့်ကို တခြားလူတစ်ယောက်ယောက်ကပဲ သတ်ဦး သူ့လက်ချက်ထင်ရအောင်ကို လုပ်နေတာပဲ"

ဦးကြာဝင်းက ဆက်ပြောနေပြန်သည်။ ဖြူဖတ်ဖြူရော်ဖြစ်နေသော အေးအေးမျက်နှာကို ဦးအောင်ကျော်က စိုက်ကြည့်နေ၏။ဦးကြာဝင်း လမ်းလျှောက်သော ခြေသံတစ်ခုသာ အခန်းထဲတွင် ကြားနေရတော့သည်။

"မအေးအေးကို ဖွင့်ပြောဖို့ ကျွန်တော့်မှာ ဝတ္တရားရှိတယ် ထင်လို့ ကျွန်တော်ပြောပြတာပါနော် . . . ၊ သူ့ကိုတော့ ကျွန်တော်ခေါ်မသွားဘူး၊ သူလည်း ခုတလော ဘယ်ကိုမှ ခရီးမထွက်ဖြစ်အောင် မအေးအေးနဲ့ ကိုကြာဝင်းနဲ့ တိုင်ပင်လုပ်ကြပေါ့"

"ဟုတ်ပါတယ် အေးအေး သိပ်လည်း စိတ်မပူပါနဲ့၊ ကြံဖန်လုပ်ကြသေးတာပေါ့။ အေးအေးကျွန်တော်နဲ့တွေ့ချင်ရင် ညနေရုံးဆင်းချိန်မှန်းပြီး လာပေါ့"

ဒေါ်အေးအေးသည် ထ၍သာ ပြန်လာခဲ့သော်လည်း စကားပြန် မပြောမိ၊ သူ့ယောကျ်ားခရီးမထွက်ဖြစ်အောင် ဘယ်လိုလုပ်တားရမည်ကို တစ်လမ်းလုံး စဉ်းစား၍ လာခဲ့တော့သည်။

အိမ်ရောက်လျှင် ဘယ်သူနှင့်မှ စကားပြော၍ မရ၊ ဦးကြာဝင်းနှင့် နောက်နေ့တွင် ထပ်မံတွေ့ဆုံတိုင်ပင်ဖို့သာ သူစဉ်းစား၍ နေမိတော့သည်။

*

နှင်းပန်းခိုင်သည် သူမျက်စေ့ ရှေ့တွင် မြင်နေရသော မြက်ခင်းကို မယုံသလို စူးစိုက်၍ ကြည့်နေသည်။ ကျောင်း၏ သင်တန်းများ နားချိန်တွင်

သူသည် များသောအားဖြင့် အင်းလျားဆောင်တွင်သာ စတည်းချနေကျ ဖြစ်၏။ ယနေ့ မီမီထံမှ စာအုပ်ရစရာရှိ၍ မာလာဆောင်သို့ ကူးလာခဲ့ခြင်းဖြစ်ပေသည်။ အိမ်က အကြိုလွှတ်သောကားကို အင်းလျားသို့ပင် အကြိုလွှတ်ရန် မှာခဲ့၏။ သူသည် မာလာဆောင်ကို နောက်ဘက်မှ ဝင်ခဲ့သည်။

ညနေစောင်းဧည့်သည်လာချိန်တွင် မာလာဆောင်၏ ဧည့်ခန်းမများ၌ ကုလားထိုင်တစ်လုံးတည်းတွင်ပင် နှစ်ယောက်ပူးထိုင်ကာနေကြသော စုံတွဲများကို မြင်နေကျဖြစ်၍ နှင်းပန်းခိုင်အဖို့ မထူးဆန်းပေ။

သူသည်လှေကားကို ဖြေးညင်းစွာ တက်၍ ဒုတိယအထပ် မီမီရှိရာအခန်းကို လာခဲ့၏။ မီမီ၏ အခန်းအဖော်က မီမီရှိရာသို့ ညွှန်ပြလိုက်သည်။ အပေါ်ဝရံတာမှ စီးကြည့်လိုက်လျှင် မီမီ့ကို မြင်နေရသည်။ စုံတွဲများကို မြင်နေကျဖြစ်၍ ကျောခိုင်းလာခဲ့သော နှင်းပန်းခိုင်သည် မီမီကို မြင်ရသောအခါ ခြေတုံ့သွားတော့သည်။ ဝရံတာတွင် ကျောက်ရုပ်လေးလို ငြိမ်သက်နေမိသည်။

မီမီသည် တစ်ယောက်တည်းရပ်နေခြင်းမဟုတ်၊ တချို့သော မာလာဆောင် သူတို့လိုပင် အတွဲနှင့်ဖြစ်၏။ အတွဲရှိနေခြင်းမှာ နှင်းပန်းခိုင်အတွက် အံ့ဩစရာမဟုတ်ပေ၊ သို့သော် မီမီ၏အတွဲမှာ ကိုကိုပါဖြစ်နေသောကြောင့်ပင်ဖြစ်သည်။ နှင်းပန်းခိုင်သည် ပန်းအိုးလေးနှင့်သူ့ကိုယ်ကို ကွယ်ကာ မြေပြင်ကို ကြည့်နေသည်။ ကိုကိုပါသည် သက္ကလပ်အောင်းဘီရှည်နက်ပြာနှင့် ရှပ်အဖြူလက်တိုကို ဝတ်ထားသည်။

ယမန်နေ့က တွေ့ရသလို ညှိုးလျော်သော ဟန်မရှိ၊ သပ်ရပ်သော ဆံပင်နှင့်ကိုကိုပါ့မျက်နှာမှာ တောက်ပကြည်လင်နေလေသည်။

မီမီက မိုးကောင်ကင်လို ပြာနေသောထမီပြောင်လေးကို ဝတ်ထား၏။ သူ့အင်္ကျီမှာ ဖြူစင်သော နိုင်လွန်လက်တိုလေးဖြစ်သည်၊ မီမီကိုခဏခဏ

မြင်တွေ့နေရသော်လည်း၊ မီမီသည် ဤညနေတွင် အလှဆုံးဟုထင်ရသည်။ မီမီ့မျက်နှာက ချိုပြုံး၍ ကိုကိုပါ့ကို မော်ကြည့်ကာ စကားပြောချိန်တွင် သူ့သွားလေးများသည်ပင် ပုလဲရောင်တောက်ခါ ဝင်းပ၍ သွားကြသည်။ စကားပြောနေကြစဉ် မော်လမြိုင်ပန်းရောင်စုံလေးများသည် ချစ်သူနှစ်ဦးရှိရာသို့ ဦးခေါင်းကို ညွှတ်၍ စ,နေကြသလို ဆောင်းလေတွင် လှုပ်ရှားနေကြလေသည်။

ဩော် . . . ဆောင်းညနေ၏ လှပသောပန်းချီကွက်လေးတစ်ကွက်ပါတကား။ ကိုကိုပါ့ကို ယခုလိုမြင်ရတော့လည်း နှင်းပန်းခိုင်သည် ချမ်းမြေ့သွားသည်။ မီမီသည် သူ၏ငယ်ပေါင်းမိတ်ဆွေရင်းမဟုတ်၊ ဘီအေ ပထမနှစ်ကမှ အင်္ဂလိပ်စာပေကို မီမီပြောင်းယူခဲ့၍ သိကျွမ်းခဲ့သူဖြစ်လေသည်။ ထို့ကြောင့်ပင် မီမီ့အကြောင်းကောင်းကောင်းမသိခြင်းဖြစ်လေသည်။

နှင်းပန်းခိုင်သည် အသာပင် ကိုယ်ကို ရှို၍ မီမီ့အခန်းရှိရာသို့ ထွက်လာခဲ့၏။ နက်ဖြန်ညနေမှပင် သူလိုသော စာအုပ်ကို လာယူမည့်အကြောင်းစာရေးထားခဲ့လေသည်။

အိမ်ကိုသာ ပြန်ရောက်လာသည်။ သူ့မျက်လုံးထဲတွင် ကိုကိုပါတို့စုံတွဲ မြင်ကွင်းလေးကို မပျောက်ပေ။ အိမ်ရောက်လျှင်တော့သူ့ကို ပွင့်ပွင့်လင်းလင်း ဆက်ဆံသော မေမေ့ကို ကိုကိုပါ့ အကြောင်းအားရအောင် ပြောလိုက်သည်။ ညဥ့်ဘက်တွင်လည်း ကိုကိုပါရှိရာ သတင်းစာတိုက်သို့ တယ်လီဖုန်းလှမ်းဆက်၍ နောက်လိုက်စလိုက်ရအုံးမည်။ သည်ညနေပိုင်းအတွက်ပျော်စရာအကွက်တွေကို နှင်းပန်းခိုင်က စိတ်ထဲတွင် အစီစဉ်လုပ်၍ သွားလေသည်။

အိမ်ရောက်လျှင် မေမေ့ကို မတွေ့ရ၊ ထမင်းစားပွဲတွင်သာ တစ်ယောက်တည်း စားနေသော အဘွားကိုတွေ့ရသည်။

◉ ပြီးစာပေ ◉

"ဘွားဘွား ထမင်းစားတာ စောလိုက်တာ"

"အေး . . . ငါ့မြေးရော မဆာဘူးလား၊ ဘွားဘွားဆာလို့ စားနှင့်တယ်၊ ဖေဖေရော မေမေရော ကိစ္စရှိလို့ အပြင်သွားကြတယ်၊ မေမေက မှာခဲ့တယ် ခုနစ်နာရီထိုးလို့ မှသူပြန်မရောက်ရင်၊ ငွေငါးရာ အပေါ့ဆီကို ဆက်ဆက်သွားပေးချေတဲ့။ သွားရင်စိန်မေကို အဖော်ခေါ်သွားတဲ့၊ သူတို့ဒီငွေမရရင်မဖြစ်ဘူးတဲ့"

နှင်းပန်းခိုင်သည် ခဏစဉ်းစားနေ၏။ ကိုကိုပေါ့ဆီ သွားတွေ့ရမည်အတွက် ဝမ်းသာသွားသော်လည်း၊ မေမေတို့သွားသည့်ကိစ္စရော ငွေငါးရာကိစ္စရော သူမသိ၍ စိတ်ထဲမှာ ထင့်နေလေသည်။

ရေချိုးထမင်းစားပြီး မေမေပြန်အလာနာရီကိုသာ စောင့်ကြည့်နေ၏။ ခုနစ်နာရီထိုးသော်လည်း မေမေပြန်မလာသေးပေ။ သူသည် တယ်လီဖုန်းကို ကောက်ကိုင်ကာ၊ မြန်မာ့ဦးစွန်းသတင်းစာတိုက်ကို ဆက်လိုက်၏။ တဘက်မှ အပေါသတင်းစာတိုက်တွင်ရှိနေကြောင်း စည့်သည်နှင့်စကားပြောနေ၍ အတော်ကြာမှ တယ်လီဖုန်းထပ်ဆက်ရန် ပြန်လာ၏။

နှင်းပန်းခိုင်သည် သူအခုလာမည်ဖြစ်၍ ဘယ်မှမသွားဘဲ အပေါစောင့်နေရန် တယ်လီဖုန်းကိုင်သူကို ပြောလိုက်သည်။ စိန်မေ့ကို ခေါ်ကာ သတင်းစာတိုက်သို့ ထွက်လာခဲ့သည်။

သတင်းစာတိုက်ရောက်လျှင် စိန်မေကို အပြင်တွင် ထားခဲ့ကာ သူသည် အမှတ်တမဲ့ပင် အပေါ့အခန်းထဲသို့ ဝင်သွားသည်။ ငွေမပေးခင် မိမို့အကြောင်းပေါ်အောင်စစ်ပြီး၊ အားရအောင်ပြောင်နှောက်ပြီးမှ သူ့ငွေကို ထုတ်ပေးမည်ဖြစ်လေသည်။

သူဝင်သွားသွားခြင်း အပေါ့ရှေ့တွင် မိန်းမကြီးတစ်ယောက်ကို တွေ့ရသည်။ မိန်းမကြီးသည် သူပြောလက်စ စကားကိုရပ်လိုက်၏။

☺ ပြီးစာပေ ☺

နှင်းပန်းခိုင်ကို လှမ်းကြည့်လိုက်သော မိန်းမကြီး၏ မျက်လုံးမှာမီးဝင်းဝင်း တောက်နေသလို ထင်ရသည်၊ အသက်မှာ မေမေ့ထက် ကြီးပုံရ၏။ အဝတ်အစားမှာ အတော်သပ်ရပ်၍ အထက်တန်းကျပုံရပြီးလျှင်၊ နားနှစ်ဘက်ရှိ တလက်လက် တောက်နေသော စိန်နားကပ်ကြီးများက သူ့သည် မည်မျှချမ်းသာကြောင်းကို ဖော်ပြနေဟန်ရှိသည်။ အပါကတော့ ညနေက သူမာလာဆောင်တွင် မြင်ရသော အဝတ်အစားအတိုင်းဖြစ်သည်။

"ခိုင် . . . လာလေ ဒီမှာထိုင်၊ ခုနအရေးကြီးတဲ့ သတင်းတစ်ခု အယ်ဒီတာနဲ့ သွားပြောနေလို့ ခိုင့်ကို စကားပြန် မပြောရဘူး၊ ဒီကကြီးကြီး လည်း ခုပဲ ရောက်စရှိသေးတယ်"

အပါသည် နှင်းပန်းခိုင်ကို ပြောပြီး မိန်းမကြီးဘက်သို့ လှည့်လိုက်၏။

"ကြီးကြီး ဒါက ကျွန်တော့် နမပါ။ ကြီးကြီးပြောမယ့်စကားက သူ့အနားမှာရှိနေရင် အနှောင့်အယှက်ဖြစ်ပါသလား"

အပါ့မေးခွန်းကိုမဖြေ မိန်းမကြီးသည် ခိုင်ကိုကြည့်လိုက်၏။

"မင်းနမဆို သာကောင်းသေး၊ အပြင်ထွက်ဖို့ မလိုပါဘူး၊ ဒါမှ တစ်ခါတည်း ဆွေစုမျိုးစု ရှေ့ပြောရတာ အရသာရှိတယ်"

မိန်းမကြီးသည် ရန်တွေ့သလို ပြောလိုက်၍ အပါရော နှင်းပန်းခိုင်ပါ အံ့အားသင့်ပြီး လန့်သွားသည်။

"ငါဘယ်သူလဲ မင်းသိလား . . ."

စကားစလာတည်းက အဒေါ်ကြီးလေသံမှာ မာလှ၏။

"ငါက မင်းညနေက စကားပြောနေတဲ့ မိမိရဲ့အမေ ဒေါ်ကြာအု ဆိုတာ သိရဲ့လား"

အပါ့မျက်နှာတစ်ခုလုံးသည် ရဲ၍သွားတော့သည်။

◉ ပြီးစာဝဝ ◉

"ဟော့ . . . သူငယ်မ၊ ညည်းရောသိရဲ့လား"

နှင်းပန်းခိုင်သည် သိသည်၊ မသိသည်ထက်သူ့ကို ဟော့သူငယ်မ ဟု အထက်စီးနှင့် ခေါ်သည့်လေယူလေသိမ်းကို မကြိုက်ပေ။

"အဲဒီခေါ် ကြာအုကာ၊ မင့်အဖေ ဘကွမ်းသတ်တဲ့ မန်နေဂျာ ဦးကြော့ရှင်းစိန်းမ၊ ကဲ . . . သိပြီလား၊ မင်းတို့က ဘာအကြံနဲ့လဲ၊ အဖေလုပ်တဲ့သူက သူ့အဖေကိုသတ်၊ သားလုပ်တဲ့သူက သူ့သမီးယူမယ် အကြံနဲ့ပေါ့လေ . . . ၊ ဟော့ . . . ဒီမှာ မျက်နှာကို ကြည့်ထားလိုက်၊ ကြာအုတို့ အမျိုးထဲမှာ လူသတ်သမား၊ လူသတ်ကောင် လည်ပင်းကြိုးကွင်းစွပ်ခံသေရတဲ့လူ မရှိဘူးမှတ်ပါ . . . "

မိန်းမကြီးသည် အပြင်လူများ မကြားအောင် အသံကိုထိန်းသော်လည်း သူပြောဟန်သည် ငါးစိမ်းသည်လို အစိမ်းဝါးစားမည့်ရုပ်ပေါက်နေသည်။ တငါက်ငေါက်ထိုးနေသော လက်ညှိုးမှာ အပါ့ရင်ဘက်ကိုပင် ဖောက်၍ အသည်းကို စိုက်တော့မည့်ဟန်ဖြစ်နေသည်။

အပါသည် ဘာကိုမှ ပြန်မပြောနိုင်၊ လက်ဝါးနှင့် မျက်နှာကို အုပ်လိုက်ရင်း အသားများကဆတ်ဆတ်တုန်နေသည်။ နှင်းပန်းခိုင်ကတော့ ယခင်ကပြော့တော့အေးစက်စက် အမူအရာများ ပျောက်သွားတော့သည်။

"ဒီမှာ ကြီးကြီး၊ ကြီးကြီးတို့ကိစ္စ ဘာဖြစ်တာလဲဆိုတာ ခိုင်တော့ မသိဘူး၊ ဒါပေမယ့် စကားပြောတာ လူကြီးပီပီပြောပါ ကိုကိုပါ့ ဖေဖေဟာ ကြိုးဒဏ်လည်း မခံရသေးဘူး၊ ဒါလောက်တော့ ရင့်ရင့်သီးသီး မပြောသင့်ဘူး . . . "

"အောင်မယ် တစ်နေ့ကြိုးကွင်းစွပ်ပြီး သေရမယ်ဆိုတာ၊ ညည်းတို့မသိဘူးလား။ ငါ့လင်ကို မသေမချင်း ပစ်သတ်တဲ့အကောင် ကြိုးကွင်းစွတ်မခံရရင် ကြာအုတဲ့ရှိတဲ့ စည်းစိမ်အပြုတ် ခံမယ်သိလား . . . "

◎ ပြီးစာပေ ◎

"ကြီးကြီးဘာသာ၊ ပြတ်ချင်ပြတ် မပြတ်ချင်နေ၊ ဒီကြိုးဆိုတာ ကြီး ထည့်မပြောပါနဲ့ . . . "

"ပြောတော့ ဘာဖြစ်လဲ . . . ညည်းဝင်ပါစရာမလိုဘူး . . . ။ ဟော့ သူငယ်ရဲ့ . . . နမချင်းများစာကြည့်ပါဦး။ ဥပမာ မင်းအဖေသတ်တဲ့ သူရဲ့သားက မင်းနမ ဒီသူငယ်မကို လာကြိုက်ပါပြီတဲ့၊ မင်းခံနိုင်မလား ငါလည်းဒီလိုပဲ မှတ်လိုက်ပါ။ မင်းတို့ဆွေစုမျိုးစုကို ကမ္ဘာရန်ပဲ . . . "

"ဒီလိုပါကြီးကြီး"

အပါသည် သူ့စိတ်ကို သူတင်း၍ အသံကို အေးနိုင်သမျှအေး အောင်လုပ်ခါ၊ စကားပြန်ပြော၏။

"ကျွန်တော် မိမိကို ချစ်မိတာတော့ အမှန်ပါပဲ။ မိမိဟာ ဘယ်သူ့ သားသမီး ဘယ်မျိုးရိုးဆိုတာလည်း၊ ကျွန်တော် မစုံစမ်းမိတာ ကျွန်တော့် အမှားပါပဲ။ မိမိနဲ့ကျွန်တော်တို့ တွေ့ကြတဲ့ အချိန်ဟာလည်း ဘာမှမကြာ သေးပါဘူး၊ ဒါပေမယ့် စွဲလမ်းတယ် ဆိုတာ တွေ့ကြတဲ့အချိန်ကြာတာ၊ မကြာ၇ ၁ အပေါ်မှာ မတည်ပါဘူး၊ ဦးကြော့ရှင်းသမီးရယ်လို့လည်း ကျွန်တော့်အချစ်ကိုတော့ ပြောင်းလဲလိမ့်မယ်မဟုတ်ဘူး . . . "

"ဟော့စာရေးဆရာ စကားတွေ ငါ့ကိုလာပြောမနေနဲ့ . . . "

"မဟုတ်ပါဘူး ကြီးကြီး။ ကျွန်တော်က မိမိကို စွဲစွဲလန်းလန်းချစ် တာပါလို့ ပြောချင်လို့ပါ၊ ခုမှ ကြီးကြီးပြောလို့ ဖေဖေသတ်တဲ့သူရဲ့ သမီးဖြစ် မှန်း ကျွန်တော်သိရတာ သိပ်ဝမ်းနည်းတာပါပဲ၊ ကြီးကြီးတို့ကိုလည်း ကျွန်တော် ထပ်ပြီးကြီးကြီးကို စော်ကားတယ်လို့မထင်စေချင်ပါဘူး . . . "

"ထင်ထင် . . . မထင်ထင်ငါပြောတာကို မင်းနားထောင်စမ်းပါ။ ငါ့သမီးကို မင်းနောက်ထပ်၊ မဆက်ဆံပါဘူးဆိုးတဲ့ ကတိပေးပါ။ ကတိမပေး ရင် ဒါမှမဟုတ် မင်းပေးတဲ့ ကတိမတည်ရင်၊ မိမိကို မလာဆောင်မှာ မထား

ဘူး၊ အိမ်ပြန်ခေါ်မယ်။ အိမ်ကနေ ကျောင်းတက်တာကိုမှ၊ မင်းဆက်နောက်ယှက်ရင် ငါ့သမီးကို ကျောင်းနုတ်မယ်၊ ဟော့မင်းဆွေမင်းမျိုးတွေ ရွှေလင်ပန်းနဲ့ အချင်းဆေးတဲ့ မျိုးသန့် ရိုးသန့်တွေက၊ ငါ့သမီးကိုလိုချင်လွန်းလို့၊ ကလပ်နဲ့တင်ပြီး တောင်းနေချိန်မှာ မင်းတို့လို၊ မျိုးယုတ်လူသတ်သမား သားနဲ့ မပေးစားဘူးမှတ်ပါ . . . "

"ကြီးကြီး လွန်ပြီထင်တယ် . . . "

နှင်းပန်းခိုင်သည် ဒေါသနှင့် အော်လိုက်ခါ ဝုန်းခနဲ၊ ကုလားထိုင်မှ ထလိုက်၏။

အပါသည်နှင်းပန်းခိုင်ကို လက်နှင့်ကာလိုက်၏။

"စိတ်ချကြီးကြီး ကျွန်တော်ကြီးကြီးကို ကတိပေးပါတယ်။ မိမိသာ အမျိုးမြတ်တဲ့လူတွေနဲ့ လက်ဆက်ပြီး စိတ်ချမ်းသာပါစေ၊ ကျွန်တော့ အချစ်က ငါရမှ ပြီးတယ်ဆိုတဲ့ အချစ်မျိုးမဟုတ်ပါဘူး၊ ကျွန်တော့ချစ်သူဟာ ကျွန်တော့ကြောင့် ဂုဏ်ရော စိတ်ရော ထိခိုက်မယ်ဆိုရင် ကျွန်တော်နောက်ဆုတ်ပေးဖို့ အဆင်သင့်ပဲ . . . "

အဒေါ်ကြီးသည် နေရာမှထခါ ချာကနဲပင် လှည့်ထွက်သွား၏။ အပါကမူ ကြောင်ကြောင်ကြီး ကြည့်၍နေလေသည်။ နှင်းပန်းခိုင်မှာ အသားဆတ်ဆတ်တုန်ရုံမက မျက်ရည်များလည်လာ၏။

"ကိုကိုပါ . . . ဘာလို့ လျော့လိုက်ရလည်း အမျိုးယုတ်တဲ့၊ကြည့်စမ်း စော်ကားလိုက်တာ၊ ဦးလေးက၊ ဒေါသအလျောက်သတ်မိတာနဲ့ . . . ကိုကိုပါက အမျိုးယုတ်ရရောလား . . . ဟင်း . . . ကိုကိုပါ၊ ဘာလို့ ခံနေရလဲ။ ခိုင်ကလဲ ရန်မတွေ့တတ်လို့ သိလား ဖေဖေ့ကိုပြန်တိုင်မယ် "

နှင်းပန်းခိုင်သည် ကြောက်တတ်၍ ရန်မတွေ့တတ်သော မိန်းကလေး ပီပီရှိုက်၍ရှိုက်၍ငိုတော့သည်။

◎ ပြီးစာပေ ◎

"မငိုပါနဲ့ခိုင် . . . ကိုကိုပါကြောင့် ခိုင်စိတ်ညစ်ရတာ၊ ကိုကိုပါ စိတ်မကောင်းပါဘူး၊ အကြောင်းက ဖြစ်လာခဲ့ပြီကိုးကွဲ့ . . . ၊ ကိုကိုပါ့အဖေ ကလဲ သူ့ယောကျ်ားကို သတ်ခဲ့မိပေတာကိုး . . . ၊ ဘယ်ကြေနိုင်မလဲလေ ကိုကိုပါ စိတ်ကို ဖြေနိုင်ပါတယ် . . . "

"ကိုကိုပါ ဖြေနိုင်ပေမယ့်၊ ခိုင်တော့မခံနိုင်ဘူး၊ ဦးလေးဘကွမ်း က သတ်မိပါပြီ၊ မင်းပြစ်မင်းဒဏ်လည်း ထိုက်သလို ခံစရာရှိရင်ခံရမှာပဲ ကိုကိုပါ့မှာ ဘာအပြစ်ရှိလဲ၊ ဘာမှမဆိုင်တဲ့ အပြစ်မဲ့တဲ့ သားသမီးကိုပါ ဒါ လော်က် ရက်ရက်စက်စက်ပြောရလား ပစ်ပယ်ရလား"

"ဒီလိုလည်းရှိတယ်လေ . . . ဖေဖေသတ်စဉ်က ဦးကြော့ရှင်း တစ်ယောက်ထဲကိုပါပဲ၊ ဦးကြော့ရှင်း သေရတာကတော့ တစ်ယောက်တည်း ပါပဲ၊ ဦးကြော့ရှင်းတစ်ယောက် သေရတဲ့အတွက် ပူပန်သောကရောက်ရတဲ့ သူတွေဟာ ဘာမှမဆိုင်ကြတဲ့ ဖေဖေနဲ့ ဘယ်လိုမှ ရန်ညှိုးမပတ်သက်တဲ့ ခုန ကြီးကြီးတို့ မိမိတို့မဟုတ်လား။ အဲ . . . သူတို့ပူပန်ရသလို ကိုယ်တို့လည်း ဘာမှမဆိုင်ပေမယ့် တူသောအကျိုးပေးတာ ပေါ့ကွယ်၊ ခိုင် . . . ကဲ ငိုမနေပါနဲ့ "

"ခိုင်သိပ်ဝမ်းနည်းတာပဲ၊ မေမေက ငွေငါးရာပေးခိုင်းလို့ ခိုင် လာပေးတာ"

ခိုင်သည် သူ့လက်ပွေ့အိတ်ထဲမှ ငွေငါးရာကို ထုတ်ကာ အပါ့ကို ပေးလိုက်၏။

"ဟုတ်တယ် မေမေခိုင်းထားတာ တစ်ခုရှိလို့၊ ဒီငွေငါးရာ ကြွေးရှင် တစ်ယောက် သွားပေးရမယ်၊ ခိုင် ဒါနဲ့ ကိုကိုပါ့ကို တစ်ခုကူမလား"

ခိုင်က ခေါင်းငြိမ့်ပြလိုက်၏။ သူ့ခမျာ မိမိနှင့် နောက်ရန် အားခဲ၍ လာခြင်းဖြစ်၏။ ခုတော့ နောက်ဖို့ကိုပင် အားလုံးမေ့သွားတော့သည်။

◎ ပြီးစာပေ ◎

"နက်ဖြန်ညနေလေးနာရီခွဲလောက် မာလာဆောင်ကိုသွား ပေးပါ၊ ဟိုမှာ မိမိရှိတယ်၊ မိမိ့ကို ခိုင်သိလား"

"ခိုင်သိပါတယ်"

"မိ . . . မြက်ခင်းပေါ်မှာပဲ၊ ကိုကိုပါကို စောင့်နေလိမ့်မယ်၊ ကိုကိုပါ ဘာကြောင့်မလာတယ်ဆိုတာ ခိုင်ပြောလိုက်ပါတော့။ ခုလိုလူသတ်သမားရဲ့ သားတစ်ယောက်အနေနဲ့ ကိုယ့်အဖေသတ်ခဲ့တဲ့ လူတစ်ယောက်ရဲ့ သမီးကို မှ ချစ်မိခဲ့တဲ့ ကိုကိုပါ့ကိုလဲခွင့်လွှတ်ဖို့ ပြောပေးပါ ခိုင်ရယ်၊ ကိုကိုပါ့မှာ လောလောဆယ် စာရေးနိုင်ဖို့ အားတွေမရှိသေးဘူး။ နောက်တစ်ပတ် လောက်မှ မိမိ့ကို စာရေးမယ်လို့ ပြောလိုက်ပါနော် . . . "

ခိုင်သည် အချစ်နှင့်ပတ်သတ်၍ ကြေကွဲစရာ ဇာတ်လမ်းများကို ကိုယ်တွေ့သော်လည်းကောင်း၊ သူငယ်ချင်းများမှ သော်လည်းကောင်း တွေ့ ဖူးခဲ့သူ မဟုတ်ပေ။

အပါ့စကားဆုံးလျှင် သူသည် ကလေးငယ်လို ရှိုက်၍ ငိုတော့ သည်။

"ကဲ . . . ခိုင် မိုးချုပ်နေလို့ အိမ်က စိတ်ပူနေမယ် . . . ၊ အဖော် ပါလား "

"စိန်မေပါတယ် . . . "

"ကဲ . . . ထထ ကားထဲရောက်အောင် ကိုကိုပါလိုက်ပို့မယ်။ ညဥ့်ဘက်ဆိုတော့ တိုက်က လူရှင်းချိန်မို့ တော်သေးတာပေါ့ နို့မိုရင် ခိုင်ပို ရှက်မယ်"

အပါသည် နှင်းပန်းခိုင်အား ကားရှိရာသို့ လိုက်ပို့လိုက်၏။

နှင်းပန်းခိုင် အိမ်ရောက်ချိန်တွင် ဦးဖေမောင်ရော ဒေါ်အေးအေးပါ ထမင်းစားပွဲတွင် ထမင်းစားနှင့် နေကြသည်။ မျက်ရည်စက်လက်နှင့် အခန်း

ထဲသို့ ဝင်လာသော သမီးကိုမြင်လိုက်ရလျှင်၊ အဖေရော အမေပါ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားကြသည်။

"သမီး ဘာဖြစ်လာသလဲသမီး"

"မင်းက သမီးကို ညဥ့်မိုးချုပ်မှ ခိုင်းလိုက်တာကိုး"

ဦးဖေမောင်သည် အပြေးအလွှားလိုပင် ထိုင်ရာမှ ထခါ၊ သမီးပခုံးကို ဆီးဖက်၍ ကုလားထိုင်ရှိရာသို့ ခေါ်သွားသည်။

"ပြောပါဦး သမီးရယ် . . .၊ ဖေဖေတို့ စိတ်ပူလိုက်တာ"

နှင်းပန်းခိုင်သည် ငိုရင်း ရှိုက်ရင်း သတင်းစာတိုက်တွင်းတွင် ဒေါ်ကြာအုနှင့် ဆုံခဲ့ရသော အကြောင်းများကို အားလုံးပြောပြ၏။

"ကိုကိုပါ့ကို ခိုင် သိပ်သနားတာပဲ၊ မိမိုကိုလည်း သနားတာပဲ"

လင်မယားနှစ်ယောက်စလုံး စုတ်တသပ်သပ်၊ ခေါင်းတငြိမ့်ငြိမ့် နေကြသည်။

"ဩော် . . . ဘာမှမဆိုင်တဲ့သားသမီးတွေအထိ၊ရန်ငြိုးဆက်ကုန်ပါရောလား၊ အပါလည်း အဖေ့ကြောင့်၊ ပစ်ပယ်ခံတဲ့အဖြစ်ရောက်နေပြီ"

ဦးဖေမောင်သည် ငြိုးလိုက်ရင်း တစ်စုံတစ်ခုကို သတိရတွေးတော နေသလို နံရံကို စိုက်ကြည့်နေ၏။

"ဒါပေါ့ ကိုကိုရယ် . . . အေးဖြင့် သိပ်ကြောက်တာပဲ၊ သတ်တဲ့ ကာယကံရှင် အသတ်ခံရတဲ့ ကာယကံရှင်မှာရော၊ အတုံ့အလှည့်ပါလို့ နှစ် ယောက်စလုံး ဒုက္ခရောက်ရတယ်ဆိုတာက စိတ်ဖြေသာသေး၊ ဟိုဘက် ဒီဘက် သားသမီး မယားတွေပါလိုက်ပြီး ဒုက္ခရောက်ရ၊ စိတ်မသက်သာရနဲ့၊ ဘယ်တော့များမှ လမ်းဆုံးပါမလဲ . . . "

ဦးဖေမောင်သည် ခေါင်းတငြိမ့်ငြိမ့်လုပ်ခါ၊ သက်ပြင်းချလိုက်၏။ သတင်းစာတိုက်တွင်မှ အပါသည် စားပွဲတွင် တစ်ယောက်တည်း ထိုင်ကာ

ကျန်ရစ်၏။ ညနေက ဓာတ်လမ်းသည် မမျှော်လင့်ပဲ တိုက်ခတ် လာသော လေမုန်တိုင်း ဓာတ်လမ်းပေတည်း၊ လေမုန်တိုင်းဆိုသည်မှာ ကြိုတင်တိုင်းထွာတတ်သော လောကဓာတ်ဆရာကြီးများပင် အငိုက်မိကြရသေးသည်။ သူလိုလူအဖို့ မထင်ဘဲ ဗြုန်းကနဲ အတိုက်ခံလိုက်ရသည်မှာ မထူးဆန်းလှ ဆိုသော်လည်း သူ့အသည်းနှလုံးသားများမှာမူ လေပွေမွှေ့ ခံလိုက် ရသည်တကား . . . ။

ညနေဦးက နေခြည်များသည် မြူးနေကြ၏။ သူနှင့် မိစကားပြောစဉ်က အနီးအပါးဝယ် ရွှေပိုးမျှင်လို သွယ်သွယ်တန်းယှက်နေသည့် နေရောင်ခြည်ဝါ ဖြော့ဖြော့လေးများကို လွမ်း၍လာ၏။

သြော် . . . ဤတစ်ချိန်လေးကတော့ အေးချမ်းသာယာပါဘိခြင်း၊ လေမုန်တိုင်းမတိုက်ခင် ရာသီဥတုသည် သာယာတတ်သည် ဆိုသည်ကို သူမေ့လျော့ခဲ့မိပေသည်။ စင်စစ်မတော့ ဤအချိန်သည် မေ့လည်းမေ့ဘွယ်ကောင်းလှသည်တကား။

နေခြည်ဆန်းထားသော မိ၏ ပါးပြင်သည် ရွှေရောင်ဝင်း၍ နေပေသည်။ ပထမဆုံး မိနှင့် တွေ့စ ညကလို မိမိသည်ဝင်းဝင်းပပ လှလျက်ပင် ဖြစ်၏။ မိမိကိုတွေ့သောညဉ့်က မီးရောင်စုံများ အောက်တွင် ဖြစ်သည်။ မိမိသည် သာသနာပြုကျောင်းသူဟောင်းတစ်ယောက်ဖြစ်သည်။ ထိုကျောင်း၏ အလှူဈေးနေ့တွင် တက္ကသိုလ်ရောက်နေပြီဖြစ်သော မိက လာရောက်ကူရောင်းခြင်းဖြစ်ပေသည်။ မီးရောင်းနေသော ကျောက်ကျော ပန်းရောင်တုံးလေးကို စားရင်း မိကိုသူ တစိမ့်စိမ့်ကြည့်နေမိသည်။

မိက သူငယ်ချင်းများနှင့် ပြုံးနေတော့လည်း၊ သူကရောယောင်၍ ပြုံးနေမိပေသည်။ ဘာမှမသိသောမိက သူ့မျက်နှာကို ဖြတ်ခနဲ လှမ်းအကြည့် လိုက်တွင်လည်း သူသည် မိမိကို "ရောယောင်ပြုံးမျက်"နှင့် စိုက်ကြည့်

နေမြဲဖြစ်သည်။ မီက ရက်စနိုးနှင့် မျက်နှာလွှဲလိုက်သောအခါတွင်မှ သူ့ကိုယ်သူပြန်၍ သတိရသည်။ သို့သော် မီ၏ ရက်စနိုးဟာန်လေးကို သူကပို၍ချစ်ပေသည်။

အယ်ဒီတာက သူ့အား ဤကျောင်းများ၏ အလှူစျေးများတွင် သောင်းကြမ်းတတ်သည့် လမ်းသရဲလေးများ သတင်းကိုအနံ့ခံခိုင်းသည့် တာဝန်ကိုပင် သူခေတ္တခဏ မေ့လျော့သွားပေသည်။

ထိုနေ့ညက မီမီ့အနားမှ သူမခွာရက် အတော်လေး ညဦးနက်မှပင် လရောင်အောက်တွင် တစ်ယောက်တည်း ရောက်၍ ပြန်လာခဲ့သည်။ ဤလရောင်များ မြူးသော ညဦးကသူ့အသည်းမေပြင်ဝယ် အချစ်၏မျိုးစေ့များ စတင် ပျံ့ပွားလာခဲ့ကြသည်။ ထိုစဉ်ကသာ သိလိုက်ပါတော့။ ခပ်စောစော အချိန် ကသာ၊ သူချစ်သော မီ၏ အဖေသည် သူ့အဖေဦးဘကွမ်း သတ်လိုက်သော သတ္တုတွင်း မန်နေဂျာ ဦးကြော့ရှင်း ဟူ၍ သိခဲ့ပါလျှင်၊ သူ့အသည်းနှလုံးဝယ် ချစ်ပွင့်များပင် ဝေဆာလာသည်ဆိုဦးတော့ ဇာတ်လမ်းက တစ်မျိုးပြောင်းချင် ပြောင်း၍လာပေလိမ့်မည်။ သူ့အချစ်ကိုမူ ပြောင်းလဲ၍ ပစ်မည်မဟုတ်ပေ။

ယခုတော့ သူသည် ဦးကြော့ရှင်းကိုသာ သိခဲ့သည်။ "မီ"ဆိုသည်မှာ ဦးကြော့ရှင်း သမီးဆိုသည်ကို မသိခဲ့ပေ။ တရားခွင်တွင် ရုံးဆိုင်ရသော နေ့များတွင် ကျောင်းတစ်ဝက် အလုပ်တစ်ဖက်လုပ်နေရ၍ တစ်ကြောင်း ဝက်ခြံလေးထဲတွင် နေရသော အဖေ့ကို မကြည့်စေလို၍ တစ်ကြောင်း မေဘဲလ်က သူ့ကိုခေါ်၍သွားခဲ့ပေသည်။ သူတွေ့ချင်လျှင် အဖေလုပ်သူကို ထောင်ဝင်စာသာခံ၍ တွေ့မြဲဖြစ်ပေသည်။ အကယ်၍ တရားခွင်မှာသာ ခဏခဏ ဆုံမိပါလျှင်လည်း မီကို မတွေ့ဘူး ထားဦးတော့ မီမီ၏ မေမေဒေါ်သရဲ သဘာက်ကိုမူ သူအနည်းဆုံး တွေ့ဖူးမည် ဖြစ်ပေသည်။

◎ ပြီးစာပေ ◎

အကြောင်းဆိုသည်မှာ မဆင်ဘဲနှင့်လည်း ဖြစ်တတ်ပေသကို။ အပါသည် သက်ပြင်းကြီး ချလိုက်၏။

ညနေက တွေ့ဆုံကြခြင်းမှာ မိကို ချစ်ကြောင်းဖွင့်ဟဆက်သွယ်ပြီးမှ ပထမဆုံး တွေ့ကြရခြင်း ဖြစ်ပေသည်။ သူ့လို ကိုယ့်ခြေပေါ်ကိုယ်ရပ်နေရသည့် ကျောင်းသားတစ်ယောက်အဖို့ တစ်ခါတစ်လေမှ ကျောင်းစာသင်တန်းကို အပြေးအလွှား လာတက်ရ၊ တက်ရချိန်ကလည်း မိနှင့်ဘာသာရပ်ခြင်း အတန်းချင်းမတူပေ၊ ထို့ကြောင့် တက္ကသိုလ်ကျောင်းသူ ကွန်ဗင့်ကျောင်းမှာမှ သူတွေ့ခဲ့ရသည်။

မိသည် အမေနှင့်မတူ အေး၍ ခပ်ကုပ်ကုပ်နေသူလေးဖြစ်သည်။ မိနှင့် ရင်းနှီးရတော့မှ မိမိသည် ပွင့်စပန်းလို စင်ကြယ်သည်၊ နုနယ်၍ ဖွေးဖွေးရွရွ လှပသော ချစ်ဖွယ် "ပန်းဦး" လေးပါတကား။

ယခုတော့ ပန်းလေးကို နမ်းမည်ဟု ကိုင်စဉ်မှာမှ မမျှော်လင့်သောမုန်တိုင်းကဝင်၍ တိုက်ခတ်ရက်လေခြင်း၊ လေထဲတွင် ပျံ့ဝဲကာ အဝေးသို့ လွင့်စဉ်သွားပြီးဖြစ်သော ပန်းလေးကို အပါသည် တိုး၍တိုး၍ မြင်ယောင်လာသည်။

ပန်းပွင့်သည် ဝေး၍ဝေး၍သွားစဉ် မှေးမှိန်ပျောက်ကွယ် သွားဖို့ကောင်း၏။ ယခုတော့ အဝေးသို့ရောက်ပါမှ ပို၍ ထင်ရှားလာပြန်ပါပကော။

အပါသည် မရေတွက်နိုင်သော ပင့်သက်များကို ထပ်ခါထပ်ခါ ရှူနေပေသည်။ ဖောင်ပိတ်ချိန် ရောက်၍ စက်သံမှတပါး သတင်းစာတိုက်တစ်တိုက်လုံး တိတ်ဆိတ်ငြိမ်သက်နေကြသည်။ အပါက သူ့ရှေ့ရှိသတင်းရေးသော စာရွက်ဖြူပေါ်တွင် အဓိပ္ပာယ် မရှိမျဉ်းကြောင်းများကို လျှောက်၍ ဆွဲနေသည်။ မျဉ်းကြောင်းများသည် စာရွက်ပေါ်တွင် ရှုတ်ရက်ခတ် ဖြတ်သန်းနေကြသည်။

◎ ပြီးစာပေ ◎

နောက်ဆုံး သူသည် မျဉ်းဖြောင့် နှစ်ကြောင်းကို ကြက်ခြေခတ် ဆွဲလိုက်သည်။ ထိုမျဉ်းဖြောင့်နှစ်ကြောင်းကို သူသေသေသချာချာ ပြန်ကြည့်မိ၏။ တစ်ကြောင်းနှင့်တစ်ကြောင်း ဖြတ်သန်း၍ ဆုံရာအမှတ်လေးကို ဖောင်တိန်ဖျားနှင့် သေသေချာချာ အဝိုင်းအစက်လေး လုပ်လိုက်သည်။

စင်စစ်တော့ သူနှင့်မီသည် ကြက်ခြေခတ်ဆုံမိသော မျဉ်းဖြောင့် နှစ်ကြောင်းသာတည်း။ ကြက်ခြေခတ်ဆုံသော မျဉ်းဖြောင့် နှစ်ကြောင်းတို့သည် တစ်နေရာတွင် တစ်ခါတော့ ဆုံကြသည်။ သို့သော် မျဉ်းဖြောင့်များ၏ အဖျားနှစ်ဘက်ကို ဆက်လက်ဆွဲသား လျှင်မူ၊ ဆွဲလေလေ၊ ဝေးလေပါ တကား။ အပ့ါရင်ထဲတွင် မျှော်လင့် ခြင်းသည် တဖြည်းဖြည်း လျော့ပါး၍ လာသောအခါတွင်မှ သူနှင့်မီဝေးကြခြင်းသည် တကယ်ပါတကားဟု တစိမ့်စိမ့် တွေးလာမိသည်။ တစိမ့်စိမ့် တွေးတော်မှ ပို၍ ဆွေးရပြန်သည်။

"ဆုံမှတ်"

ဆုံခဲ့ကြသည့် အမှတ်နေရာကလေးကဖြင့် လွမ်းစရာ ကြည်နူးစရာ ကောင်းလှသည်ဖြစ်ခြင်း။ ဤ "ဆုံမှတ်" ကလေးကို တရေးရေးပြန်တွေး၍ နေရပေဦးတော့မည်။ ဆုံလိုက်ရသည့်အချိန်ကလည်း ဘာမှ မကြာလိုက်ရပေ။

"မင်းလိုလူသတ်သမားရဲ့သားမျိုး ယုတ်တဲ့လူနဲ့ ငါ့သမီးကိုမပေးစားဘူးမှတ်ပါ . . ."

ဒေါ်ကြာဥအသံသည် သူ့နားထဲကျယ်ကျယ်လောင်လောင်ကြီး ပြန်ကြားလာသည်။ စက်သံကိုပင် လွှမ်းကာ အကျယ်ကြီးအော်ဟစ်လိုက်သလို ထင်လာ၏။သူသည် နားနှစ်ဖက်ကို လက်နှင့်ပိတ်ရင်း စားပွဲပေါ် မျက်နှာမှောက် ၍ ချလိုက်တော့သည်။ ဒေါ်ကြာအု . . . နာမည်က အလွန်လှသော အမည်သာတည်း။ အေးမြကြည်လင်သော ရေတွင် ပေါက်သည့်

ကြာပွင့်ကြာစွယ်၏ အုပ်ဟူ၍ အမိပွားယ်ရသော်လည်း ယခုဒေါ်ကြာအုက တော့ လေမုန်တိုင်းကို မဆင်ဘဲ တိုက်ခတ်နိုင်သော မုန်တိုင်းသခင် လေနီကြမ်းရှင်ကြီးပါတကား။

အပါသည် သတင်းစာတိုက်မှ အချိန်ကုန်လျှင် ဘယ်ကို သွားရမည်မသိ အိမ်ကိုလည်း မပြန်ချင် အိမ်ကိုရောက်လျှင်လည်း မေမေ့ကိုတွေ့ရဦးမည် မဟုတ်ပေ၊ ခြောက်သွေ့၍ တိတ်ဆိတ်သော အိပ်ရာပေါ်တွင် တစ်ယောက်တည်းမအိပ်ချင်ပေ။

သူမပြန်ဘဲ နေပါလျှင်လည်း မေမေက သူ့အတွက် စိတ်ပူပေဦးမည်။ သူသည် အလုပ်များကို လက်စသတ်လိုက်၍ အိမ်ကိုပြန်ရန် ထွက်လာသည်။ လူရှင်းနေသော ကတ္တရာလမ်းပေါ်တွင် လျှောက်လာခဲ့၏။ ကောင်းကင်တွင် လတစ်ခြမ်းပဲ့လေးသာ လင်းနေပေသည်။ လသည် သူလိုပင် ပြည့်ပြည့်စုံစုံမဟုတ်၊ တစ်ခြမ်းပဲ့နေရသည့်အထဲ အပါးတွင် ကြယ်များသည် မစုံလင်ပေ။ လပြည့်ဝန်းတွင်မှ ကြယ်များသည် ဝန်းရံခကာ စုံစုံ လင်လင် ထွန်းပကြသည်မှာ ဓမ္မတာပေပင်လော။

သူမြင်နေရသော လခြမ်းပဲ့လေးနံဘေးတွင်မူ မှိတ်တုတ်မှိတ်တုတ်နှင့် ကြယ်လေးတပွင့် လင်းနေသည်။ သူသည် အားတက်သလို ရှိသွားသည်။ နှင်းပန်းခိုင် မျက်နှာလေးကို ရုတ်တရက် မြင်ယောင်လာသည်။ မဆီမဆိုင် ညနေက သူ့အပါးတွင် ခိုင်တစ်ယောက် စိတ်ဆင်းရဲ ခံလိုက်ရသည်ကို သတိသွားရမိတော့သည်။

လကို ဆက်၍ မော်မကြည့်တော့ဘဲ ခေါင်းငိုက်စိုက်ချကာ အိမ်သို့ ပြန်လာခဲ့တော့သည်။

⊙ ပြီးစာပေ ⊙

၆

မြက်ခင်းပေါ်တွင် ရပ်နေသော၊ မိမိုကို မြင်လိုက်ရသော နှင်းပန်းခိုင်သည် ရုတ်တရက် ခြေလှမ်း၍ မရပေ။ သူသည် မာလာဆောင်ဆင်ဝင်အောက်တွင် ရပ်ရင်း၊ မာလာဆောင်ကို နောက်ခိုင်းကာ ချစ်သူလာမည့်ဘက်သို့ မျှော်နေပုံရသည်။ ဤအဖြစ်ကို မြင်ရကာမှ ခိုင်က ပြေးဝိုလိုက်ချင်သည်။ ဤနေရာတွင် ကာယကံရှင် မင်းသမီးက လွမ်းရမှာထက် ခိုင်က ပိုလွမ်းနေသည်ဟု သူ့ကိုယ်သူ ထင်လေသည်။

မိမိသည် လည်ကိုဆန့်၍နေရာမှ၊ ပင့်သက်ကို ရှူကာ နောက်ဘက်သို့ ပြန်လျှောက်လာသည်။ မနေ့ညနေကလို ပြာသောလုံချည်ရောင်ကို မဝတ်တော့။ ယနေ့ သူ့လုံချည်ရောင်ည ခရမ်းရောင့်ရင့်ရင့် ပိုးတွန့်ကြောင်လေး ဖြစ်သည်။ သူ့အသားနှင့် ထဘီမှာ လိုက်ဖက်တင့်မောလှသည်။ ဖြူစင်သော ပိုးတွန့်အတူလုံချည်ကြောင့် ထဘီရောင်သည် ပို၍မရောင်တောက်နေလေသည်။

"မီ ဘယ်လိုပဲ မျှော်မျှော် မီရဲ့ချစ်သူတော့ မလာတော့ဘူး"

◎ ပြီးစာစပ ◎

ပန်းလေးများသည် စကားဆိုဟန်နှင့် သူ့ဘက်ကို ညွတ်ကာ တိမ်းကာ ခေါင်းငြိမ့်ကာနှင့် ပြောကြ၏။ မီကတော့ သိပုံမပေါ်ပေ။ ခိုင်ကမူ ပန်းကလေးများ စကားကို သိပြီးသူမို့၊ မနေ့က တင့်တယ်လှသည်ဟု ထင်သော ဤပန်းပွင့်လေးများကို ယနေ့ညနေ မကြည့်ရက်တော့ပေ။

မီက သူ့ရှေ့တည့်တည့်မြက်ခင်းပေါ်တွင် စာအုပ်များကိုပိုက်ကာ၊ မားမားကြီးရပ်နေသော နှင်းပန်းခိုင်ကို မြင်လိုက်ရလျှင်၊ လန့်သလို တုန်သွား၏။ သူမျှော်နေသူမှာတစ်ယောက်၊ ရပ်နေသူမှာတစ်ယောက် ဖြစ်နေတော့သည်။

"ခိုင် စာအုပ်လာယူတာလား"

မီကခိုင်၏ပုခုံးကိုကိုင်ကာ၊ နှုတ် ဆက်လိုက်သည်၊ ခိုင်သည် စိတ်ကိုလည်းတင်းလိုက်၏၊ မျက်နှာကိုလည်း ရှင်နိုင်သလောက်ရွှင်အောင် ထားလိုက်၏။

"ခိုင် စာအုပ်မယူတော့ပါဘူး၊ မိမို့ ကိုလာတွေ့တာပါ၊ မိမိနဲ့ စကားပြောချင်လို့"

မီသည် လမ်းပေါ်ကို သမင်လည်ပြန်လေး တစ်ချက်လှည့်ကြည့်လိုက်ပြန်လျှင် ခိုင်က သက်ပြင်းတစ်ချက်ချလိုက်မိပြန်သည်။

"ဒီမြက်ခင်းပေါ်မှာပဲ ထိုင်ကြရအောင်"

နှင်းပန်းခိုင်သည် စာအုပ်များကို မြက်ခင်းပေါ်ချ၍၊ သူ့အရင်ထိုင်လိုက်၏၊ သူဘာကစ၍ ပြောရမည်ကို မနည်းစဉ်းစားနေသည်။ မိမိသည် သူ့အမေထံမှ တစုံတရာ ဘာကိုမှ သိထားပုံမရ၊ အပြစ်ကင်းစင်သော ကလေးတစ်ယောက် မျက်နှာဟန်မျိုးနှင့် နှင်းပန်းခိုင်မျက်နှာကို ကြည့်နေသည်။

"ဘာပြောမလို့ လဲခိုင် . . ."

◎ ပြီးပါပြီ ◎

နှင်းပန်းခိုင်သည် နေရောင်ထိနေသော မရမ်းပင် ရွက်ဖျားများကို မျှော်ကြည့်ရင်း စကားစပြော၏။

"ကိုကိုပါဟာ . . . ခိုင်နဲ့ဆို၊ မောင်နှမဝမ်းကွဲ တော်တယ်၊ နှစ်ဝမ်းသုံးဝမ်းကွဲလောက်ပေါ့လေ"

"အို: . . . ယူတို့ဆွေမျိုးတွေပါလား" မိက ဝမ်းပန်းတသာနှင့် ပြောလိုက်ပြန်သောအခါ၊ ခိုင်သည် ရှေ့စကားဆက်ရန် "အ"သွားပြန်တော့သည်။

"အင်း . . . ဟုတ်တယ်၊ အမျိုးတွေပေါ့၊ ဒီညနေ . . . မိမျှော်နေလိမ့်မယ်တဲ့၊ သူမလာနိုင်တဲ့အကြောင်း ခိုင်သွားပြောပါဆိုလို့ ခိုင်လာပြောတာ"

"ဩော် . . . ခိုင်ကလဲကွာ . . .၊ လန့်လိုက်တာ ဒါကိုပဲ တကတည်း တလုံးချင်းပြောနေလိုက်တာ၊ ခိုင်တို့မောင်နှမတွေ တူတယ်နော်၊ ကိုကိုပါလဲ စကားပြောရင်အေးစက်စက် တစ်လုံးချင်း အားယူပြောနေတာပဲ . . ."

"ဝမ်းထဲကပူတော့ ပါးစပ်ကပြောရတာ မသွက်ဘူးပေါ့၊ မိမိ"

"ဘယ် . . . လို . . ."

မိမိသည် နှင်းပန်းခိုင်မျက်နှာကို စူးစိုက်ကြည့်လိုက်၏၊ ယခုမှ နှင်းပန်းခိုင်မျက်လုံးထဲတွင်၊ နောက်ခံအရိပ်ပွါယ်များ အများကြီးရှိနေသည်ကို သတိထားမိသည်၊ နှင်းပန်းခိုင်သည် သူ့ရှေ့ရှိစာအုပ်ပုံကို အလုပ်မရှိအလုပ်ရှာသလို၊ တစ်အုပ်စီဖြန့်နေ၏။

"ဩော် . . . ကိုကိုပါတို့ ခိုင်တို့ဆိုတာ၊ အပူသယ်တွေ ဆိုတော့၊ ရင်ထဲ မအေးတော့ စကားပြောရတာ မသွက်လက်ဘူးလို့ပြောတာ"။

"ဘာကို မအေးတာလဲ . . ."

⊚ ပြီးစာပေ ⊚

မို့မျက်နှာလေးသည် စိုးရိမ်သော အရိပ်အရောင်၊ ယခုမှလွှမ်းလာသည်။

"ကိုကိုပါက မှာလိုက်သေးတယ်၊ သူဟာ သူ့အဖေက သတ်မစ်လိုက်တဲ့သူရဲ့ သမီးကိုမှ ချစ်မိတဲ့အတွက်၊ သူ့ကိုခွင့်လွှတ်ပါတဲ့ . . ."

"ဘာ . . . နိုင်ဘာပြောတယ်"မိမိသည် တခဏခြင်းပင် အတော်လှုပ်ရှားသွား၏၊ နိုင်၏ တစ်ကိုယ်လုံးကိုပင် ဆွဲလှုပ်လိုက်သည်။

"ပြောနေပါပကောမီ . . .၊ သူက မိမို့ကိုချစ်ပြီးမှ မိမိဟာ သူ့အဖေသတ်လိုက်တဲ့ ဦးကြော့ရှင်းရဲ့ သမီးမှန်းသိတယ် . . ."

မိမိသည် မျက်ရည်များတွေတွေကျလာ၏။

"ကိုကိုပါဟာ၊ လက်စသတ်တော့ ယစ်မျိုးဝန်ထောက် ဦးဘကွမ်းရဲ့သားကိုး . . .၊ ကိုယ်တို့လူငယ်တွေဟာ ချစ်တယ်ဆိုတာသာသိတယ်၊ မျိုးရိုးကိုမစစ်မိတတ်ကြဘူး"

မိမိက လက်ကိုင်ပဝါ အဖြူလေးနှင့် မျက်နှာကို တို့ကာ ပြောလိုက်၏။

"အခု မျိုးရိုးကိုသိသွားတော့ ကိုကိုပါကို မိမုန်းသွားပြီပေါ့"

နှင်းပန်းနိုင်သည် ထိုမေးခွန်းကို ဖြတ်ခနဲမေးလိုက်၏၊ မိကား မျက်ရည်ရွှဲနေသော မျက်လုံးများနှင့် ပန်းလေးများ ရှိရာသို့ စိုက်ကြည့်နေ၏၊ အတန်ကြာငေးနေပြီးမှ ပြန်ပြောလိုက်သည်။

"မိ . . . ကိုယ့်စိတ်ကို၊ ကိုယ်ပြန်မေးကြည့်ပါတယ် နိုင်ရယ် . . ဖေဖေ့ကို သတ်တဲ့လူကိုတော့ မိလည်း မုဒေဇဉ်ပဲ၊ ဘယ်ကြေပါ့မလဲ၊ ဒါပေမဲ့ အပြစ်မယှ်တဲ့ ကိုကိုပါအပေါ်မှာတော့၊ မိဘယ်လိုလုပ်မုန်းမလဲ "

"မိမမုန်းရင်ပဲ၊ နိုင်ကဝမ်းသာလှပါပြီ၊ ဒီကိစ္စဖြစ်ရတာ မို့မေမေက မနေ့ကလာပြောလို့ပဲ၊ သူ့ရင်ထဲမှာတော့ မျိုးရိုးဆက်ပြီး ကမ္ဘာမကြေပဲ"

◎ ပြီးစာပေ ◎

"ဟင် . . . ဒါတွေကို မီဘာမှ မသိဘူး . . ." နှင်းပန်းခိုင်သည်၊ မနေ့က ဒေါ်ကြာအုနှင့်တွေ့ခန်းကို ပြန်လည်ပြောပြ၏၊ သူ့စကားဆုံးလျှင်၊ မီသည်ခေါင်းငုံ့ကာ တရှုံ့ရှုံ့ငိုနေသည်၊ မီ၏ မျက်ရည်စက်များသည် ခိုင် ယူလာသော စာအုပ်များအနက် တစ်အုပ်ပေါ်သို့ ကျနေသည်၊ စာအုပ်၏နံ မည်ပေါ်တွင် မျက်ရည်စက်များ စိုရွှဲနေသည်၊ ခိုင်ကစာအုပ်အမည်ကို ဖတ်ရင်း ရုတ်တရက် လန့်သွားသည်၊ စာအုပ်သည် ကမ္ဘာကျော်စာရေး ဆရာကြီး ရှိတ်စပီးယားရေးသည့်"ရိုမီယိုနှင့်ဂျူလီယက်"ဖြစ်သည်၊ သူသည် နံနက်က ဂျူလီယက်ဆိုဇာသင်ရာမှ၊ ဆရာကကြီးက ရိုမီရိုနှင့် ဂျူလီယက် အကြောင်း ကို ပြောပြ၍၊ ထပ်မံဖတ်လိုသောကြောင့် စာကြည့်တိုက်မှ ငှားလာခြင်း ဖြစ်သည်။ ချက်ခြင်းပင် ခိုင်သည် စာအုပ်ကို ကောက်ယူရန် ပြင်လိုက်၏၊ ခိုင်ဆွဲမယူခင်၊ မီက စာအုပ်ကိုလက်နှင့် ဖိထားလိုက်သည်၊ ထိုစာအုပ်ကို သူ့ဖာသာဆွဲယူ၍ ရင်ခွင်တွင် ပိုက်ထားလိုက်၏၊ အမျိုးချင်းမတဲ့၍ ရိုမီရိုနှင့် ဂျူလီယက်တို့အသည်းကွဲခန်းနှင့်သေပြီး အလွမ်း နှင့် ဇာတ်သိမ်းခန်းသည် သူတို့ကိုများ ရည်ညွှန်းလေဦးမလား . . .။

"ဒီလိုသာအမျိုးနှစ်ဘက်၊ မတည့်လို့ လက်စားချေကြတာနဲ့၊ မီနဲ့ ကိုကိုပါ ကွဲရရင်တော့ . . ."

မီသည် တစ်လုံးချင်း လေးလေးတွဲ့တွဲ့ပြောနေရှာသည်။

"မဟုတ်ဘူးမီ မဟုတ်ဘူး၊ ဒါကတော့မဖြစ်ရဘူး . . ."

ခိုင်သည် ကြောက်ရွံ့ထိတ်လန့်သွားသလို မီမီ၏ ပခုံးနှစ်ဘက် ကို လှုပ်ခါပြောလိုက်၏၊ မီပင် . . . ရုတ်တရက် ခိုင်၏ချောက်ခြားမှုအ တွက် အံ့အားသင့်သွားသည်။

"ဟုတ်တယ် . . .၊ ခိုင်ပြောတာကို မီနားမလည်ဘူးထင်တယ်၊ ရိုမီရိုနှင့် ဂျူလီယက်ဟာ သူတို့အသက်ကိုစတေးပြီး မိဘမျိုးရိုးနှစ်ဘက်၊

သတ်ဖြတ်နေတဲ့ ရန်ငြိုးကို အစတုံးအောင် လုပ်လိုက်ကြတယ်။ ပြဇာတ် တစ်ခုအနေနဲ့ ဇာတ်နာပြီး သိပ်လွမ်းစရာ ကောင်းတာပဲ၊ မီနဲ့ကိုကိုပါက တကယ့်ဇာတ်လမ်း၊ ဒီလိုမဖြစ်ရဘူး၊ အချစ်အတွက်နဲ့ အသက်စွန့်ပြီးသွား ကြတဲ့အနေနဲ့၊ မီတို့ဇာတ်လမ်းကို အဆုံးမသတ်ရဘူး၊ ဟင့်အင်း . . . ခိုင်လက်မခံနိုင်ဘူး . . ."

ခိုင်သည် မျက်လုံးလေး ဝင်းဝင်းတောက်ကာ၊ တကယ်ပင် လေး လေးနက်နက် မီ့ကိုကြည့်ပြီးပြောပြနေ၏။

"ခိုင် . . . မီတို့တွေဟာလူတွေ၊ ဒီလူတွေဟာလည်း ဇာတ်သမား တွေပဲ၊ သူတို့ဟာ ပြဇာတ်တစ်ခုထဲက ဇာတ်ကောင်တွေလိုပဲ၊ ကိုယ့်ဇာတ် လမ်း ကိုယ်သိမ်းချင်သလိုမှ သိမ်းလို့မရပဲ . . ."

"ဒါပေမယ့်–အချိန်တွေ အများကြီး ရှိသေးတယ်မီ၊ ကြံနိုင်ဖန်နိုင် တာတွေ ကူညီမယ့် အသိုင်းအဝိုင်းတွေ တပြုံကြီး ရှိပါသေးတယ်၊ ဖြည်း ဖြည်း စဉ်းစားပြီး ခေါင်းအေးအေးနဲ့ လုပ်ကြရအောင် . . ."

မီမီသည် ခိုင့်ကိုလေးလေးစားစား ပြန်ကြည့်၏၊ ခိုင်သည် ရုတ် တရက်ကြည့်လျှင် အေးတိအေးစက်၊ ရေသာခိုလိုက်နေသော မိန်းကလေး တစ်ယောက်ဟန်မျိုး ပေါက်နေသော်လည်း တကယ်ကျဉ်းထဲကြပ်ထဲရောက် လျှင်၊ လေးလေးနက်နက် တွေး၍၊ ရဲရဲဝံ့ဝံ့ ပြောတတ်ရှာသူ တစ်ယောက် ဖြစ်သည်ကို သူနားလည်လာ၏။

"ကဲ . . . မီတို့နှစ်ယောက်က သေလိုက်ပါပြီတဲ့၊ သုံး–လေးရက် တော့ သတင်းစာတွေက အကျယ်တဝင့်ရေးကြမယ်၊ ဒါတောင် မိဘတွေက သတင်းစာတွေ မသိအောင် ဖုံးကြရင်၊ မီတို့ဇာတ်လမ်းကို ဘယ်သူမှလည်း မသိဘူး၊ ရိုမီရိုနှင့် ဂျူလီယက်လို လွမ်းစရာပြဇာတ်အနေနဲ့လည်း၊ ဘယ်သူ မှလည်း တခမ်းတနား ရေးမှာမဟုတ်ဘူး၊ နှစ်ဘက်မိဘတွေရော၊ တစ်ဦး

နဲ့တစ်ဦး အမြင်မှန်ပြီး လက်စားမချေဘူးလို့ ပြောနိုင်မလား၊ ဦးလေး ဦးဘကွမ်းမှာလည်း တရားဥပဒေအရ၊ ဥပဒေက အပြစ်ပေးသလို ခံရမှာပဲ မင်းတို့သေရင်သာ၊ မီမီ့မေမေမှာလည်း လင်လည်း အသတ်ခံရသေး . . သမီးလည်းဆုံး၊ အန်တီမေဘဲလ်မှာရော . . .၊ လင်က ကြိုးပေးခံရချင်လဲ ခံရမယ်၊ ဒီအထဲသားကဆုံး၊ ဒုက္ခတွေ ဘယ်လောက်ရောက်ကြမလဲ၊ မီမီတို့ ရည်ရွယ်ချက်ကရော ဖြစ်ရောတဲ့လား၊ ရုပ်ရှင်ထဲကလို လိပ်ပြာဝိညာဉ်လေး နှစ်ခု၊ ထ,ဘက်ပြီး လေထဲပျံဝဲသွားမယ်ထင်လား . . .၊ စိတ်ကူးယဉ်တွေ လိုက်မလုပ်ချင်ပါနဲ့မီမီရယ် . . .၊ မီ . . . ခိုင်ပြောတာ သဘောပေါက်ပြီလား"

မီမီသည် ခိုင့်ကို ကျေးဇူးတင်သော မျက်လုံးလေးနှင့် ကြည့်ရင်း၊ ခေါင်းငြိမ့်ပြ၏။

"အခု–မီ . . . ခိုင့်ကို ကတိပေးရမယ်၊ အချစ်ကိစ္စနဲ့ပတ်သက်ပြီး၊ ကိုယ့်အသက် ကိုယ်ရန်မရှာပါဘူးလို့ . . . နော်"

"မီ . . . ကတိပေးပါတယ်ခိုင်"

နှင်းပန်းခိုင်သည်၊ မီ၏လက်ထဲမှ ရိမီရိနှင့် ဂျူလီယက်စာအုပ်လေးကို ပြန်၍ဆွဲယူလိုက်၏။

"ကိုကိုပါကိုသာပြောပေးပါခိုင်ရယ်၊ မီတို့မေမေ မဆူအောင် မီလဲ အိမ်ခြေရရနေမယ်လို့၊ ဒီကြားထဲသာစာတွေမီ့ဆီရောက်အောင်တနည်းနည်း နဲ့ပို့ပေးပါဆိုတာ ပြောပြပါနော်"

"စိတ်ချ ခိုင်ပြောပြပါ့မယ်၊ ကဲ ခိုင်လည်းပြန်တော့မယ်"

ခိုင်သည်နှုတ်ဆက်ပြီးပြန်လာခဲ့၏၊ အိမ်ရောက်လျှင် မနေ့က လိုပင် ဖေဖေ့ကို မတွေ့ရ။ မေမေတို့ အပြင်ထွက်မည့်ဆဲဆဲ ဟန်နှင့် တွေ့ရ သည်။

"မေမေ ဘယ်သွားမလို့လဲ"

မေမေက သူ့အမေးကို မဖြေခင်၊ သူ့စာဖတ်ခန်းသို့ ခေါ်သွားသည်။ စာဖတ်ခန်းထဲရောက်မှ အသံတိုးတိုးနှင့် သူ့ကို မှာသည်။

"ဖေဖေ ပြန်လာရင်၊ မေမေ အပြင်ခဏသွားတယ်လို့ ပြော။ မေမေ သွားမှာကတော့ ရဲမင်းကြီး ဦးကြာဝင်းအိမ်"

"ဦးကြာဝင်းအိမ်သွားတယ်လို့ မပြောရဘူးလား"

နှင်းပန်းခိုင်သည် အဓိပ္ပာယ် နားမလည်သလို၊ မေးလိုက်၏။

"ပြောသင့်တော့မှ မေမေကိုယ်တိုင်ပြောမယ်။ ခုဒီလိုဖြစ်နေ တယ်။ သမီးဖေဖေ မြစ်ကြီးနားကို သွားဖို့ စီစဉ်နေတယ်လို့ ဦးအောင် ကျော်ဆီက မေမေ သတင်းရထားတယ်။ အဲဒါ မသွားဖြစ်အောင် မေဘဲလ် နဲ့ မေမေစီစဉ်နေတယ်။ ကိုဘကွမ်းအမှု မတ်လလောက်မှာ တရားလွှတ်တော် ချုပ်က အဆုံးအဖြတ်ပေးလိမ့်မယ်။ ခုကစပြီး အဲဒီအချိန်အထိ၊ ဖေဖေဘယ် မှမသွားပါနဲ့ ဒီမှာ ရှိစေချင်တယ်လို့ မေဘဲလ်ကနေ တစ်ဆင့်လှည့်ပြီးပြော ခိုင်းထားရတယ်။ ပြီးတော့ တစ်ကိစ္စကလဲ ဦးကျော်ညွန့်မှာ တခြားအကျင့် စာရိတ္တနဲ့ပတ်သက်ပြီး ကိစ္စတွေ ရှိနေတော့၊ သူ့ကိုအထက် လူကြီးတွေက ပင်စင်သွားခိုင်းဖို့ဟာ ရက်နီးလာပြီ။ ပင်စင်ရလို့ ဦးကျော်ညွန့် ဒီပြန်လာ ရင် အဲဒါက တစ်ဒုက္ခ၊ သမီးဖေဖေနဲ့ ဆုံမိကြပြန်ရော၊ အဲဒီကိစ္စလဲ တိုင် ပင်ရအောင် ဦးကြာဝင်းအိမ်သွားမှာ၊ မနေ့ကတော့ မေဘဲလ်နဲ့သွားတွေ့ တာ၊ ဦးကြာဝင်းကလဲ၊ နေ့လယ်ဘက်မအားတော့၊ ညနေမှပဲ တွေ့ရမယ်။ ကဲ . မေမေသွားမယ်"

ဒေါ်အေးအေးသည် ကားနှင့်ထွက်သွားရာ၊ အိမ်တွင် မြေးအဘွား နှစ်ယောက်တည်း ကျန်ရစ်ကြသည်။ ညဥ့်မိုးချုပ်စ ပြုလာသော်လည်း၊ ဖေဖေရော မေမေပါ ပြန်မလာကြသေးပေ။ နှင်းပန်းခိုင်သည် စာဖတ်ခန်း ထဲသို့ ဝင်လာ၏။ အဘွားသည် စာဖတ်ခန်းထဲတွင် ဝိနည်းပကာသနီစာ

အုပ်ကြီးကို မျက်မှန်တပ်၍ ဖတ်နေသည်။

"ငါ့မြေးစာကြည့်တော့မလား"

နှင်းပန်းခိုင်ကို မြင်လျှင်၊ လှမ်း၍ နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ် ဘွားဘွား၊ မေမေတို့လဲ မလာသေးဘူး"

နှင်းပန်းခိုင်သည် စားပွဲတွင်ထိုင်ကာ ကျောင်းစာ၊ စာအုပ်ကို ဖွင့်၍ ဖတ်နေသည်။

"ခုတလော သူတို့ဘယ်သွားသွား ဘွားဘွားဖြင့် တယ်စိတ်ပူတယ်။ ငါ့မြေးတို့လဲ စာမေးပွဲ နီးလာပြီ"

"ဟုတ်တယ်။ ဘွားဘွားရယ်။ ဖေဖေကြောင့် မေမေက စိတ်ပူ၊ မေမေစိတ်ပူတော့ သမီးလဲ မနေတတ်ဘူး။ ဒီနေ့ မြန်မာစာသင်တော့လဲ စိတ်မကောင်းလိုက်တာ"

"ဘာဖြစ်လို့လဲ"

"သင်ရတာကတော့ ကျောင်းစာပါ။ ကျစွာမင်း အမိန့်တော်ပြန်တမ်းကို သင်ရတယ်။ အမှန်တော့ မြန်မာမင်းအုပ်ချုပ်ပုံ မှတ်တမ်းတစ်စောင်လိုပါပဲ။ ဒီကျောက်စာကတော့ ကျစွာမင်းဟာ ရာဇဝင်မှတ်တမ်းတွေမှာပါသလို၊ ဘုရားကြည်ညိုတာပဘက်တွင်သာ လိုက်စားပြီး၊ တိုင်းပြည်အုပ်ချုပ်ရေးကို လျစ်လျူရှုနေတာ မဟုတ်ဘူးလို့ပြတဲ့ အထောက်အထားတစ်ခုပါပဲ့။ တခြားကိစ္စတွေ မပြောနဲ့ ခိုးမှုမဖြစ်အောင် ခိုးမှုလေးတစ်ခုထဲကိုတောင် ဘယ်လောက် ဂရုစိုက်ပြုပြင်သလဲဆိုတာ ဖော်ပြထားတယ်။ ဒါပေမယ့် သမီးက စိတ်မာတ်အခံမကောင်းတော့ ရာဇဝင်မှုကို ကျူးလွန်ခဲ့ရင် မင်းပြစ်ဒဏ်တစ်ခုခုကို ကျူးလွန်ခဲ့ရင် . . ."

နှင်းပန်းခိုင်သည် စကားပြောရင်း ခဏရပ်လိုက်၏။

အပြင်ဘက်မှ ကားသံကြားသောကြောင့် ဖြစ်သည်။

◎ ပြီးစာဝေ ◎

"ဘွားဘွား မေမေလား၊ ဖေဖေလား တစ်ယောက်ယောက် ပြန်လာပြီထင်တယ်။ သမီး သွားကြည့်ဦးမယ်"

ခိုင်သည် စာအုပ်လေးကို ပိတ်ထားရစ်ကာ၊ အိမ်ရှေ့ခန်းသို့ ပြေးသွား၏။ ပြန်လာသူမှာ သူ့ဖေဖေ ဦးဖေမောင် ဖြစ်သည်။

"ဟော ဖေဖေ ပြန်လာပြီလား"

"အေး ပြန်လာပြီ၊ သမီး မေမေကော"

"မေမေ အပြင်ခဏသွားတယ်"

ဦးဖေမောင် မျက်နှာသည် သိပ်ရွှင်ရွှင်ပျပျ မရှိပေ။ ရုတ်တရက် မျက်နှာပျက်သွား၏။

"သမီး ဘာလုပ်နေလဲ စာကြည့်နေလား"

"ဟုတ်ကဲ့ ဘွားဘွားလဲ စာဖတ်ခန်းမှာပဲ။ ဖေဖေ့ဖို့ ထမင်းပြင်ရမလား"

"ကိစ္စမရှိဘူး။ ဖေဖေ ရေချိုးပြီးမှ အေးအေးဆေးဆေး စားမယ်။ သမီး မေမေကို စောင့်ဦးမယ်"

ဦးဖေမောင်သည် သူ့အခန်းရှိရာသို့ ထွက်သွားတော့သည်။ နှင်းပန်းခိုင်သည် စာဖတ်ခန်းသို့ ပြန်ဝင်၍၊ စားပွဲတွင် ထိုင်လိုက်၏။

"ဖေဖေ ပြန်လာတာ ဘွားဘွား"

"အေး အေး ဒါနဲ့၊ ခုနက စကားဆက်ပါဦး။ မင်းပြစ်မင်းဒဏ် ကျူးလွန်ရင် ဘာဖြစ်တယ်"

နှင်းပန်းခိုင်သည် သက်ပြင်းလေးရှူရင်း ဆက်ပြော၏။

"ကျောက်စာထဲမှာတော့ တိုင်းသူပြည်သား တစ်ယောက်က ရာဇဝတ်မှု၊ ဒါမှမဟုတ်လဲ၊ ရာဇဝတ်မှုထိုက်တဲ့ပြစ်မှု တစ်ခုခု ကျူးလွန်ရင်ပေါ့။ ဘုရင်ဟာ တရားမဲ့ မစစ်ဆေးမစီရင်ပါဘူး။ 'အမနွန်စာ' ဆိုတာ

ရှိတယ်။ ရာဇဝတ်ကျင့်ထုံးတို့ ရာဇသတ်ဥပဒေတို့ ဘာတို့ ဆန်ဆန်ပေါ့လေ။ ဘယ်ပြစ်မှု ကျူးလွန်ရင် ဘယ်အပြစ်ဒဏ်ခံရမယ်ဆိုပြီး ရေးထားတဲ့စာပေါ့ ဘွားဘွားရာ။ ဒီရာဇဝတ်သားဟာ ပြစ်မှုကို ကျူးလွန်လို့ နိုင်နိုင်လုံလုံ စစ်ဆေးပြီးရင် အဲဒီစာကို ရာဇဝတ်သားကို ဖတ်ခိုင်းပြီးမှ၊ သူကျူးလွန်တဲ့အပြစ်နဲ့ ထိုက်တဲ့ ပြစ်မှုကို ကျခံရစေတယ်ပေါ့။ သူကိုယ်တိုင်ကတော့ အဲဒီလို သတ်တယ်လို့ မဖော်ပြခဲ့ဘူး။ ဒါပေမယ့် ရှေးမင်းတို့ဟာ ဒီလိုပြစ်မှုကျူးလွန်ရင် ဒီလိုသတ်တတ်တယ်လို့ ဖော်ပြထားတာ ကြောက်စရာကြီး"

"ဘယ်လိုရေးထားလို့လဲ"

"မြန်မာစကားရိုးရိုးနဲ့ပြောမယ်နော်။ ကျောက်စာအတိုင်း မဟုတ်ဘူး"

နှင်းပန်းခိုင်သည် စာအုပ်ကို ဖြန့်၍ ကြည့်ရင်းဆက်ပြော၏။

"ပြစ်မှုကျူးလွန်ပြီး၊ မင်းမှုထမ်းတွေက မမိဘူးဘဲထား။ ဝရမ်းပြေးနေတုန်းလဲ အိပ်ကောင်းခြင်း မအိပ်ရ၊ ငါ့ကိုမိနိုးမိနိုးနဲ့ တကြောင့်ကြောင့်တကြကြနဲ့ ပူပန်နေရတယ်တဲ့။ နေပူ မိုးရွာမရှောင် ဒုက္ခအကြီးအကျယ်ရောက်ပြီး ပြေးလွှားနေရတယ်တဲ့။ မိပြန်တော့လဲ တရားအဆုံးအဖြတ်မခံရခင် မင်းမှုထမ်းတို့အနှိပ်အစက်ခံရတယ်။ တရားဆုံးဖြတ်ပြီးတော့လဲ အရှင်လတ်လတ်ကိုနော် တံကျင်လျှိုု ရင်ကို ပေါက်ဆိန်နဲ့ပေါက်၊ မီးကင်၊ အူနုတ်၊ ပေါင်တွေလက်တွေဖွဲ့၊ မျက်စေ့ကို ထွင်းပြီး ထုတ်မယ်တဲ့။ ပြီးတော့လဲ အရှင်လတ်လတ်ထိပ်ကိုဖောက် သံရေပူနဲ့လောင်း . . ."

အဘွားကြီးသည် နားထောင်ရင်း မျက်နှာရှုံ့၍လာ၏။

"ပြီးတော့ နားနှစ်ဖက်ကို ဒိုးယိုဖောက်မြေမှာစိုက်ပြီး ခြေထောက်ကိုတော့ နွားစပါးနယ်သလို ဆုံကြိတ်သလို လှည့်တယ်တဲ့။ သတ်နည်းတစ်ခုကလဲ အရှင်လတ်လတ် ခုနလို တံကျင်လျှိုပြီး အသားတုံးလေးတွေလှီး

လိုးပြီး ခွေးစာ ကျီးစာ ကျွေးသတဲ့။ တခြား မီးပန်းပဒေသာသတ်နည်းတွေ ဟာ သမီးတော့ စိတ်မချမ်းသာပြီး ခေါင်းခဲလာတာပဲ။ ဖေဖေသာ ရာဇဝတ် ကောင်ဖြစ်ရင်ဆိုတဲ့ အတွေးက ရှိနေလို့လားမသိဘူး။ သူ့ကျောက်စာထဲ မတော့ ဒီလိုပဲ ရှေးမင်းရှေးမင်းတွေဟာခိုးသူတို့ မကောင်းမှုကျူးလွန်သူတို့ ကို စီရင်ခဲ့တယ်ပေါ့။ သူကတော့ သတ္တဝါတွေ ဒီလို ဒုက္ခမရောက်စေချင်လို့ ဒီပြန်တမ်းကို ဖတ်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်စားဖို့ ရေးထား တာပါပဲ။ နောင်တမလွန်မှာလဲ တစ်ကိုယ်လုံး မီးအလျှံရဲရဲတောက် လောင် ခံရသတဲ့။ တာပနငရဲမှာ ခံရမယ်ပေါ့။ ကျစွာမင်းခေတ်က လူတွေက အဲဒီအမိန့်တော်ပြန်တမ်းဖတ်ပြီး ကြောက်မကြောက်မသိဘူး။ သမီးတော့ စိတ်ညစ်လိုက်တာ။ သူ့ရည်ရွယ်ချက်က ပြစ်မှု မကျူးလွန်ခင် ကြိုတင် ကာကွယ်တဲ့ အနေနဲ့။ ဒီကျောက်စာတိုင်တွေကို ရွာကြီး၊ မြို့ကြီးတွေမှာ စိုက်တယ် သမီးဖြင့် . . ."

"ဘာ"

မိုးချုန်းသလိုပင် အော်ဟစ်လိုက်သော ဦးဖေမောင်အသံ ကြောင့် မြေးအဘွားနှစ်ယောက်စလုံး ဆတ်ဆတ်တုန်သွားသည်။ ဦးဖေမောင် ကလည်း မျက်နှာကြီးရဲရဲနီကာ၊ ဒေါသအလွန်ထွက်နေပုံရသည်။ သူ့ ကိုယ်တွင် အဝတ်အစားလဲပြီး၍ အိမ်နေရင်းဝတ်သော ချည်ပုဆိုးနှင့် ရှပ်လက်တို ဝတ်ထားသည်။

နှင်းပန်းခိုင်သည် ထိုမျှတင်းမာသော အဖေ့ မျက်နှာကို တစ်ခါမှ မမြင်ဖူးဘူးပေ။

"ငါရှိမှန်းသိလို့၊ နှင်က ဒီစာကို ကျယ်ကျယ်ဖတ်ရင် ငါကြောက် မယ်ပေါ့လေ။ ဘယ်မလဲ ဒီကျောက်စာ ပေးစမ်း"

ဦးဖေမောင်သည် နှင်းပန်းခိုင်ရှေ့မှ စာအုပ်ကို ဆွဲယူလွှင့်ပစ်

လိုက်၏။

"သွား နင်ကသမီး၊ ငါကအဖေ ငါ့ကို ဘာမှ ဆုံးမနေဖို့ မလို ဘူး။ နင့် ကျဇ္ဈာမင်းလိုလဲ ဒီအစိုးရက ငါ့ကို မသတ်ရဲဘူး။ သတ်လဲ မကြောက်ဘူး သွား"

နှင်းပန်းခိုင်သည် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ဘာမှမပြောရဲ တော့ဘဲ ဝမ်းနည်းပန်းနည်း ရှိုက်၍ရှိုက်၍ ငိုရင်း အခန်းထဲမှ ပြေးထွက် သွားတော့သည်။

အဘွားကြီးသည် အတော်ဒေါသထွက်လာဟန် ပေါ်သည်။

"မောင်ဖေမောင် ထိုင်ဦး"

"ထိုင်ဦးလေ"

ယခုတစ်ခါ အမေဟူသော ပိုင်ဆိုင်စိုးမိုးသည့်အသံနှင့် အဘွား က ပြောလိုက်၏။

ဦးဖေမောင်သည် အမေ့မျက်နှာကို တစ်ချက်ကြည့်ပြီးမှ နှင်း ပန်းခိုင်ထိုင်သွားသော ကုလားထိုင်မှာ ဝင်ထိုင်၏။

"မေမေဟာ ငါ့သားကို ဘယ်တော့မဆို ချိုချိုသာသာဆုံးမခဲ့တာ ချည်းပဲ။ တစ်ခါမှ မာမာမပြောခဲ့ဘူး။ ဒီနေ့ ငါ့သားလုပ်ပုံကို မေမေစိတ် ဆိုးတယ်"

ဦးဖေမောင်သည် ခေါင်းကြီးအောက်စိုက် နားထောင်နေသည်။

"မင်းအပြင်မှာ ရှိနေတယ် မနေတယ်ဆိုတာ တို့များမသိဘူး။ ခိုင့်ကို မေမေက စာဖတ်ခိုင်းလို့ ဖတ်ပြနေတာပဲရှိတယ်။ အေးအေးချမ်းချမ်း စာဖတ်နေတဲ့ တို့မြေးအဘွားနှစ်ယောက်ကို ဒါလောက် ရှူးရှူးရှားရှား မင်းဆူဖို့အကြောင်း ဘာမှ မရှိဘူး"

အဘွားကြီး ပထမအသံမာသော်လည်း တဖြည်းဖြည်း အသံ

တုန်၍ ဝမ်းနည်းသံ ပါလာသည်။

"တကယ်ဆို ခိုင်တစ်ယောက်ထဲဆို ထားပါတော့။ အခု အမေတစ် ယောက်လုံး ရှိနေပါတယ်သားရယ်။ အမေ့ကိုတောင် သားဟာ မရှိသေချင် ဘူး။ မထောက်ထားချင်ဘူးပေါ့လေ"

အဘွားကြီးသည် မျက်ရည်များ ကျလာ၏။

"အေး မေမေပြောလိုက်မယ်။ လူသတ်ချင်တယ်ဆိုတဲ့ စိတ်နဲ့ ငါ့သားဟာလေ နေ့စဉ်နဲ့အမျှ ဒေါသစိတ်တွေ မွန်နေတယ်။ မေမေမသတ်နဲ့လို့လဲ မတားဘူး။ မင်းကိုလဲ မဆုံးမတော့ဘူးလို့ မှတ်ပါ။ ဒါပေမယ့် မသတ်ခင်ကထဲက မင်းမျက်နှာဟာ တစ်ခါမှ ကြည်ကြည်လင်လင် အေးအေးချမ်းချမ်း မရှိရတော့ဘူး။ အခုလဲ အပြစ်မရှိတဲ့ သမီးလေးကို မင်းတစ်ခါမှ မပြောဖူးတဲ့ လေသံနဲ့ အော်လိုက် ပြောလိုက်တာ။ ငါအမေကိုတောင် ရှေ့ထားပြီး မလေးစားတော့ဘူး။ အဲဒါမင်းမသတ်ခင် လောလောဆယ်ဖြစ်နေရတဲ့ ငရဲတွေ။ မချမ်းသာမှုတွေ၊ နောက် လက်ထိလက်ရောက် သတ်ပြီးရင်ဖြစ်ဖြစ် သတ်ပြီးနောက်ခံရမယ့်ဒုက္ခဆိုတာကတော့ ပြောစရာ မရှိတော့ဘူး။ တော်ပြီ ဒီနေ့ကစပြီး ငါ့သားကို မေမေလက်လျှော့လိုက်ပြီ"

အဘွားကြီးသည် ဂရုဏာဒေါသောဟန်နှင့် မျက်ရည်လည်းကျ၊ ဒေါသလည်း ထွက်နေပုံရလေသည်။ အခန်းထဲမှ တစ်ခါတည်းပင် ထွက်သွားတော့သည်။ ဦးဖေမောင်ကား လုံးဝခေါင်းမဖော်တော့။ ကုလားထိုင်တွင် အရုပ်ကြီးလို ကျန်ရစ်သည်။ အမှန်မှာမူ သူပြန်လာချိန်တိုင်း နှစ်ရက်စလုံး အေးအေး အိမ်မှာမရှိသည်ကိုလည်း စနော့်စနင်း ဖြစ်သည်။ ဦးကျော်ညွန့်အတွက် အသေးစိတ် စီမံနေချိန်တွင် နှင်းပန်းခိုင် ကျောက်စာနှင့် သွားတိုက်ဆိုင်လိုက်သောအခါ သူ့ဒေါသအိုး ပေါက်ကွဲသွားခြင်းဖြစ်၏။ မကြာခင်ပင် ကားဆိုက်သံကြား၍ ဒေါ်အေးအေး ပြန်ရောက်လာသော

အခါ တစ်အိမ်လုံး တိတ်ဆိတ်နေပုံ ထူးခြား၍ ဒေါ်အေးအေးမှာ စိုးရိမ်သလို ဖြစ်သွားသည်။ ဘယ်သူ့ကိုမှလည်း မတွေ့။ ခါတိုင်း နှင်းပန်းခိုင်အိမ်ရှိ နေလျှင် ပြေး၍ လာကြိုမြဲ ဖြစ်သည်။ မေ့မေ့ကိုဖြစ်ဖြစ် ဧည့်ခန်းတွင် တွေ့ရတတ်သည်။ သူသည် သူ့အိပ်ခန်းရှိရာသို့ သွားတော့မည့်ဆဲဆဲ စိန်မေသည် ထမင်းစားခန်းဘက်မှ ထွက်လာ၏။

"ဟဲ့ စိန်မေ ကိုကိုပြန်လာပြီလား။ သမီးတို့ကော၊ တစ်အိမ်လုံး ကလဲ တိတ်လို့ပါလား"

"ဟုတ်ကဲ့ မမ။ ခုနတော့ စာဖတ်ခန်းထဲက ကိုကိုကြီးဆူသံကြား လို့ ကျွန်မ ပြေးထွက်လာတယ်။ မမလေးရော ဘွားဘွားရော၊ ငိုပြီးအပေါ် တက်သွားကြတယ်။ ကိုကိုကြီးတစ်ယောက်တည်း စာဖတ်ခန်းမှာ ကျန်ရစ် တယ်"

ဒေါ်အေးအေးသည် မျက်လုံးပြူးသွား၏။

စာဖတ်ခန်းရှိရာသို့ အပြေးအလွှားလိုပင် ဝင်သွားသည်။ သူဝင် သွားလျှင် ကုလားထိုင်ပေါ်မှ ဦးဖေမောင်ရုပ်ကို မြင်ရသည်နှင့်တစ်ပြိုင်နက် သူ၏ခြေလှမ်းများပင် တုံ့၍ တစ်ကိုယ်လုံးတုန်သွားသည်။ ဦးဖေမောင် သည် မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် သူ့မျက်နှာကို စိုက် ကြည့်နေသည်။ လှုပ်လည်း မလှုပ်၊ ထိုအကြည့်ကို အေးအေးသည် ကြာ ကြာ မခံနိုင်ပေ။

"ကိုကို အေးကို ဒီလိုမျက်လုံးကြီးနဲ့ မကြည့်ပါနဲ့ ကိုကိုရယ်"

"ကြည့်မယ်။ ငါကြည့်ချင်တဲ့ မျက်လုံးနဲ့ ကြည့်မယ်"

"ဘာတွေ ဖြစ်ပြန်ပြီလဲ ကိုကိုရယ်။ အင်မတန်အေးချမ်းတဲ့ အေး တို့အိမ်ဟာ ခုတလော အမြဲစိတ်မချမ်းသာရဘူး"

အေးသည် မျက်ရည်လေးများ ဝဲလာကာ အခန်းထောင့်ကုလား

ထိုင်တွင် ထိုင်လိုက်၏။

"ခု မင်း ဘယ်ကပြန်လာလဲ"

အေးအေးသည် ရုတ်တရက် မဖြေ။

လိမ်၍လည်း မပြောချင်။ အမှန်အတိုင်းကိုလည်း ဖြေသင့် မဖြေသင့် စဉ်းစားနေသည်။

"ပြောလေ။ ဘယ်က ပြန်လာလဲ။ မင်းမပြောရင် ငါပြောရလိမ့်မယ်။ မင်း ကြာဝင်းအိမ်က ပြန်လာတယ် မဟုတ်လား"

"ဟုတ် . . . ဟုတ်ပါတယ်"

"ငါပြန်လာတုန်း အင်းလျားလမ်းက ကားဖြတ်မောင်းတော့ မင်းကား ကြာဝင်း အိမ်ထဲ ချိုးဝင်သွားတာ တွေ့တယ်။ မနေ့ကလဲ အိမ်မှာ မရှိဘူး။ ဘာကိစ္စ ဒီကြာဝင်းအိမ်ကို ခဏခဏ သွားရတာလဲ"

ဦးဖေမောင် အထင်လွဲပြီကို အေး သိလိုက်၏။

သို့သော် သူသည် ခံစစ်ကို ဘယ်လို တပ်ဆွဲ၍ မြဲမြဲခံရမည်ကို အကြံယူရင်း စိတ်ကို တင်း လိုက်၏။

"မင်းတို့ဟာ မိန်းမတွေ။ မေဘဲလ်ဟာ ဦးကျော်ခေါင်အိမ် ခဏခဏ သွားရ။ ဦးစိန်းမောင်အိမ် ခဏခဏ သွားရလွန်းတော့ ဘာဖြစ်လဲ။ 'အပျက်မ' အကြီးစား ဖြစ်သွားပြီ။ မင်းကော မင်း . . ."

အေးအေးသည် နားနှစ်ဖက်ကို ပိတ်ကာ၊ ခေါင်းကို တွင်တွင်ရမ်းလိုက်၏။ သူသည် စိတ်ကို ငြိမ်အောင် ထိန်းရင်း စကားပြောရန် ကြိုးစားနေသည်။

ဦးဖေမောင်သည် မကြေမနပ်ဟန်နှင့် ပြတင်းရှိရာသို့ ထသွား ကာ အပြင်ကို မျက်ထားကြီး တစ်ခွဲသားကြီးနှင့် ကြည့်နေသည်။

"အေး ကိုကိုကို့ ဘာမှ ညာနေစရာ မလိုပါဘူး။ ဦးစိန်းမောင်

တို့ ဦးကြာဝင်းတို့ အိမ်သွားတိုင်းလဲ မပျက်စီးပါဘူး။ ဦးကြာဝင်းအိမ်သွားတာ အေးကိစ္စရှိလို့ သွားရတာပါပဲ"

"မေဘဲလ်လဲ ကိစ္စရှိလို့ သွားရင်းက ဖြစ်တာမို့လား"

သူ့ကို လှည့်မကြည့်ဘဲ ဦးဖေမောင် အော်လိုက်၏။

အေးအေးသည် စိတ်ကို ငြိမ်အောင်လုပ်၍ ရပေပြီ။ သူ့မျက်နှာထားကိုလည်း ကြိုးစား၍ပြင်လိုက်၏။ ကြောက်ရွံ့ထိတ်လန့်နေသော မျက်နှာမှ သူသည် တိုက်ပွဲတစ်ပွဲကို ရဲရဲရင့်ရင့် ရင်ဆိုင်ရတော့မည့် စစ်သားအသွင် သူ့မျက်နှာထားကို ပြောင်းလိုက်သည်။

"ဟုတ်ကဲ့"

သူ့အသံသည် တုန်မနေဘဲ၊ အသံမှန်ထွက်လာတော့မှ အေးအေးသည် စကားကို ရှေ့ဆက်ပြောနိုင်လာတော့သည်။

"ဟုတ်ပါတယ်။ ကိုကိုပြောတာ ဟုတ်ပါတယ်။ မေဘဲလ်ဟာ ကိစ္စရှိလို့သွားရင်း ဖြစ်ရတာပါပဲ။ အဲဒီကိစ္စဟာ မေဘဲလ်က ထွင်ရတာမှ မဟုတ်တာ။ တကယ်လို့သာ ကိုဘကွမ်းကလဲ လူမသတ်ခဲ့ဘူးဆိုရင်တော့ မေဘဲလ်ဟာ ဘယ်အရာရှိကိုမှ သွားကပ်ဖို့ မလိုဘူး။ ငွေကြေးအတွက်လဲ ဦးစိန်းမောင်နဲ့ ဆက်သွယ်ဖို့ မရှိဘူး"

ဦးဖေမောင်သည် ပြတင်းသံတိုင်ကို ကိုင်ရင်း သူ့မျက်လုံးများသည် စဉ်းစားဟန်ကို ပြောင်းလဲသွားသည်။

"ဘာအကြောင်းမှ မရှိဘဲ တမင်ကို အရာရှိတွေနဲ့ ကလပ်တက်က နေရင်တော့ မေဘဲလ်ဟာ . . . ဒီစကားလုံး သုံးရတာ အေးအေးကို ကိုကို ခွင့်လွှတ်ပါ။ တစ်ခါတစ်ခါ အေးတို့မိန်းမတွေဟာ ဖောက်ပြန်ကြတာ ရှိပါတယ်။ ဒါပေမင့် တစ်ချို့မိန်းမတွေဟာ သူတို့အိမ်လေးထဲမှာ သူတို့ဟာ အေးအေးချမ်းချမ်း အိုဖြေ့ရရ နေချင်ကြတာချည်းပဲ။ မလွှဲသာ

မရှောင်သာတဲ့ အခြေအနေကို ဖန်တီးလာလို့သာ အပြင်ထွက်ပြီး လေးဘက်ပစ်ကျကြရတာပါ"

"အခု မင်းက ဘာအခြေအနေ ဖန်တီးလာလို့လဲ"

ဦးဖေမောင့်လေသံသည် အနည်းငယ် ပျော့လာသည်။ သို့သော် သူ့မျက်နှာကိုမူ အေးအေးဘက်သို့ မလှည့်သေးပေ။

"အေး ဖွင့်ပြောဖို့ အချိန်ရောက်လာပြီ ကိုကို။ ကိုကိုဟာ ဦးကျော်ညွန့်နဲ့ ရန်ဖြစ်ပြီးကတည်းက အေးတို့ တစ်နေ့မှ စိတ်မချမ်းသာဘူး။ မနက်မိုးလင်းလို့ မှန်ရှေ့မှာ ကိုကိုရပ်ပြီး၊ ကိုကို့ နဖူးက အမာရွတ်ကို ကြည့်။ ကိုကို့မျက်နှာထားဟာ အင်မတန် ရက်ရက်စက်စက် ဆိုးဆိုးဝါး ဝါး ပြောင်းသွားတာကို နေ့စဉ်မြင်နေရတာကိုလဲ အေးတို့ စိတ်မချမ်းသာ ဘူး။ အရင်တုန်းက အေးတို့မိသားစု ဘယ်လောက် အေးအေးချမ်းချမ်းပျော်ပျော်ရွှင်ရွှင် ရှိလဲ။ ခုတော့ တစ်နေ့မှာ တစ်ယောက်မငို၊ တစ်ယောက်ကတော့ ငိုနေရတာပဲ။ ဒါဟာ ကိုယ်ထိလက်ရောက် မသတ်ခင် ခံရတဲ့ ငရဲပဲ။ ကိုကိုသာ လူသတ်ပြီးရင်တော့ ဦးကြာဝင်းအိမ်ကိုရော ထောင်နဲ့ရုံးနဲ့ ပတ်သက်သမျှ အရာရှိအိမ်တွေကို အေး ခုထက်ပိုသွားရမယ်။ အရင်က အိမ်တွင်းပုန်းခဲ့ပုန်းခဲ့ အရေးကြုံလာရင် ထောင်နဲ့ရုံးကို စကြိန်လျှောက်ရတဲ့ မိန်းမလည် ဖြစ်လာမှာပဲ"

အေး အသံသည် ငိုသံပါလာသည်။ ဦးဖေမောင်သည် စေ့စေ့တင်းထားသော နှုတ်ခမ်းများ လျော့ပါးလာသည်။ သူ့မျက်နှာသည် အေးပြောသော စကားကို ပို၍ နားစွင့်လာဟန်ရှိသည်။

"အရာရှိဆိုတာ အကောင်းလဲရှိတယ်။ အဆိုးလဲ ရှိတယ်။ အမှုတစ်ခု ဖြစ်လာရင် အရာရှိဆိုးတွေအဖို့ ပိုက်ထောင်သလို ထောင်ထားမှာပဲ။ ဒီမိန်းမ ဒီပိုက်ထဲ တိုးလာရင် မလွှပ်နိုင်အောင် သူတို့က အမိဖမ်းမှာ

ပဲ။ အေးဟာ အဲဒီအချိန်မှာ ကိုယ့်ကိုယ်ကို ထိန်းနိုင်တယ်လို့ မပြောနိုင်ဘူး"

ဦးဖေမောင်သည် အေးရှိရာသို့ မျက်နှာလှည့်လိုက်၏။ သူ့မျက်နှာသည် ခပ်စောစောပိုင်းကလို မဟုတ်။ အားပျော့သည့်အသွင်သို့ ပြောင်းလာသည်။ မျက်လုံးက စောစောကလို မီးဝင်းဝင်းတောက်သော မျက်လုံးများ မဟုတ်တော့။ အေးအေးသည် ရှိုက်၍ငိုရင်း ဆက်ပြောပြန်သည်။

"မေဘဲလ် ဖြစ်တာထက် ဆိုးဦးမယ်။ ကိုယ့်လင် လည်ပင်းကြိုးကွင်းစွပ် အသေခံရမယ့်ဘဝက လွတ်အောင် စည်းစိမ်နဲ့လဲ ကြိုးစားမယ်။ မရရင် အေးရဲ့ကိုယ်နဲ့ပဲ လဲရလဲရ ကြိုးစားရမှာပဲ"

"ဟော့ အေး။ တော်တော့ကွာ။ ကိုယ်တစ်ချက်မှားသွားတာကို အခွင့်ကောင်းယူပြီး တွန်းအုပ်တာပေါ့လေ။ ကိုယ့်ကို အဲဒီလို ပြောလို့ကို မဖြစ် ဖြစ်အောင် လုပ်မယ်"

"ရက်စက်လှချည့်လား ကိုကိုရယ်။ အေးက တကယ်ဖြစ်မှာတွေကို တင်ပြတာပါ။ အခု ကိုကိုက အေးကို အကြပ်ကိုင်တော့ အေးအနေနဲ့ ဘယ်လိုပြောရမှာလဲ။ လုပ်ပါလို့လဲ နှုတ်က မထွက်ရဲပါဘူး ကိုကို။ ခက်တာပဲ"

ဦးဖေမောင်သည် နားကို လက်နှစ်ဖက်နှင့် ပိတ်ပြီး အခန်းပြင်သို့ ခပ်ကြမ်းကြမ်း ခြေလှမ်းနှင့် ထွက်လာသည်။ အေးစကားမဆုံးခင် ဦးဖေမောင်သည် "တော်တော့ . . . တော်တော့" ဟု အော်ပြောကာ အခန်းထဲမှ ခပ်ဆောင့်ဆောင့် လှမ်းကာ အပြင်သို့ ထွက်သွားတော့သည်။ သို့သော် သူ့ခြေသံများသည် အခန်းထဲ ဝင်စကလောက် မပြင်းထန်တော့ပေ။

သူသည် လှေကားကို ဖြည်းညင်းစွာ တက်သွား၏။ နှင်းပန်းခိုင် အိပ်ခန်းရှိရာသို့ ခြေဖျားထောက်ကာ ညင်ညင်သာသာ လျှောက်သွား၏။

◎ ပြီးစာပေ ◎

အိပ်ခန်းတံခါးသည် ပွင့်နေသည်။ မီးလုံးအသေး တစ်လုံး ထွန်းလျက်သား ရှိနေ၍ ဖြော့တော့သော အလင်းရောင်ဖြင့် နှင်း ပန်းခိုင်အိပ်နေပုံကို မြင်နေရသည်။

သမီးသည် ညဦးက မည်မျှ ရှိုက်ကြီးတငင် ငိုခဲ့၍ထားသည်မသိ။ မျက်ခွံကြီးများ မို့ရောင်ကာ နှာခေါင်းတစ်ခုလုံးသည်လည်း တွတ်တွတ်ရဲနေသည်။ သမီးမျက်နှာသည် ယခင်က တကယ့်ကိုပင် နှင်းပန်းပွင့်လေးလို ဖြူဖြူစင်စင် အေးမြကြည်လင်လှ၏။

သမီးမျက်နှာကို မြင်ရသည်ကိုက သူ့ရင်ကို အထူးအေး၍ ဘဝင်ကို ငြိမ်းသက်စေ၏။ ယခုတော့ သူ့ဒေါသအရှိန်သည် ပန်းလိုပကတိ အပြစ်ကင်း၍ အေးမြသော သမီး၏မျက်နှာကလေးကိုပင် ရဲရဲနီအောင် လောင်ကျွမ်းစေခဲ့ပေသည်။ သူသည် သက်ပြင်းချကာ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ အိမ်အောက်ထပ်ကို ဆင်းလာသည်အထိ အသက်ကို ဖြောင့်ဖြောင့်ရှူ၍ မရပေ။

အိပ်ခန်းရှိရာသို့ သူဝင်လာချိန်တွင် အေးအေးသည် အိပ်ရာသို့ဝင်နှင့်နေလေသည်။ လင်မယားနှစ်ယောက်လုံးသည် ထမင်းစားဖို့ မေ့လျော့နေကြလေသည်။ တစ်ယောက်နှင့်တစ်ယောက် ကျောခိုင်းကာ ငြိမ်သက်နေကြသော်လည်း စိတ်များက မအိပ်ကြပေ။

◎ ပြီးပါပြီ ◎

၇

နောင်တာလောကျွန်းသည် ဧရာဝတီမြစ်လယ်ခေါင်တွင် ငြိမ်သက် တိတ်ဆိတ်နေသည်။ မြစ်ရေသည် တည်ငြိမ်၍ မနေ တသွင်သွင်စီးနေလေသည်။ ဆောင်းလေသည် မြစ်ကို ဖြတ်၍ ရူးရူးရှရှတိုက်ခတ်လာပုံမှာ ဦးဖေမောင့် မျက်နှာကို ကျဉ်၍ပင် သွားမတတ် ဖြစ်သွားပေသည်။ သစ်ပင်ခြုံနွယ်များ အုပ်ဆိုင်းနေသော်လည်း အနောက်ကို မျှော်ကြည့်လိုက် တိုင်း မြစ်ကြီးနားမြို့ကို မြင်နေရသည်။ ကမ်းပါးထိပ်တွင် အစိုးရသံတဲ၊ အရေးပိုင်အိမ်၊ လူနေအိမ်များသည် မြစ်ကို မိုး၍ ကြည့်နေဟန်ရှိသည်။ သူ့ကိုလည်း လှမ်း၍ လှမ်း၍ ကြည့်နေသလို ထင်ရသည်။ ညဥ့်က သူ တည်းခိုခဲ့သော အရေးပိုင်မင်းသည်လည်း ဦးကျော်ညွှန့်ကို သူသတ်သွားသည်ဟု သိမည်မဟုတ်။ သူက မြစ်ဆုံရှိရာသို့ သွားကာ ညအိပ်မည်။ မြစ်ဆုံဘိုတဲတွင်ပင် နား၍ အမဲပစ်ပြီးမှ ရန်ကုန်ကို ပြန်မည်။ အပြန်တွင် အရေးပိုင်ထံ မဝင်တော့ဟု သူမှာခဲ့သည်။

အမှန်တော့ သူသည် . . .

◎ ပြီးစာပေ ◎

ညဉ့်က ဦးကျော်ညွှန့်ကို သတ်ပြီး နောင်တာလောကျွန်းတွင် လာအိပ်နေခြင်းဖြစ်သည်။ ဦးကျော်ညွှန့်ကို မသေမခြင်း ထိုးသတ်ခဲ့သော ဓားမြှောင်ကိုလည်း ဧရာဝတီမြစ်လယ်ခေါင်တွင် လွှင့်ပစ်ခဲ့သည်။ ညဥ့်က တစ်ညဥ့်လုံး အိပ်မရခဲ့၊ ခြင်ကိုက်ရသည့်အထဲ မြစ်ကြီးနားဆောင်းညသည် လည်း ကျွန်းလယ်တွင် အကာကွယ်မရှိဘဲ ရက်ရက်စက်စက် အေးလွန်း လှသည်။

နေရောင်ခြည်သည် မြစ်ပြင်ပေါ်တွင် ရေးရေးလေး ပြေးလာ သည်အထိ တစ်မှေးမှမှေးမရခဲ့။ သွားခါနီး ကြည့်လာခဲ့သော သမီးလေးမျက် နှာသည် အရုပ်ရုပ်မျက်နှာတွင် ထင်နေသည်။ သစ်ပင်ပေါ်က ချတ်ခနဲ ကြား၍ မော့ကြည့်လိုက်စဉ်တွင်ပင် ပြေးထွက်သွားသော ရှဥ့်ကလေးကို မမြင်။ သမီး၏ မို့နေသော မျက်လုံးများနှင့် ရဲရဲနီနေသော မျက်နှာကိုသာ မြင်လာသည်။

သူက အော်ငေါက်လိုက်စဉ်တွင်ပင် ထိုမျှ ငိုနေသော သမီး လေးသည် သူလူသတ်၍ ဝရမ်းပြေးကြီးဖြစ်နေပြီဟု သိသောအခါ မည်မျှ ငိုကြွေးရှာမည်နည်း။

"သမီးလေး အားငယ်နေတော့မယ်"

ဟူသော အသိက သူ့ရင်ထဲရှိ အသည်းနှလုံးများကို ဆွဲကိုင်လှုပ် လိုက်သလို ဖြစ်သွားသည်။

"ငါပြန်သွားမယ် ငါသွားမယ်"

သူသည် ကမန်းကတန်းပင် သူ့ရူးလို ထိုင်ရာမှ ထလိုက်၏။ သူ့နှလုံးသားထဲတွင် ဖြတ်ခနဲ အသိက ဝင်၍လာသည်။ သူသည် ဝတ်လုံ တော်ရ ဦးဖေမောင် မဟုတ်တော့။ ဝရမ်းပြေး လူသတ်သမား ဦးဖေမောင် သာတည်း။ သူသည် အပြစ်ကင်းသူတို့ကဲ့သို့ လူရှေ့တွင် ထင်ထင်ပေါ်ပေါ်

သွား၍ မဖြစ်တော့။ လူဆိုးထိန်းများ၊ စုံထောက်များနှင့် ရဲအဖွဲ့ဝင်များသည် သူ့အား အသက်ရှူဖို့ အချိန်လေးကိုပင် ခွင့်ပြုလိမ့်မည် မဟုတ်တော့ပေ။

"သမီးလေးကို တွေ့ချင်တယ်"

ယခုမှ သမီးလေးကို တွေ့ချင်သော စိတ်ကသာ ပြည့်သိပ်လာသည်။ လှိုင်းလို ကြွလာသည်။

"သမီး"

သူသည် အသံများပင် ထွက်လာအောင် ရေရွတ်မိ၏။ သူ့နောက်ရှိ သစ်ပင်ကြီးကို အားကိုးသလို ဖက်လိုက်သည်။ သစ်ပင် သစ်ကိုင်းသစ်ခက်များပေါ်တွင် ရေးရေးထွင်နေသော သမီးမျက်နှာလေးကို သူစေ့စေ့လိုက်ကြည့်၏။

"ပြစ်မှုကျူးလွန်ပြီးလဲ၊ ဝရမ်းပြေးနေတုန်း အိပ်ကောင်းခြင်း မအိပ်ရ။ စားကောင်းခြင်း မစားရ။ နေပူမိုးရွာမရှောင် ပြေးလွှားနေရတာပဲ။ ပြေးတော့ကော လွတ်မတဲ့လား။ ဝရမ်းပြေးဆိုတာ သုံးလေးနှစ်ကြာရင် မိဟာပဲ"

သမီးလေးအသံသည် သူ့နားထဲတွင် အေးမြကြည်လင်စွာပေါ်လာသည်။ သူ မြစ်ကြီးနားသို့ မထွက်ခင် သမီးသည် အဘွားအားထိုစာပိုဒ်များကို ဖတ်ပြခဲ့သေးသည်။

သူကပင် ဒေါသမာန်တကြီးနှင့် သမီးကို အော်ခဲ့ငေါက်ခဲ့သေးသည်။

"ခုတော့ ခုတော့ ဖေဖေ ဝရမ်းပြေးကြီး ဖြစ်ပြီ သမီး"

သူသည် ပါးစပ်က အသံထွက်အောင် ရွတ်ရင်း သစ်ပင်ခြေရင်းတွင် လျှောချပြန်ထိုင်လိုက်ခါ မောဟိုက်နေသည်။

"ဝရမ်းပြေးဆိုတာ သုံးလေးနှစ်ကြာ မိတာပဲ"

⊙ ပြီးပါပြီ ⊙

သမီးလေး အသံသည် သစ်ပင်နောက်ကလိုလို ပေါ်လာပြန်သည်။ သူသည် ငြိမ်သက်စွာ ထိုင်မရ၊ ပြန်ထလိုက်ပြန်သည်။ ရောဝတီ မြစ်သည် နေလုံးမြင့်လာ၍ ပိုမိုတောက်ပလာသည်။ သမီးနှင့်သူကား ဤမြစ်ပြင်ကျယ်မကာ၊ အဏ္ဏဝါခြားခဲ့ပြီ။ ဦးကျော်ညွှန့်ကို သတ်ပြီးစက ရဲစခန်းကို ကိုယ့်ကိုယ်ကို အပ်လိုက်မည်ဟု အာဇာနည်ကြီးလို စီစဉ်ခဲ့သည်။ ခုတော့ သူ၏ခြေဦးသည် ရဲစခန်းရှိရာဘက်သို့ လက်နှင့်ကိုင်လာတာ တောင် ခြေဦးလှည့်၍ မရ။ အကြင်နာကင်းမဲ့စွာ နေရပြီး အသက်ထွက် ရမည်ကိုတော့ ပုထုဇဉ်မှန်သမျှ လိုလားကြမည် မဟုတ်။

"တောစပ်အလွန် မုံညှင်းခင်းများတွင် ဖျံတံငါသည်တွေ ရှိတယ်။ သူတို့ကို လှေနဲ့ တစ်ဘက်ကမ်းပို့ခိုင်းပြီးမှ ဗန်းမော်မြို့ကို ကူးသွားမယ်။ သူတို့ကတော့ ငါ့ကို လူသတ်သမားလို့ ဘယ်သူမှ မသိဘူး အိန္ဒြေရရ ဗန်းမော်ကို ကူးသွားမယ်"

သူသည် သူ့စိတ်ကို သူတင်းလိုက်ကာ လမ်းထ၍ လျှောက်၏။ လေသည် ခပ်ကြမ်းကြမ်း တိုက်လာပြန်သည်။ သစ်ခက်ခြင်း ထိသံ၊ သစ်ရွက်ကြွေသံများသည် ညင်သာခြင်း မရှိ။ သရဲများ ရယ်မောသံလိုလို သူ့ကို သရော်နေသလိုလို ကြားလာရသည်။ ရင်ထဲတွင်လည်း ဟာတာတာဖြစ်လာသည်။ မိုးလင်းကတည်းက ဘာမှ မစားရသေးသည်ကို ခုမှ သတိရလာသည်။ သူသည် ခြေသွားလမ်းအတိုင်း တောစပ်သို့ လျှောက်လာ၏။ ရှေ့လမ်းတွင် လူရိပ်လိုလို တွေ့ရသည်။

ငါ့ကို ဘယ်သူမှ မသိဟု စိတ်ကိုတင်းကာ ရှေ့တိုးလျှောက်ရင်း ခြုံကြားများအထဲတွင် သစ်ရွက်ရောင်နှင့်ရောနေသော စစ်ရဲတပ်ဖွဲ့ယူနီဖောင်းနှင့် လူသုံးယောက်လောက်ကို လှမ်းမြင်လိုက်သည်။ စိတ်ထဲတွင် ဘာလိုလို ဖြစ်လာမှန်း မသိ။ စိတ်က ထိန်းမရ။ သွေးဆန့်လာသည်။

◎ ပြီးပါပြီ ◎

သူသည် လာလမ်းကို ပြန်လှည့်ကာ ပြေးတော့သည်။ သူထင်သလို သူ့ကို မသိသည် မဟုတ်။ စစ်ရဲတပ်သားများနှင့် ရဲသားများသည် သူ့ကို သူ့နောက်ကို ခုမှညာသံပေးကာ ပြေးလိုက်လာကြသည်။ အမှန်တော့ နောင်တာလောကျွန်းကို ရေရေလည်လည် သူရောက်ဖူးသည် မဟုတ်။ ထင်ရာ စွတ်ပြေးတော့သည်။

စစ်ရဲတပ်ဖွဲ့ဝင်များသည် တောကျွမ်းသူများ ဖြစ်ကြသည်။ သူ့ကို နှစ်ဘက်ဝိုင်း၍ လိုက်လာကြသည်။ သူသည် ခြုံကို ခိုဝင်ပြေးရမည့်အစား မြစ်ကမ်းစပ်ကို ပြေးသွား၏။ ခြုံများထဲတွင် စစ်သားများ ရဲသားများ ခိုပုန်းနေသည်ဟု သူထင်သည်။

"ဟေး ဟေး"

ဟူသော အော်သံများကို သူ့နောက်တွင် ကြားလိုက်ရသည်။ သူကား မြစ်ရေထဲသို့ ခုန်ချလိုက်သည်။ ရေခဲရေလို အေးစက်သောရေတွင် သူ့ကိုယ်မြုပ်သွားတော့အခါ ရင်သည်လည်း တလှပ်လှပ်တုန်၍ အေးကနဲ ဖြစ်သွားတော့သည်။

"ကိုကို ကိုကို ဘာဖြစ်လဲ"

သူသည် လန့်၍ မောနေသည်။

"ဘယ်သူတွေလဲ"

အေးအေး၏ အသံကိုထပ်၍ ကြားမှ သူမျက်လုံးဖွင့်ကြည့်မိ၏။ သူသည် နောင်တာလောကျွန်းကမ်းစပ်တွင် နစ်မြုပ်သွားခြင်း မဟုတ်။ အိပ်ရာပေါ်တွင်ပင် ရှိနေပေသေးသည်။

"ဘုရား ဘုရား"

သူ့ဘဝကိုသူ ခုမှ စိတ်ချရတော့သည်။ အိပ်မက်မက်နေခြင်း ဖြစ်သည်ကို သိရတော့မှ အသက်ရှူ၍ ရတော့သည်။

◎ ပြီးပါပြီ ◎

"မောလိုက်တာအေးရယ်။ ကိုကို အိပ်မက်ထဲမှာ ပြေးလိုက်ရတာ"

အေးသည် ဘာမှ ဆက်မမေးဘဲ ရေထခပ်၏။ အပြင်တွင် အလင်းရောင်ပင် လာနေပေပြီ။ ညဉ့်က သမီးကို ကြည့်လာသော အရိုန်၊ နေ့လည်က ဦးကျော်ညွန့်ထံလိုက်ရန် စီစဉ်ခဲ့သော အစီအစဉ်များ ထမင်းမစားဘဲ အိပ်၍ ဆာသောအဖြစ်များ စုပေါင်းကာ သူသည် အိပ်မက်ဆိုးတစ်ခုကို မက်နေခြင်းသာ ဖြစ်သည်။

အေးအေးခပ်လာသောရေကို သောက်ပြီးမှ၊ အမောသက်သာသွားတော့သည်။ လင်၏မျက်နှာမှာ ညဉ့်ဦးအိပ်စကလို မတင်းမာတော့၍ အေးအေးက စိတ်သက်သာသွား၏။ အပြောင်းအလဲမြန်သည်ကိုလည်း အံ့အားသင့်သွားသည်။ သို့သော် သူသည် မမေးရဲပေ။ ဦးဖေမောင်ကလည်း သူ့အိပ်မက်ကို ဖွင့်မပြောပြပေ။

မှန်တင်ခုံရှိရာသို့ ထသွားရင်း သူ့ရုပ်ကို မှန်တွင်ကြည့်လိုက်၏။ အေးအေးကလည်း နောက်မှနေ၍ အမှတ်တမဲ့ ဦးဖေမောင်မျက်နှာကို အကဲခတ်လိုက်၏။ ဦးဖေမောင်သည် 'အောင်မြင်သောနေ့' ဟူသောစာကို လှမ်းကြည့်သော်လည်း ယခင်နေ့များကဲ့သို့ မျက်နှာမတင်းလှ။ နဖူးရှိ အမာရွတ်ကိုလည်း လက်ဖြင့် မစမ်းတော့ပေ။ သူ့မျက်နှာသည် ငိုင်နေပြီး၊ တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် မပေးနိုင်သဖြင့် မတင်မကျ ဖြစ်နေပုံတော့ရသည်။ အေးသည် အသက်ရှူရအနည်းငယ် ချောင်သလိုလို ရှိလာသော်လည်း လုံးလုံးဘဝင်ကျသွားသလို၊ ပေါ့ပါးသွားခြင်း မဟုတ်ပေ။

ယခုတလော ဘယ်ကိုပင်သွား၍ ဘာပဲလုပ်နေနေ၊ သူမက်ခဲ့သော အိပ်မက်ကို ဦးဖေမောင်သည် မေ့ပျောက်၍ မရ ရှုံးမှ ပြန်လာလျှင်

◎ ပြီးစာပေ ◎

ယခင်လို ဂေါက်သီးရိုက်ဖို့ကိုလည်း မသွားမိ။ ကလပ်ရှိရာသို့လည်းသွားရန် မေ့နေသည်။ ခြံထောင့်တစ်နေရာမှာ ဖြစ်စေ၊ စာဖတ်ခန်းတွင်ဖြစ်စေ၊ သူတစ်ယောက်တည်း ထိုင်ခါငိုင်၍ စဉ်းစားနေတတ်ပေသည်။

သူ့စိတ်၏ မသိမသာ ရွေ့လျားနေပုံ သူပြန်၍ လေ့လာနေမိသည်။ တစ်ဘက်တွင် သူသည် အိပ်မက်ကို မှန်စေချင်သည်။ မေဘဲလ်၏ဆန္ဒကို လိုက်လျော၍သာ မြစ်ကြီးနားကိုသွားရန် အချိန်ရွှေ့ဆိုင်းလိုက်ရသော်လည်း စိတ်ထဲက မြစ်ကြီးနားသို့ဖို့ကို လက်မလျှော့မိပေ။

မိမိစိတ်ထဲတွင် ဘာဖြစ်နေသည်ကို တစ်ခါတစ်ရံ လူများသည် မသိကြပေ။ တိတ်တခိုးဖြစ်နေတတ်သော နှလုံးသား နောက်ကွယ်ရှိ စိတ်အကြောင်းကို အိပ်မက်များသည် တီးတိုးပြောပြကြ၏။ သို့သော် တစ်ခါတရံ အိပ်မက်၏ စကားကို ကာယကံရှင် ကိုယ်တိုင်က မကြားမိပေ။

အိပ်မက်က သူသည် သမီးလေးအပေါ်၌ မည်မျှသံယောဇဉ်ကြီးသူဖြစ်သည်ကို ပြောပြရာ၏။ သူကတော့ တကယ့်ကို လူဆိုးကြီးလိုပင် သမီးကို တစ်နေ့က ဆက်ဆံလိုက်၏။

သူသည် ဤအိမ်ကြီး၏ ကျက်သရေဆောင် အဓိပတိကြီးဖြစ်သည်။ သူငေးငိုင်တွေဝေလာသည်နှင့်အမျှ အိမ်ကြီးတစ်ခုလုံးပင် ငိုင်တိုင်တိုင် တိတ်တိတ်ဆိတ်ဆိတ်ကြီးလို ဖြစ်လာသည်။

ယခင်က ညနေစောင်းအချိန် သူခြံထောင့်တစ်နေရာတွင် ကြိမ်ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေလျှင် နှင်းပန်းခိုင်သည် သူ့ခွေးလေးနှင့် မြေနီလမ်းပေါ်တွင် ပြေးဆော့နေသည်။ ရယ်မောပြုံးရွှင်နေသော သမီးမျက်နှာသည် ညနေနေခြည်၌ ပွင့်သော ပန်းတို့နှင့်အတူ လန်းဆတ်၍ နေပေသည်။

◎ ပြီးစာပေ ◎

ဒေါ်အေးအေးက ပန်းများကို ရှုးလာပါလျှင် သူ့အပါးတွင် သားအမိနှစ်ယောက် ဘုရားတင်ရန် ပန်းများကို ရွေးချယ်ကြသည်။ ခိုင်သည် ပန်းအကြောင်းကို သွက်သွက်လက်လက်နှင့် ငွေဆည်းလည်းလေးများ ခါလှုပ်သလို စီစီညံညံ ပြောပြတတ်ပေသည်။

ယခုတော့ သူ့ကို ခြံထောင့်မှာ မြင်လျှင် နှင်းပန်းခိုင်သည် ခပ်ဝေးဝေးမှ ရှောင်၍သွားတော့သည်။ သမီး၏ ညှိုးလျော်နေသော မျက်နှာကလေးကို မြင်လိုက်ရတော့လည်း ရင်ထဲတွင် ဆို့နင့်နင့် ဖြစ်သွားသည်။ သူက အဖေလည်းဖြစ် ကြီးသူလည်းဖြစ်၍ သူ့အမှားကိုလည်း မတောင်းပန်ချင်ပေ။ ခိုင်၏ခွေးလေးဂျင်မီသည် သူ့ခြေရင်း မြက်ခင်းပေါ်တွင် မေးတင်ရင်း

"သခင်ဟာ ကိုယ့်ဒုက္ခကိုယ်ရှာတဲ့သူပဲနော်"

ဟု သူ့ကိုကြည့်၍ မေးနေပုံရပေသည်။

"ကျွန်တော့်မှာ ကစားမယ့် အဖော်မရှိတော့ဘူး"

ဟု ဆိုသလို စိတ်ထဲက ဖြစ်လာပြန်၏။ အလကားနေ အလကား ခွေးလေးကို ကြည့်ရင်း စိတ်တိုလာသည်။ သူသည် ခြေဖျားမေးတင်ထားသော ခွေးလေးကို ကန်ပစ်လိုက်၏။ 'ကိန် ကိန်' နှင့် နာကျင်စွာ အော်ဟာစ်၍ ခွေးလေးသည် အဝေးသို့ ပြေးတော့သည်။ စာဖတ်ခန်းထောင့် ခန်းဆီးကြားမှ အဖေ၏အမူအယာကို အကဲခတ်နေသော နှင်းပန်းခိုင်သည် သက်ပြင်းချလိုက်သည်။ အတန်ကြာမှ ဧည့်ခန်းထဲသို့ ပြေးဝင်းလာသော သူ့ခွေးကို ပွေ့ယူလိုက်၏။

ဂျင်မီက သူ့ကို တိုင်ကြားဟန် မျက်လုံးလေး ညှိုးညှိုးငယ်ငယ်နှင့် ကြည့်သောအခါတွင်မူ နှင်းပန်းခိုင် ၏ မျက်လုံးဝယ် မျက်ရည်များ စို့လာပြန်သည်။

◎ ပြီးစာပေ ◎

ပညာတတ် ဝတ်လုံတော်ရ ရင့်မကြီးဖြစ်လျက် အကုသိုလ်စိတ် ဖုံးလွှမ်းလာချိန်တွင် ခွေးနှင့်အပြိုင် ရန်ဖြစ်တော့သည်။ ဤလောကဝယ် လူများကို ရယ်စရာဖြစ်အောင် ပြုစားတတ်သော နတ်များပင်ရှိလေသလော။ တကယ်ဆိုတော့ ဦးဖေမောင်လုပ်ပုံသည် တကယ့် ရယ်စရာကြီး။

တနင်္ဂနွေနေ့ ရောက်ပြန်တော့လည်း ဘယ်ကိုမှ မလည်မိပေ။ ယခင်က မလည်လိုလျှင်လည်း အေးအေး၏ သီးသန့်လုပ်ထားတတ်သော တနင်္ဂနွေလက်ရာ ငါးထမင်းဖြစ်ဖြစ် အုန်းနို့ခေါက်ဆွဲဖြစ်ဖြစ် မြေးအဘွား သားအဖသုံးယောက် နေ့လည်စာ စားပွဲတွင် ဆုံ၍ စားကြမြဲဖြစ်သည်။

နှင်းပန်းခိုင်သည် စာမေးပွဲနီးချိန်မှာပင် ဖေဖေအတွက် ဆိုကာ နေ့လည်တွင် စန္ဒရားနှင့် သီချင်းတစ်ပုဒ် တီးပြမြဲဖြစ်ပေသည်။ ယခု တလော နှင်းပန်းခိုင်၏ စန္ဒရားသံကို မကြားရတော့ပေ။

အိမ်ကြီးသည် သုသာန်တစပြင်လို တိတ်ဆိတ်နေသည်။ သူသည် သမီးကို လိုက်ရှာမိသည်။ ခိုင်က ခါတိုင်းလို စာဖတ်ခန်းတွင်ပင် စာမကြည့်နေတော့သည်။ ဤအိမ်ကြီးကိုလဲ ထိုမျှ တိတ်ဆိတ်နေသည်ကို သူမကြိုက်။ သူသည် စန္ဒရားရှိရာသို့ သွား၍ စန္ဒရားအဖုံးကိုဖွင့်လိုက်သည်။ ခလုတ်ဖြူဖြူလေးပေါ်တွင် ယခင်က ပြေးလွှားနေသော သမီးလက်ချောင်းလေးများကို မြင်ယောင်လာသည်။ သူ၏ကြံ့ခိုင်သော လက်ချောင်းကြီးများနှင့် စန္ဒရားခလုတ်တစ်ခုပေါ်သို့ တအားနှိပ်လိုက်တော့သည်။

"ဒေါင် ဒင်"

စန္ဒရားသံသည် ဟိန်း၍ ကျယ်လောင်စွာ ထွက်လာသည်။ မြူးကြွသော ဂီတသံများ မဟုတ်ပါပေ။

◎ ပြီးပါပြီ ◎

"ကဲ ငါ့ကို စန္ဒရားမတီးပြချင်နဲ့ဦးကွာ။ အဲဒီ အိမ်ကြီးက တိတ်နေဦးကွာ"

သူသည် ပါးစပ်မှလည်း ရေရွတ်လိုက်သေး၏။ လက်ကလည်း ခလုတ်များကို ဘရမ်းပတာ နှိပ်လိုက်သည်။ တစ်အိမ်လုံးပင်၊ နတ်ဆိုးတို့ ရယ်မောသံလိုလို၊ မိုးချုန်းသံလိုလို စန္ဒရားသံက ထွက်လာတော့၏။ သူ့မျက်လုံးများသည် သူရူးမျက်လုံးများလို ပြူးကြောင်ကြောင်ကြီးဖြစ်လာတော့သည်။

ရုပ်ပျက်ဆင်းပျက် ထွက်လာသော စန္ဒရားသံကြောင့် ခိုင် သည် စာအုပ်ကို ပစ်ချကာ၊ လှေကားမှ ပြေးဆင်းလာ၏။ နေ့လည်စာ ပြင်နေသော အေးအေးကလည်း ဧည့်ခန်းသို့ ပြေးထွက်လာသည်။

သားအမိနှစ်ယောက် လှေကားရင်းတွင် ဆုံမိကြရင်းမှ စန္ဒရား တီးနေသော ဦးဖေမောင်ကို တအံ့တဩ ကြည့်နေကြသည်။ ဦးဖေမောင် သည် သူ၏ လက်ချောင်းများကို ရုတ်သိမ်းလိုက်ကာ သူတို့နှစ်ယောက်ကို လှမ်းကြည့် လိုက်၏။

"လာစမ်း နှစ်ယောက်လုံး လာစမ်း"

သားအမိနှစ်ယောက်သည် ဖြေးညင်းစွာ လျှောက်ကာ သူ့အပါးသို့ တိုးလာကြသည်။ သူတို့ဟန်အမူအရာများသည် ချစ်သောဇနီးက ချစ်သော ချစ်လင်ထံသို့ ချဉ်းကပ်သော ဟန်မျိုး၊ တစ်ဦးတည်းသော သမီးက ဖအေထံသို့ ကြည်နူးချမ်းမြေ့စွာ ချစ်စနိုးချဉ်းကပ်သော ဟန်မျိုး မဟုတ်ပါပေ။

အာဏာရှင်ကြီးကို ကြောက်ကြောက်ရွံ့ရွံ့နှင့် အမိန့်ကို မလွန် ဆန်ရဲ၍သာ လာရသော လာပုံမျိုးဖြစ်၏။

"အေးက စည်းကိုယူစမ်း။ ခိုင် ဒီမှာ ထိုင်ပြီး စန္ဒရားတီး"

☺ ပြီးစာပေ ☺

နှင်းပန်းခိုင်သည် အဖေ့ကို တစ်လှည့် အမေ့မျက်နှာကို တစ်လှည့် ကြည့်လိုက်၏။ ဤ မကြည်သာသော နှလုံးဖြင့် ဘယ်လိုလုပ်၍ စန္ဒရားတီးရပါမည်နည်း။ အမေ့မျက်နှာကို အသနားခံ၍ အကြံတောင်းသလို ကြည့်လိုက်၏။ သမီးအဖြစ်ကို ရိပ်မိသော်လည်း လင့်ဆန္ဒကို လည်း ပြည့်စေချင်သော ဒေါ်အေးအေးသည် သက်ပြင်းချလိုက်၏။

"ကဲ ခိုင် သမီးတီးလေ။ ခုတလော သမီးက စာကျက်နေတာနဲ့ မတီးတာကြာတော့ ဖေဖေက နားထောင်ချင်တယ် ထင်ပါရဲ့"

အေးအေးက အခြေအနေကို တမုဟုတ်ခြင်း ထိန်းလိုက်၏။ ဦးဖေမောင်သည် စန္ဒရားဘေးတွင်ရပ်ခါ သားအမိနှစ်ယောက်ကို စိမ်းစိမ်းကြည့်နေသည်။ နှင်းပန်းခိုင်သည် စန္ဒရားကို တုန်တုန်ရင်ရင်နှင့် စ၍ ပျိုးနေလေသည်။ စန္ဒရားဘေးရှိ စားပွဲပေါ်တွင် စီးကရက်ဘူးကို လှမ်းယူကာ ဦးဖေမောင်သည် ဆေးလိပ်သောက်ရင်း စန္ဒရားသံကို နားထောင်နေသည်။ မီးခိုးများကို မှုတ်ထုတ်ရင်း မျက်နှာကြက်ကို မော်ကြည့်နေ၏။

"ပါးစပ်ကလဲ ဆိုဦးလေကွာ"

ဦးဖေမောင့်ဟန်သည် နတ်ဆိုးပူး၍ အနိုင်ကျင့်နေဟန် ပေါက်နေပေတော့သည်။ နှင်းပန်းခိုင်သည် အသံတုန်တုန်နှင့်ပင် သီချင်းကိုဆိုကာ တီးပြရှာသည်။ သီချင်းသံတွင် တဖြည်းဖြည်း စိတ်ဝင်စားလာဟန် ရှိပေသည်။ ဦးဖေမောင့်မျက်နှာသည် ယခင်ကလောက် မနီတော့၊ နဖူးကြောကြီးများလည်း လျော့လာကြသည်။ လက်ချောင်းလေးများပင် စည်းလိုက်လာကြတော့သည်။

"မျက်မာန်တော် ငြိုးပါနဲ့။ ခိုးကိုးသူပါ။ အို သခင့် မျက်မှန်တော် ငြိုးလိုက်ပါနဲ့. ခိုးကိုးသူပါ"

⊙ ပြီးစာပေ ⊙

နှင်းပန်းခိုင်သည် ထိုအပိုဒ်ရောက်လျှင် ရင်ထဲတွင် ဆို့၍ဆို့၍ လာ၏။ ပါးပြင်ပေါ်တွင် မျက်ရည်များ စီးကျလာသည်။ သီချင်းသားမှ ရင်းက မိုးကို တောင်းပန်သော်လည်း ခုတလော ဘယ်ဂြိုဟ်ဆိုးဝင်သည် မသိ။ ဇနီးနှင့်သမီးအပေါ် မျက်မာန်ဝင်နေသော အဖေ့ကို တောင်းပန်လို ဟန်ရှိသည်။ သူ့အသံသည် တကယ်ပင် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလာ တော့သည်။ စန္ဒရားသံကား ရုတ်တရက် ရပ်သွားတော့သည်။ ဒေါ်အေး အေးသည်လည်း မျက်ရည်များ ဝိုင်းလာ၏။ ဦးဖေမောင်သည် ချက်ခြင်း လိုပင် သမီးကို ထကြည့်၏။ သူ့မျက်လုံးတွင် ဒေါသအရိပ်အရောင်များ မရှိတော့ပေ။ ခိုင်၏မျက်နှာကို ဆွဲယူမော့ကြည့်ရင်း သမီးလေး၏ ခေါင်း ကို သူ့ရင်ခွင်ထဲသို့ ဆွဲယူပွေ့သွင်းလိုက်သည်။ နှင်းပန်းခိုင်သည် ယခု မှပင် ကြူကြူပါအောင် ငိုရှာတော့သည်။

"သမီး ဖေဖေ့ကို စိတ်မဆိုးနဲ့တော့နော်"

သားအဖ ပြန်ပေါင်းထုတ်ပွဲကို ကြည့်ရင်း ဒေါ်အေးအေးမှာ ဝမ်းသာ ဝမ်းနည်းဖြစ်နေရှာတော့သည်။

☺ ပြီးစာပေ ☺

၈

ဝတ်လုံဦးကျော်ခေါင်နှင့် ဦးဖေမောင်သည် ကားနောက်ပိုင်း တွင် ငြိမ်သက်စွာ လိုက်ပါလာခဲ့ကြ၏။ တစ်ယောက်နှင့်တစ်ယောက် စကား မပြောနိုင်ကြပေ။ ဦးကျော်ခိုင်က သူတစ်ယောက်တည်း မသွားလို ၍ ဦးဖေမောင်အား အဖော်စပ်ခြင်း ဖြစ်၏။ မေဘဲလ်တို့ အိမ်ရောက်လျှင် ဘယ်လိုစကားစရမည်ကို ဦးကျော်ခေါင်က တွေးမရ။ စင်စစ် ထိုကဲ့သို့ သော အချိန်တွင် အားပေးနိုင်သည့်ဦးဖေမောင်လို ဆွေမျိုးတစ်ဦး မေ ဘဲလ်အပါးတွင် ရှိနေပါက ပိုမိုသင့်လျော်မည်ဟု သူတွေးမိသောကြောင့် ဦးဖေမောင်အား ခေါ်လာခဲ့ခြင်း ဖြစ်သည်။

ဦးဖေမောင် စိတ်ထဲတွင်လည်း မေဘဲလ်ကို ဘယ်လို စကားစ ရပါမလဲဟု တွေးမိပြန်သည်။ အပ်ါကိုလည်း ဘယ်မှမသွားရန် ကြိုတင် မှာထား၏။ ဒေါ်အေးအေးကိုပါ ခေါ်လာခဲ့မိလျှင် ကောင်းသားဟု နောင် တရနေပြန်သည်။ မေဘဲလ်တို့ အိမ်ရောက်လျှင် အပါက ဆီးကြိုနေ၏။

◎ ပြီးပါပြီ ◎

သူတို့သည် ညွှန်ခန်းကုလားထိုင်များကို ညွှန်ပြရင်း မတ်တပ်ရပ်ခါ သူတို့ကို နှုတ်ဆက်၏။ မေဘဲလ်ကို ကြည့်ရသည်မှာ ခြေကုန်လက်ပန်းကျနေသော စစ်သားတစ်ယောက်နှင့်တူသည်။

"ဦးကျော်ခေါင်၊ အအေးသောက်ချင်လား။ အပူသောက်ချင် လား ကြိုက်တာပြောနော်"

"နေပါစေမေဘဲလ်၊ ကျွန်တော်စကားပြောစရာရှိလို့ လာတာပါပဲ"

ဦးကျော်ခေါင်စကားစပုံကို မေဘဲလ်က ထူးခြားသလို ကြည့်လိုက်၏။ ခါတိုင်း အမှုအတွက် ကိစ္စရှိလျှင် ဦးကျော်ခေါင်ကသာ ခေါ်တွေ့မြဲဖြစ်၏။ ယခု ဦးကျော်ခေါင် ကိုယ်တိုင်လာသည်ဆိုတော့ မေဘဲလ်သည် သက်ပြင်းချမိ၏။ ကိစ္စထူးပြီ ဆိုသည်ကို သိ၏။ ခေတ္တရပ်နား ငြိမ်သက်၍နေသော ဦးကျော်ခေါင်နှင့်ဦးဖေမောင်ကို ကြည့်ကာ မေဘဲလ်အားမလိုအားမရ ဖြစ်လာသည်။ စက္ကန့်ပိုင်းလေးကိုပင် အချိန်အကြာကြီး စောင့်နေရသလို၊ သည်းမခံနိုင်အောင် ဖြစ်လာ၏။

အပါ၏ မျက်လုံးလေး ဝိုင်းစက်စက်သည် ဦးကျော်ခေါင်အား စူးစိုက်ကြည့်နေ၏။ ဤသားအမိနှစ်ယောက်၏ပုံကို ဦးဖေမောင် မကြည့်ရက်သလို မျက်စေ့ကို ခဏမှိတ်ထား၏။

"ကဲ ဦးဖေမောင်ပဲ ကျွန်တော်တို့ လာရင်းကိစ္စကို ပြောပြလိုက်ပါ"

ဦးကျော်ခေါင်သည် ဦးဖေမောင်သို့ လှဲလိုက်၏။ ဦးဖေမောင် သည် မျက်လုံးကို ပြန်ဖွင့်ကာ စကားပြောရန် အားယူလိုက်သည်။

"မောင်ဘကွမ်းကိစ္စအတွက် လာခဲ့တာပဲ မေဘဲလ်"

မေဘဲလ်သည် နောက်မှီအုံးကို အသာပစ်၍ မှီလိုက်၏။

⊚ ပြီးစာပေ ⊚

သူ့မျက်လုံးများကမူ ဦးဖေမောင်မျက်လုံးများအား ဖောက်ထွင်းတော့မလို စူးစိုက်ကြည့်နေသည်။

"ဟိုက်ကုတ်က ပေးထားတဲ့ ကြိုးဒဏ်ကို မေဘဲလ် မကျေနပ်လို့ တရားလွှတ်တော်ချုပ်မှာ အယူခံ ဆက်ဝင်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"တရားလွှတ်တော်ချုပ်ဆိုတာ၊ အမှုတစ်ခုခုရဲ့ အယူခံကို လက်မခံခင် လက်ခံသင့် လက်မခံသင့် လက်ခံထိုက် လက်မခံထိုက် ပထမ စဉ်းစားသေးတယ်။ လက်ခံထိုက်မှ ဒီအယူခံလွှာကို လက်ခံပြီး ကြားနာစစ်ဆေးတာကိုး ဒီတော့"

"ဒီတော့"

မေဘဲလ်သည် အသံတုလိုက်၍ ဆိုရင်း စိတ်အား ထက်သန်စွာ နားထောင်နေ၏။

"မနေ့ကပဲ တရားလွှတ်တော်ချုပ်က အကြောင်းပြန်စာ ဦးကျော်ခေါင် လက်ထဲကို ရောက်လာတယ်။ အယူခံလွှာကို ပယ်ချလိုက်တယ်တဲ့ကွယ်"

"အို:"

မေဘဲလ် နောက်မှီအုံးပေါ်သို့ ယိုင်လဲသွား၏။

"မေမေ မေမေ"

အပါသည် အမေ့ကို ဆွဲပွေ့ကာ ရင်ခွင်ထဲတွင် မှီ၍ထား၏။ မေဘဲလ်ကား အိမ်ခြေမဆောင်နိုင် တရှုံ့ရှုံ့ ငိုတော့သည်။

"သားရဲ့ အဓိပ္ပာယ် ရှင်းရှင်းက မင်းဖေဖေဟာ ကြိုးဒဏ်က မလွတ်ဘူးတဲ့"

မေဘဲလ်သည် မသဲမကွဲ ပြောရင်း ဆက်ငိုနေသည်။

◎ ပြီးစာပေ ◎

အပါကား မိခင်၏နဖူးကို သူ့မျက်နှာနှင့်အပ်ထားလိုက်၏။ ယောက်ျားရင့်မကြီးဖြစ်သော ဦးကျော်ခေါင်နှင့် ဦးဖေမောင်သည် ထိုမြင်ကွင်းကို ကြာရှည်မကြည့်ရက်နိုင်သလို ရင်ထဲတွင် တင်းကြပ်လာကြသည်။ ထ၍လည်း ပြန်ချင် သည်။ ဒုက္ခသည် သားအမိကို ထားရစ်ကာ ထပြန်ရအောင်လည်း သူတို့ မသွားရက်နိုင်ကြပေ။

ဦးဖေမောင်က ပိုဆိုးသည်။ ထိုမြင်ကွင်းသည် သူ့ကို ဆုံးမနေသလို ဖြစ်နေသည်။ မင်းသာ လူသတ်ရင် မင်းမိန်းမနဲ့ကလေးဟာ အပါနဲ့ မေဘဲလ် အခုငိုနေရသလို ငိုရမှာပဲဟု ပြောနေသလို ထင်လာရသည်။ သူသည် သက်ပြင်းချလိုက်၏။

"မေဘဲလ် ငိုမနေနဲ့တော့လေ။ အစကအဆုံးအထိ လိုလေသေးမရှိ လိုက်လုပ်ထားတာပဲ။ မင်းကြိုးစားမှုရှိတာပဲ။ မေဘဲလ် တာဝန်ကျေပါတယ်ကွယ်"

ဦးဖေမောင်က နှစ်သိမ့်စကား ပြောလိုက်၏။

"ဟုတ်တယ် မေဘဲလ်၊ ကိုယ်တောင် ဝတ်လုံချင်းတွေ့ရင် မေဘဲလ် ဖွဲ့ရှိပုံကို ခဏခဏ ချီးကျူးပြောရသေးတယ်"

ဦးကျော်ခေါင်က ခုမှပင် စကားပြော၍ ရတော့သည်။

"ခုလို မသေလဲ ရောဂါဝေဒနာတစ်ခုခုနဲ့ သေရမှာပဲ။ ရောဂါ ဖြစ်လဲ အစွမ်းကုန် ငွေကုန်လူပန်း ကြိုးစားကြပေမယ့် အသက်ကို လုလို့ ရချင်မှ ရတာမျိုးလား။ အကြောင်းတရား ကံဆိုက်လာပြီဆိုတော့ သတ္တဝါ တစ်ဦးရဲ့ ကုသိုလ်ကံကို ဘုရားသခင်တောင် မတားဆီးနိုင်ဘူး မေဘဲလ်"

မေဘဲလ် နားထဲတွင် ဦးကျော်ခေါင်ပြောစကားများကို သဲသဲ ကွဲကွဲ မကြားရတော့၊ အများအမြင်ကတော့ မေဘဲလ်ဘဝသည် မျှော်လင့် ချက်ကမ်းပါးပြိုသည့် အဖြစ်လောက်ပင် ဖြစ်၏။ ကမ်းပါးနှင့်အတူ မေ ဘဲလ်ပါ

◎ ပြီးစာပေ ◎

ရေစုံမျှောရသည်ကိုတော့ ပရိသတ်က မသိပါပေ။ မေဘဲလ်သည် ကိုယ့်အဖြစ်ကို ကိုယ်တွေးကာ ပို၍ ရင်နာ၏။ ထိုမျှ ကြီးပမ်းရက်နှင့် ဘာကြောင့် အခြေအနေသည် အကောင်းသို့ မဖြစ်လာပါသနည်း။ ဤ လောကဝယ် အကြောင်းတရားတို့သည် သူ့သဘော သူဆောင်ကြသည် ဟူသော ဗုဒ္ဓရှင်တော်မြတ်၏ အဘိဓမ္မာကို သေချာစွာ မလေ့လာသေးသော မေဘဲလ် အဖို့ ဆောက်တည်ရာမရ ဖြစ်ခဲ့ရသည်။

စင်စစ် 'လုပ်ရင် ဖြစ်ရမယ်' ဟူသော တင်းထားသော စိတ်အရှိန်က ဖြုန်းခနဲ ပြတ်သွားသောကြောင့် မေဘဲလ်အဖို့ ပို၍ နာခြင်းဖြစ်၏။ အနတ္တ သဘောကိုသာ စောစောကသက်ဝင်ခဲ့လျှင်၊ မေဘဲလ်သည် ငါ ဖန်တီး၍အခါ ခပ်သိမ်း မရနိုင်ဟု ဖြေနိုင်အားမည်ဖြစ်လေသည်။

မေဘဲလ်သည် ညနေတွင်တော့ သူ့ကိုယ်သူ ရေမိုးချိုးအဝတ်အစားလဲ လုပ်နေတော့သည်။

"မေမေ ဘယ်သွားမလို့လဲဟင်"

အပါသည် ပိုးတွန့်လုံချည်နက်ပြာလေးကို ကိုင်နေသော မိခင်အပါးကို ကပ်ခါ မေးလိုက်၏။ မေဘဲလ်ကား သားမျက်နှာကို စေ့စေ့ပြန်ကြည့်ရင်း သက်ပြင်းချလိုက်သည်။ သား၏နဖူးကို ငယ်ငယ်တုန်းက ပြောသလို လက်ညှိုးလေးနှင့် တို့လိုက်၏။

"သားလေးကို မေမေတစ်ခုတောင်းပန်ရဦးမယ်။ ခုတလော မေမေ ဘယ်သွားသွား၊ ဘာပဲလုပ်လုပ်၊ သားမမေးနဲ့နော်။ တစ်နေ့ကျတော့ သားတို့ အားလုံးသိကြရမှာပဲ။ မေမေအပြင်ခဏသွားဦးမယ်။ ညဥ့်နက်ရင်လဲ မစောင့်နဲ့၊ ဘွားဘွားနဲ့ အိပ်နှင့်နော်"

အပါသည် ဘာစကားမှ မပြောတော့။ မအေလှုပ်ရှားသမျှကို ငြိမ်သက်စွာ ကြည့်နေတော့သည်။ မေဘဲလ်သည် သူ့ကားဟောင်းလေး

ကို ကိုယ်တိုင်မောင်းကာ ထွက်လာခဲ့သည်။ သူဘယ်သွားရမည်ကို သူ့ကိုယ်သူ သိ၏။ ကားမောင်းရင်းတွင်လည်း ဘယ်သွားရမည်ကို ဆုံးဖြတ်ပြီးဖြစ်သည်။ ယခုအချိန်အထိ ဆောက်တည်ရာမရ ထင်ရာသွား၍လည်း မဖြစ်တော့ပြီ။ လာခဲ့တုန်းကလည်း ဤလောကကို ဘယ်လမ်းက လာခဲ့မှန်း မသိ။ ရောက်လာရပြန်တော့လည်း ဇာတ်လမ်းကို မျှော်လင့်ခြင်း ကြီးစွာနှင့် ဝင်ရောက်ကပြခဲ့သည်။ ခုတော့ ဇာတ်လမ်းသည် သူမျှော်မှန်းသလို အဆုံးမသတ်။ မိုးမှ မလင်းခင် အတူတွဲကသော မင်းသားနှင့် ရုပ်ဖျက်ဆင်းဖျက် ကွဲရပေတော့မည်။ လူကလည်း ဇာတ်ပျက်မကြီးဖြစ်၍သာ ကျန်ရစ်ရတော့သည်။

သူသည် ကားလေးကို ကမာရွတ် မရမ်းခြံများ ရှိရာဘက်သို့ မောင်းလာခဲ့လေသည်။ ခြံတစ်ခုထဲသို့ ကျွမ်းကျင်စွာ မောင်း၍ ဝင်လာ ခဲ့၏။ ခြံထဲတွင် ခြေတံရှည်အိမ်ငယ်လေးတစ်ခုမှတစ်ပါး အဆောက်အဦ ဟူ၍ ဘာမှ မရှိပေ။ မရမ်းပင်လေးများသည် အုပ်အုပ်ဆိုင်းဆိုင်းနှင့် အသီးကင်းလေးများ ပြွတ်သိတ်၍နေကြပေသည်။ ကားကို တစ်နေရာတွင် ရပ်ရင်း သူသည် အိမ်လေးရှိရာသို့ လျှောက်လာခဲ့၏။ လှေကားခြေရင်းသို့ သူရောက်ရောက်ခြင်း လှေကားထိပ်တွင် လူတစ်ယောက်သည် အဆင့်သင့်ကြိုဆိုနေသည်။

သူသည် မော်၍ကြည့်ရင်း ခဏ ငိုင်သွားတော့သည်။

"လာလေ မေဘဲလ် မင်းလာလိမ့်မယ်ဆိုတာကို သိပြီးသားပဲ။ ဒါကြောင့်လဲ လာစောင့်နေတာ"

လှေကားထိပ်မှ သူသည် နှုတ်ခမ်းမွေး ရိုးပြွတ်များ ပိုင်ရှင် ဦးစိန်မောင် ဖြစ်သည်။ မေဘဲလ်သည် အားနွဲ့စွာ တစ်လှမ်းချင်း အပေါ်သို့ တက်လာခဲ့သည်။ သူလှေကားထိပ်ရောက်လျှင် ဦးစိန်မောင်သည် မေဘဲလ်

ပခုံးလေးကို လှမ်းဖက်ခါ ပွေ့ယူလိုက်သည်။ မေဘဲလ်သည်အား အလျော့ကြီး လျော့လိုက်ကာ ကလေးတစ်ယောက်လို ငိုကြွေးရှာသည်။

"လာ ထိုင်ပြီး စကားပြောရအောင်၊ မငိုပါနဲ့ မိန်းကလေးရယ်။ မင်း မငိုစမ်းပါနဲ့"

ဦးစိန်းမောင်သည် သူ့ကို တယုတယပင် ဧည့်ခန်းကုလားထိုင်များဆီသို့ ခေါ်သွားတော့သည်။ ဦးစိန်းမောင်ရုပ်သည် အသက်ကြီးကာမှ အသီးနုနုစားလိုသော ဟန်ပန်မျိုး မရှိပေ။

သူသည် တကယ်ပင် မေဘဲလ် ကို ကရုဏာသက်စွာ နှစ်သိမ့်လိုက်၏။ ကုလားထိုင်တွင် မေဘဲလ်နှင့်အတူ ထိုင်သည်အထိ မေဘဲလ် ပခုံးပေါ်မှ လက်ကို မချသေးပေ။

"မငိုပါနဲ့ကွယ်။ မနက်ကတည်းက တရားလွှတ်တော်ချုပ်သတင်းကို နားစွင့်နေတာ။ ကိုကျော်ခေါင်ဆီ တယ်လီဖုန်းနဲ့ မေးပြီးပြီးခြင်း ကိုယ်လဲ ဆောက်တည်ရာ မရပါဘူး။ မင်းဆီလာတွေ့ရ ကောင်းနိုး နိုး အင်းလျားဟိုတယ်မှာပဲ တွေ့ကြရကောင်းနိုးနိုး စဉ်းစားနေတာ။ အိမ်ကိုလာဖို့လဲ မသင့်တော်ဘူးမို့လား"

"ဟုတ်ပါတယ်။ မေဘဲလ်လဲ ဘာလုပ်မရမှန်း မသိဘူး။ အိမ်မှာ ခွေနေမလို့။ ခွေနေတာထက် တစ်ခုခု လုပ်မှလို့ သတိရတယ်။ ဒီအချိန်ကိုကြီး မရမ်းခြံမှာ အနားယူချိန်မှန်းသိလို့ လိုက်လာတာပါပဲ"

"မေဘဲလ် ဘယ်လို စီစဉ်ချင်လဲ၊ မောင်ဘကျွမ်း ကိစ္စကတော့ တစ်ခန်းရပ်ပြီ မေဘဲလ်"

မေဘဲလ်သည် ပင့်သက်လေး ရှူလိုက်၏။

"အသည်းနာလိုက်တာ ကိုကြီးရယ်။ ကိုကြီးနဲ့ မေဘဲလ် ခုလိုဖြစ်ရတဲ့အထိ ငွေကုန် လူရှုံး ကြိုးစားတာတောင် မရတော့ဘူး။ သူ့မရှိတဲ့

နောက် မေဘဲလ်လဲ တစ်ခန်းရပ်ချင်ပြီ။ ဒီဇာတ်ကို ဆက်မကချင်တော့ဘူး။ လင်သေရုံတင် မဟုတ်ဘူး။ မေဘဲလ်လဲ ဇာတ်ပျက်မဖြစ်ပြီ"

မေဘဲလ်သည် ကိုယ်လေး သိမ့်သိမ့်တုန်ကာ ငိုရင်းပြောနေ၏။

"ကြိုးစားတိုင်း ဖြစ်ရမယ်လို့ ဘယ်သူပြောလဲ မေဘဲလ်။ ကြိုးစားရမှာက ကိုယ့်တာဝန်။ ဖြစ်တာ မဖြစ်တာတွေဟာ ကံအကြောင်းပေါ့ ကွယ်။ ကိုကြီး ဘာလုပ်ပေးရမလဲ"

ဦးစိန်းမောင်သည် တကယ်ပင် သူ့အတတ်နိုင်ဆုံး မေဘဲလ်ကို ကူဖို့ ထပ်မံ မေးရှာသည်။

"ဇာတ်ပျက်မပဲ ထားပါတော့။ ဘယ်ဘဝဖြစ်ဖြစ်၊ ဘယ်သူတွေ က မေဘဲလ်ကို ဝိုင်းပယ် ဝိုင်းပယ်။ ကိုကြီး မေဘဲလ်ကို နားလည်ထားပြီး သားပဲ မေဘဲလ်"

စင်စစ်မတော့ ဦးစိန်းမောင်ဘက်က တာဝန်ကျေပြွန်လွန်းလှ ပေပြီ။ မေဘဲလ် စိတ်ထဲရှိ ပြဿနာက တစ်မျိုးဖြစ်နေသည်ကို ဦးစိန်း မောင် မသိပါပေ။ သူသည် ယခုချက်ခြင်း ဖွင့်ပြောသင့် မပြောသင့်ကို စဉ်းစားနေတော့သည်။

"မေဘဲလ် ဘာကို လုပ်ချင်လို့လဲ"

ဦးစိန်းမောင်သည် ထပ်၍ မေးပြန်၏။

"မေဘဲလ် လုပ်ချင်တာကတော့ ရှိတာပဲ။ ဒါပေမယ့် မေဘဲလ် ဘာလုပ်ချင် လုပ်ချင် ကိုကြီးဆီက ယူထားတဲ့ ငွေလေးသောင်းကျော်ကို တော့ ထည့်စဉ်းစားရဦးမှာပေါ့"

မေဘဲလ်သည် တစ်လုံးချင်း ပြောပြလိုက်၏။ ဦးစိန်းမောင်က သူ့မျက်နှာလေးကို စေ့စေ့ကြည့်ပြီး သူ့ဘာသာ စဉ်းစားနေပြန်သည်။ ပြီးတော့မှ . . .

◎ ပြီးစာပေ ◎

"မေဘဲလ် ဘာလုပ်ချင်တယ်ဆိုတာ ဖွင့်ပြောပါ။ ဒီငွေလေး သောင်းအပေါ်မှာ တည်ပြီးတော့ မစဉ်းစားပါနဲ့ ဟုတ်လား မေဘဲလ်"

ဟုပြောလိုက်သည်။

အပြင်တွင် မရမ်းပင်များကို လေများ တိုက်ခတ်သံသည် ပြင်း ထန်လာလေသည်။ မေဘဲလ်သည် ပြန်ဖို့ သတိရလာသည်။ လေတိုက်၍ ဖော့ရမ်းနေသော သစ်ပင်ဖျားများပေါ်တွင် နေခြည်များပင် လျှော့ပါးစပြု လာသည်။

'ကျေးဇူးတင်ပါတယ် ကိုကြီး။ မေဘဲလ် ဘာလုပ်ချင်တယ်ဆို တာ ခု မပြောပါရစေနဲ့။ မေဘဲလ် စာရေးလိုက်ပါ့မယ်။ ကဲ မိုးလဲချုပ်လာ ပြီ။ မေဘဲလ် ပြန်တော့မယ်"

ဦးစိန်းမောင်သည် မေဘဲလ် ပခုံးလေးကို တယုတယ သပ်ကာ ကားရှိရာသို့ လိုက်ပို့လိုက်၏။

◎ ပြီးစာပေ ◎

## ၉

ချစ်စွာလှသော မီ

ဆောင်းရဲ့ နံနက်မှာ၊ ကျလာကြတဲ့ နှင်းပွင့် နှင်းမှုန်လေးတွေ ရဲ့ သက်တမ်းလိုပဲ မီနဲ့ ကိုကိုပါ ပျော်ပျော်ရွှင်ရွှင် တွေ့ကြရတဲ့ အချိန် ဟာ ဘာမှ မကြာခဲ့ဘူး။

ကိုကိုပါ အဖို့ကတော့ ခွဲခွာနေကြရတဲ့ အချိန်တွေ ဘယ်လိုပဲ ကြာမြင့်လိုနေပေမယ့် မီ့အပေါ် ထားခဲ့တဲ့ စိတ်ကတော့ ဘယ်လိုမှမပြောင်း လဲပါဘူး။ မီလဲ ကိုကိုပါ့ဖေဖေအတွက် အယူခံကို တရားလွှတ်တော်ချုပ် က ပယ်လိုက်တဲ့သတင်း သိပြီးရောပေါ့။

"မုန်းပင် စိုက်ပျိုး ပြေချိန်တန်လို့မှ မပြေနိုင် ရန်ငြိုးတဲ့၊ မုဆိုး တစ်ပိုင်း မီမီတို့ရဲ့ အမေမိန်းမရိုင်းကြီး" ကို ပြောပြလိုက်ပါ။ တစ်ချိန်က ကိုကိုပါ့ ရှေ့မှာ ကြိမ်းမောင်းသွားခဲ့သလို "ကိုကိုပါ့အဖေကို လည်ပင်းမှာ ကြိုးကွင်း စွပ်သေရမှ ကြေနပ်မယ်" ဆိုတဲ့ အတိုင်း ခု ကိုကိုပါ့ ဖေဖေ သေရပါတော့မယ်လို့ . . .

☺ ပြီးစာပေ ☺

ရယ်ကာမောကာ မျက်နှာငွေလ ရွှင်ပပနဲ့ သခင်မကြီး ဝမ်းမြောက်ပါတော့လို့ ပြောဖြစ်အောင် ပြောလိုက်စမ်းပါ။

ချမ်းမြေ့ရွှင်လန်းပါစေ။

လူသတ်သမားကြီးရဲ့သား

ငပါ

"အောင်မယ်လေးလေး လက်စသတ်တော့ ဒီစာဖတ်ပြီ။ မရွှေစာက ငိုချင်းချနေတာကိုး"

ဆတ်ဆတ်တုံနေသော လက်များနှင့် စာရွက်များကို ကိုင်ရင်း ဒေါ်ကြာအုက အသံကုန် အော်လိုက်၏။ မီသည် အမေလုပ်သူကို ဘာမှ မပြော။ ခေါင်းအုံးပေါ်တွင် မျက်နှာအပ်ခါ ငိုရှိုက်၍ နေလေသည်။ မီ က ထိုစာကို ခေါင်းအုံးပေါ်တင်ကာ ငိုနေစဉ်၊ ဒေါ်ကြာအုက ဝင်လာခြင်း ဖြစ်၏။ မီသည် အမေလာသည်ကို မသိ၍ အချိန်မီ စာကို မသိမ်းမိပေ။

ဒေါ်ကြာအုသည် စာရွက်ကိုခြေကာ လွှတ်ပစ်လိုက်၏။

"ဒင်းအဖေကလဲ ငါ့လင်ကို သတ်သေး။ ဒင်းကလဲ ငါ့ကို မုဆိုးတစ်ပိုင်းမိန်းမရိုင်းကြီးတဲ့ ထွီ တိရစ္ဆာန်ကောင် သင်းကမှ တကယ်မိုက်ရိုင်းတာ အပါရဲ့ မိရွှေမီရယ်။ ကိုယ့်အမေ တစ်ယောက်လုံး "မိန်းမရိုင်းကြီးလို့ဆိုတဲ့ အကောင်ကိုတော့ ညည်းကမနာ။ တကကထဲ လွမ်းလွမ်းဆွေးဆွေး ငိုနေရတယ်လို့"

မီသည် ခေါင်းမဖော် အမေကိုလည်း ဘာမှ ပြန်မပြောရဲ တရှုံ့ရှုံ့နှင့်သာ ဆက်၍ ငိုနေသည်။

"ဟော့ သူက မိန်းမရိုင်း ဆိုမှ ကျုပ်က ပိုမိုရိုင်းပြလိုက်မယ်။ အခု ဒီဇော်ဘာလကျောင်းဖွင့်ရင်၊ ကျောင်းပြန်မသွားရဘူး မှတ်ပါ။ ဒီဆီအေ

◎ ပြီးစာပေ ◎

ကိုလဲ မဖြေရဘူး။ ဟော ဘကွမ်းကို ကြိုးပေးမယ့်နေ့မှာမှ ရက်ချိန်းကိုက်ပြီး သမီးကို မင်္ဂလာဆောင်ပေးမယ်။ အလိမ္မာကြီး မရွှေမီ စာရေးချင်သပရေးပြောလိုက်ဦးလေ တိရစ္ဆာန်ကောင်ဆီ ကြာဥတဲ့ တစ်ဥထဲ ရှိတယ်"

အဘွားကြီးသည် ဒေါသူပုန် ထကာ အခန်းထဲမှ ထွက်သွားရသည်။ မီသည် ဖြတ်ခနဲသာ ခေါင်းထောင်၍ ကြည့်လိုက်သော် လည်း မအေကို တစ်စုံတရာ တားမြစ်ဖို့ သူမစွမ်းနိုင်တော့ပေ။

မီမီသည် အဖေ အသတ်ခံရသည့်အတွက် ဝမ်းနည်းကြေကွဲသည်မှာ အမှန်ဖြစ်သည်။ သူ့တွင် အားကိုးရာမဲ့ သွားသည်ကိုလည်း မီမီက နားလည်ပါ၏။ သူတစ်ပါးအသက်ကို သတ်သည့်အတွက် တရားဥပဒေက မနေ ဦးဘကွမ်းအပေါ်တွင် ကြိုးမိန့်ပေးလိုက်ပေပြီ။ မီမီတို့သားအမိ နှစ်ယောက်စလုံး ခိုးကိုးရာမဲ့သလို မေဘဲလ်နှင့်အပါတို့လည်း စီးပွားရေးရော အခြေအနေပါ ဖရိုဖရဲဖြစ်သွားကြသည်။ ထိုမျှဆိုလျှင် ဦးဘကွမ်း၏ လူသတ်သော အပြစ်အတွက်ခံရသော တန်ပြန်ချက်မှာ သင့်တော်လောက်ပြီ ဟု မီမီက ထင်သည်။

အမေလုပ်သူက ဆက်လက်၍ ပြေသင့်ပြီးသင့်သည်ကိုမှ မပြေနိုင်။ ရန်ငြိုးနှင့်ထပ်မံကာ အပါ့အပေါ် လက်စားခြေဦးမည်ဆိုလျှင် မေမေ့အလွန်ဖြစ်လာပြီကို မီမီက နားလည်၏။

အပါက ချစ်သူဖြစ်၍ အပါ့ဘက်လိုက်ခြင်း မဟုတ်ပေ။ သေသူလည်း သေသွားပြီ။

နောက်ထပ် ဦးဘကွမ်းလည်း ကြိုးကွင်းတပ်ခါ သေရတော့မည်။ မိမိစိတ်ထဲတွင် ဓာတ်လမ်းကို ဤနေရာတွင်ပင် ရပ်စေချင်သည်။

ဦးဘကွမ်း ကြိုးပေးခံရမည့်နေ့မှာမှ သူသည် တခြားလူတစ်ယောက်နှင့် လက်ထပ်ဦးမည်ဆိုသည်မှာ ဘာအဓိပ္ပာယ်ပါလဲ။ မေမေ သည်

အပြစ်မဲ့သော ကိုကိုပါ့အပေါ်တွင် ထပ်မံ၍ ဘာကြောင့် ရက်စက်လိုပါ သနည်း။

အဖေတစ်ယောက်လုံး ကြိုးပေးခံရမည့်နေ့မှာမှ ချစ်သောမီက မျက်နှာပြောင်တိုက်ပြီး တခြားတစ်ယောက်နှင့် လက်ထပ်ဦးမည်ဆိုတော့ ကိုကိုပါ့ အသည်းနှလုံးတို့သည် အဘယ်သို့ ရှိပါမည်နည်း။

မီသည် ချစ်သူငိုကြွေးသော မျက်ရည်ဖြင့် ဖြည့်ထားသည့် ကုဏ္ဍလာအိုင်တွင်း အခြားယောကျ်ားတစ်ပါးနှင့် ဘယ်လိုလုပ်၍ ရေကစား ထွက်နိုင်ပါအံ့နည်း။

"မီတော့ ဒုက္ခပဲ ကိုကိုပါမှီကို အထင်လွဲနေဦးမှာ၊ မီဘာလုပ်ရမလဲ"

မီသည် စိတ်ထဲမှာ ရေရွတ်နေမိသည်။ ခုလိုချိန်တွင် စိတ်၏ ဆောက်တည်ရာ ရအောင် လမ်းခင်းတတ်သော နှင်းပန်းခိုင်ကို တွေ့လိုသည်။ နှင်းပန်းလို ဖြူစင်၍အေးသော ခိုင့်မျက်နှာလေးက သူ့မျက်လုံး ထဲတွင် ပေါ်လာသည်။ ခိုင်သာ အနားမှာရှိလျှင်၊ သူ့ကို အကြံဉာဏ် ပေးဦးမည်။ ယခုတော့ ခိုင်နှင့်လူချင်းတွေ့ဖို့ ဝေး၍ စာပေးရန်ပင် မလွယ် တော့ပေ။

မေမေမှားနေပြီ ဆိုသည်ကို သူရှင်းပြဖို့ သတ္တိလိုနေသည်။ သူ အားလုံးကို ရဲရဲရင်မဆိုင်ဘဲ လက်မြှောက်ပစ်လိုက်ချင်သည်။ လက် မြှောက်ခြင်းဆိုသည့် အဓိပ္ပာယ်က မေမေ့ဆန္ဒကို ခေါင်းငုံ့လိုက်လျှောဖို့ မဟုတ်။ ပြဿနာရပ်များကို စွန့်၍ ဤလောကမှ ထွက်ခွာသွားဖို့ပင်ဖြစ် သည်။

ကိုကိုပါ ငိုချင်းခြေချရသည့်အဖြစ်ကို၊ တမလွန်မှပဲ ကြည့်လို တော့သည်။ ချစ်သူ၏ငိုကြွေးသံကို စခန်းသွား တီးလုံးဖွဲ့ပြီး ကရသော

ကချေသည် မိန်းမရိုင်းကြီးတော့ မဖြစ်လိုပေ။

"မီ . . . ခိုင့်ကို ကတိပေးရမယ်နော် . . . အချစ်ကိစ္စနဲ့ ပတ်သက်ပြီး ကိုယ့်အသက်ကို ရန်မရှာပါဘူးဆိုတာ . . ." မာလာဆောင်ရေ့ မျက်ခင်းပေါ်တွင် နှင်းပန်းခိုင်ပြောသော စကားလေးများကို မီပြန်၍ကြားယောင်လာသည်။

သို့သော်မီသည် ဘယ်လိုမှမကြံတတ်။ အိပ်ရာပေါ်မှ ခုတင်ဘေးရှိ ပြတင်းအပြင်သို့ ငေးမောနေသည်။ ဆောင်းရာသီ၏ ကောင်းကင်ဖြစ်၍ ပြာသောနောက်ခံတွင် တိမ်ဖြူများသည် အဝေးသို့ရွက်လွင့်သွားကြ သည်။

တိမ်တို့သည်သာ စကားဆိုတတ်ခဲ့ပါလျှင် သူခံစားနေရသော အဖြစ်ကို၊ ကိုကိုပါအား ပြောလိုက်စေချင်ပေသည်။

ယခုတော့တိမ်တိုက်ကြီးများသည် အဝေးသို့ လွင့်၍လွင့်၍ သွားသည်နှင့်အမျှ သူသည် အထီးကျန်၍ နေရစ်ခဲ့ရသလို ရင်ထဲမှာ ဟာ၍ဟာ၍ ကျန်ရစ်တော့သည်။

တပေါင်း၏ နံနက်သည် နှင်းရည်တို့ဖြင့် စိုစွတ်လျက်ရှိသည်။

ပုရစ်ဖူးဖြေစပြု၍၊ နွေဦးကိုကြိုသော ရွက်သစ်နုများအဖို့ နှင်းရည်နှင်းစက်များသည် အားသစ်တက်အောင် ဆွတ်ဖြန်းနေသော မဂ်လာရေစင်နှင့်တူနေတော့သည်။

နွေသို့ပြောင်းစ တပေါင်းလဦးတွင် လေရူးဒဏ်ဖြင့် မြေမှာကြွေလျော်ကြပြီဖြစ်သော ရွက်ဟောင်းများအဖို့တွင်ကား နှင်းကြွင်းများသည် ဆောင်းနတ်မယ်၏ မျက်ရည်စများ သည်သာတည်း။ သူနှင့် တစ်ဆောင်းတွင်းလုံး ပျော်ရွှင်စွာ နေခဲ့သော မြရောင်သစ်ရွက်များသည်လည်း နွမ်းလျော်ကြလေပြီ။ သူချစ်သော ဆောင်းပန်း၏ ရွက်သစ်ဖူးများ သည်လည်း၊ ယခုသော် ပျောက်ကွယ်၍ သွားကြလေပြီ။ ဆောင်းနတ်မယ် ကိုယ်တိုင်

◎ ပြီးပါပြီ ◎

ပင်လျှင် နွေဦးသခင်က နှင်လေပြီဖြစ်၍ သူသည် မခွဲနိုင်မခွာ နိုင်သော ဤလောကအား နောက်ဆုံးနှုတ်ဆက်၍ သွားရပေတော့သည်။

တစ်ခါကဤလောကအား ဖြူနုသောနှင်းစက်များဖြင့် သူတန်ဆာ ဆင်ခဲ့သေးကြောင်း အမှတ်တရ အဖြစ်၊ နှင်းရည်နှင်းကြွင်းများကို သာ သူ့ကိုယ်စားထားရစ်ခါ ဆောင်းနတ်မယ်သည်၊ ထွက်ခွာ၍ သွားတော့သည်။ ထို့ကြောင့်ပင် နွေဦးသည် သာယာသည်ကို ဆိုရမည်လား၊ လွမ်းဖွယ်ကောင်းသည်ဟု ဆိုရမည်လား၊ ပြောမပြနိုင်အောင် သူ့စိတ်ကို ခံစားမှုနှစ်မျိုးပေးခဲ့လေသည်။ နွေ၏တမန်ဖြစ်သော ဥဩ၏အသံသည် ပင် ကြည်နူးခြင်းနှင့် လွမ်းဆွတ်ခြင်းကို တစ်ပြိုင်နက်ဖြစ်ပေါ်စေသည် မဟုတ်ပါလော။

"မအော်ပါနဲ့ ဥဩလေးရယ် . . ."

ပြတင်းတံခါးကို ဖွင့်ဖွင့်ခြင်း အပါသည် ဥဩကို တောင်းပန်မိ၏။ သူ့ပြတင်းအနားတွင် ကိုင်းလျက်ရှိသော ပိတောက်ပင်ပေါ်တွင် ဥဩ သည် နွေဦး၏ ပျိုမြစ်သစ်လွင်ပုံကို ဟစ်ကြွေးကာ တွန်မြည်ရှာ၏။

အပါ့အဖို့တွင်ကား ဥဩသံသည် ချစ်သောသူများနှင့် ခွဲခွာ သွားပြီဖြစ်သော ဆောင်းနတ်မယ်အားတသသော အလွမ်းဘွဲ့သာတည်း။

နက်ဖြန်တွင် သူချစ်သော မီသည် တခြားလူနှင့် လက်ထပ်သွား တော့မည်၊ သူချစ်သော ဖခင်အား ကြိုးဒဏ် အပေးခံရတော့မည်။

အပါ့မျက်လုံးထဲတွင် ရွှန်းစိုနုပျိုသော ရွက်သစ်များအားမမြင်၊ မြေပြင်တွင်လဲလျောင်းနေသော ရွက်ဟောင်းများ ကိုသာမြင်မိတော့သည်။

"သား . . . ဘာကြည့်နေတာလဲ၊ ကော်ဖီသောက်လေ . .၊ ပြီး ရင် မေမေပေးတဲ့စာကို၊ ဦးစိန်းမောင်ဆီ သွားပေးစမ်းနော် . . ."

မေမေ၏ အသံသည် အပါ့နောက်မှပေါ်လာ၏။

◎ ပြီးပါပြီ ◎

အပါသည် ပြတင်းကိုနောက်ခိုင်းလိုက်သောအခါ၊ မေမေကို မျက်နှာချင်းဆိုင်လိုက်၏။ မေမေ သည်ညဉ့်က တစ်ညလုံး အိပ်ဟန်မတူပေ၊ သူ့မျက်နှာသည် သေးသွယ်ချောင်ကျ၍ သွားသည်သာမက အလွန်ပင် အိုမင်းသွားဟန် ပေါက်နေသည်။

"သား . . . သွားပေး ပေးမယ်မေမေ၊ မေမေအိပ်ရာထဲနားနေရင် မကောင်းဘူးလား၊ အပြန်ကျရင် နှင်းပန်းခိုင်တို့အိမ်သားတွေဆီ ခဏဝင်မယ်"

မေဘဲလ် သည်၊ လက်ထဲမှ စာအိတ်ကိုအပါ့အားလှမ်းပေး၏။ အပါသည် မအေ့ပုခုံးကို တယုတယဖက်ခါ၊ အိပ်ခန်းဆီသို့ ခေါ်သွားတော့၏၊ မေဘဲလ်အား ခုတင်ပေါ်သိပ်ခဲ့ပြီးမှ ဦးစိန်းမောင်အိမ်သို့ ထွက်လာခဲ့လေသည်။

အပါ ဦးစိန်းမောင်အိမ်မှ ပြန်လာချိန်သည်၊ နံနက်စာ စားချိန်သို့ပင် နီးကပ်၍နေလေပြီ၊ သူ့အစီအစဉ်အတိုင်း အပြန်တွင် နှင်းပန်းခိုင် အိမ်သို့ဝင်လိုက်၏။

"ဟော . . . အပါလာပြီ . . ."

ဦးဖေမောင်တို့ အိမ်သားအားလုံးသည် အပါအဝင်ရောက်လာခြင်းအတွက် ဆီးကြိုရသည်ကို အားမရှိကြပေ၊ စင်စစ် ဝမ်းပန်းတသာ ကြိုဆိုရမည့်အချိန်လည်း မဟုတ်ပေ။ အပါသည် အိမ်သားများနှင့်အတူ ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်၏၊ ထမင်းစားပွဲ နံနက်စာစားပြီးစဖြစ်၍ သိမ်းရင်းဆဲရင်း တစ်ပိုင်းတလက်စဖြစ်နေလေသည်။ အပါသည် စားပွဲရှိ လူများကို မျက်နှာစုံအောင် လိုက်ကြည့်၏။ ဦးဖေမောင် ဒေါ်အေးအေးနှင့် ဘွားဘွားသာ တွေ့ရသည်။ နှင်းပန်းခိုင်ကို မတွေ့ရပေ။ လူကြီးသုံးယောက်ကလည်း၊ အပါ့ကို စူးစိုက် ကြည့်နေကြ၏။ မနက်ဖြန်နံနက်တွင် အဖေ

◎ ပြီးစာပေ ◎

တစ်ယောက်လုံးကို ကြိုးပေးခံရမည့် သား၏ဝမ်းထဲတွင် ဘယ်သို့ဖြစ်နေမည်ကို သူတို့သည် အတွေးကိုယ် စီနှင့် စဉ်းစားနေကြသည်။

အပါ့အဖြစ်ကို ယှူကြုံးမရဟာန်ကြည့်နေကြသည်။

"အပါ . . . ဘာလုပ်လာရသလဲကွယ်၊ ဒီချိန်မှာ မောဘဲလ်အနားမှာ အပါမပြတ်ရှိနေသင့်တယ်။ အန်ကယ်လာခဲ့မှာပေါ့ . . ."

ဦးဖေမောင်က အပါ့ကို ပြောလိုက်၏။

"ဟုတ်ကဲ့ကျွန်တော် ရှိသင့်တယ်ဆိုတာ နားလည်ပါတယ်။ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ မေမေက စာရေးပေးလိုက်တာနဲ့ ဦးစိန်းမောင်အိမ်သွားပေးရင်း ဒီဝင်လာခဲ့တာပါ။ ပြီးတော့ ညနေအတွက်လည်း စီစဉ်ရအောင်လို့ . . ."

"ဪ . . . အေး . . . ၊ ညနေကျရင် အန်ကယ်လာခေါ်မယ်၊ ထောင်ပိုင်ကြီးကပြောတယ်၊ လေးနာရီလောက် အရောက်လာရင် တော်ပါပြီတဲ့၊ ဘုန်းတော်ကြီးလည်း တရားဟောဦးမှာကိုး . . ."

အပါသည် နှုတ်ခမ်းကို စေ့စေ့ပိတ်ကာ စိတ်တင်းထားပုံပေါ်သည်၊ အသက်ကို မရှူနိုင်သလို တစ်ဆို့ဆို့ကြီး ဖြစ်နေ၏။

အပါက . . .

"မေမေက ညနေမှာ ဖေဖေ့လက်နဲ့ ဘုန်းတော်ကြီးကို ကပ်ဖို့ သင်္ကန်းတစ်စုံရယ် . . . ၊ ဖေဖေ့သက်စေ့ ငွေသားရယ်၊ အဆင်သင့်လုပ်ထားတယ်။ ဒါပေမယ့် မေမေကိုယ်တိုင်တော့ မလိုက်ဖို့ဆရာဝန်က ပြောတယ်"

"မောဘဲလ် နေမကောင်းဘူးလား . . ."

အဘွားကြီးက မေးလိုက်၏။

"နေကောင်းကောင်း၊ မကောင်းကောင်း၊ အန်တီအေး သဘောတော့ လိုက်မသွားတာ ကောင်းတယ် . . ."

◉ ပြီးစာပေ ◉

"အပါလည်း ဒီလိုပဲ ယူဆတယ်အန်တီ၊ မေမေကနေလို့ကောင်း ပါတယ်၊ ဒါပေမယ့် တော်ကြာ ထောင်ထဲမှာ ဖေဖေ့ကိုမြင်ရတော့ မေမေစိတ် မထိန်းနိုင်အောင် ဖြစ်ဦးမယ်၊ မေမေ့အဖြစ်ကို မြင်ရတော့ ဖေဖေလည်း သေရခါနီးမှာ စိတ်ဖြောင့်မှာ မဟုတ်ဘူး၊ ဟိုဘဝတုန်းက ဝဋ်ကြောင့် ခုလို ခံရတာလို့ ပြောကြတာပဲ၊ ဒီဘဝမှာ တစ်ခါ အယူမဖြောင့်မှဖြင့် . . ."

အပါသည် ရှေ့ကို စကားမဆက်နိုင် လက်ကိုင်ပဝါကြီး မျက်နှာ အုပ်ခါ ငိုတော့သည်။

"ဘယ်လို အဖြစ်တွေပါလိမ့်သားရယ် . . ."

ဒေါ်အေးအေးသည် သားချင်းစာသည့် ကရုဏာသံဖြင့် ထလာခါ ကြောကို ညင်သာစွာ သပ်လိုက်၏။ ဦးဖေမောင်သည် အပ့ါကို လှမ်းကြည့် ရင်း အသက်ရှူမရသလို ဖြစ်သွားပြန်သည်။

"ဖြစ်နိုင်ရင် မနက်ကြိုးပေးချိန်မှာလည်း သားလိုက်မသွားပါ နဲ့လား၊ မင်းအန်ကယ်သွားရင် တော်ပါပြီ၊ အပါအန်တီပြောတာကို နားထောင်နော်"

ဒေါ်အေးအေးသည် အပါ၏ ဦးခေါင်းရှိ ဆံပင်များအား ထပ်မံ သပ်ရင်း ပြောလိုက်၏။ သူ့မျက်လုံးထဲတွင် မျက်ရည်များ ပြည့်လာကြပြန် သည်။

"ဖေဖေရဲ့ နောက်ဆုံးအချိန်ကို ကျွန်တော် ကြည့်ပါရစေ၊ ကျွန်တော်စိတ်တင်းနိုင်ပါတယ် . . ."

အပါသည် မျက်ရည်စများကို လက်ကိုင်ပဝါနှင့် သုတ်ရင်း ပြန်ပြော၏။

"နှင်းပန်းခိုင်ရော . . ."

"နှင်းပန်းခိုင်အပေါ်မှာ ရှိတယ် . . . တက်သွားလေ . . ."

◎ ပြီးစာပေ ◎

ဦးဖေမောင်က၊ သမီးရှိရာသို့ ညွှန်လိုက်၏။ အပါသည် ထိုင်ရာမှ ဖြေးညင်းစွာ ထသွားသည်။ နှင်းပန်းခိုင်ကို အိပ်ခန်းထဲတွင် တွေ့ရ၏။ ခုတင်ဘေးစားကြည့် စားပွဲပေါ်ရှိ စာအုပ်များကို စာမေးပွဲစစ်ပြီးချိန် ဖြစ်၍ ခိုင်သည် သိမ်းနေလေသည်။

"ကိုကိုပါ . . . လာလေ . . . "

အပါသည် စားပွဲရှေ့ ရှိကုလားထိုင်တွင် ထိုင်လိုက်၏။ အပါ့ မျက်နှာမကောင်းသည်ကို နှင်းပန်းခိုင်သည် သတိပြု၍ ကြည့်၏။

မျက်နှာက ငိုထားသော မျက်နှာဖြစ်သည်။ အပါငိုခြင်းကို သူမအံ့ဩ၏။ သူသာဆိုလျှင် ယနေ့ချိန်လောကတွင် ရှားမတတ်ဖြစ်၍ နေမည်အမှန် ဖြစ်သည်။

"ကိုကိုပါ . . . ခိုင့်ကို ဘာခိုင်းစရာရှိလဲ . . . "

ခိုင်သည် စားပွဲကို တင်ပါးနှင့်မှီ၍ထားရင်း မေးလိုက်၏။

"ခိုင်းစရာရှိလို့ မဟုတ်ဘူးခိုင် . . . ဒီမှာကြည့်ပါဦး . . . "

အပါထုတ်ပြသောအရာမှာ ဖိတ်စာကတ်ပြားဖြစ်၏။ ဖြူဝင်းသော ကတ်ပြားထူပေါ်တွင် ရွှေစာလုံးနှင့် ရိုက်ထား၏။ အပါက ဖိတ်စာခေါက်ကို ဖွင့်လိုက်သောအခါတွင်မှ ခိုင်သည် မျက်လုံးလေးပြူးသွား၏။ ဖိတ်စာမှာ နယ်ပိုင်ဝန်ထောက် ဦးကျော်ဦးနှင့်မိမိ မင်္ဂလာဆောင်ဖြစ်သည်။

"သူမင်္ဂလာဆောင်တော့မယ်၊ ဟုတ်လား . . . ခိုင်တို့ ဒီဇင်ဘာလ ကျောင်းပြန်ဖွင့်တော့ မိုကို မတွေ့တော့ဘူး၊ မတ် (ချ်) ရောက်တော့လည်း၊ စာမေးပွဲအတွက် ကြိုးစားနေရတာနဲ့ သတိမပြုမိဘူး၊ ပြီးတော့ ဒီလူသတ် ချင်နေတဲ့ ဖေဖေ့ကြောင့် ခိုင်မနည်းစာကြိုးစားနေရတာယ်၊ စိတ်မဖြောင့်ဘူး"

"မင်္ဂလာဆောင်တာ အဆန်းမဟုတ်ပါဘူးကွယ်၊ ဒီမှာကြည့် ပါဦး"

အပါသည် မှင်နီသားထားသော စာကြောင်းကို ပြရင်း ပြောၡ၏။

"မင်္ဂလာဆောင်တဲ့ရက်က ဖေဖေကြိုးပေးမယ့် ရက်မှ ရွေးလို့ရသတဲ့လား ခိုင်ရယ် ဖြစ်များဖြစ်နိုင်ရင် ဖေဖေကြိုးပေးမယ့်အချိန် မနက်ခြောက်နာရီမှာ ထဆောင်မလားမသိဘူး၊ ဒါလောက်တော့ မရက်စက်လွန်းဘူးလား ပြီးတော့ တပေါင်းလကြီး . . . "

ခိုင်သည် အနည်းငယ် တွေ၍ စဉ်းစားနေ၏။

"သူတို့က ဒါမျိုးတွေ ကို အယူမရှိပါဘူး၊ သူ့မေမေက အငြိုးကကြီးသနဲ့။ သူ့မေမေစီစဉ်တာလား မသိဘူး"

"ကဲ . . . သူ့မေမေက စီစဉ်ပါပြီတဲ့၊ မီကပြောမပြတော့ဘူးလား၊ ရက်ချိန်းလေးမှ မလွှဲနိုင်တော့ဘူးလား . . . "

အပါ့အသံက စိတ်နာသံပါ၍လာသည်။

"ကိုကိုပါကလည်း မီမီ အပေါ်အထင်မလွဲလိုက်ပါနဲ့ဦး၊ အဲဒီရက်ဟာ ကိုကိုပါ့ဖေဖေကို ကြိုးပေးမယ့် ရက်ဆိုတာ မီမီသိဦးမှကိုး၊ ခိုင်စုံစမ်းပါဦးမယ်ကိုကိုပါ . . . စာမေးပွဲရယ် ဖေဖေ့အတွက်ရယ်နဲ့ ခိုင်လဲ ကိုကိုပါနဲ့မတွေ့ဖြစ်ဘူး . . . "

ခိုင်သည် တစုံတရာတွေးတောနေဟန် မျက်နှာပေးနှင့်အပါ့အား ပြောပြနေသည်။

"ဘာမှ အပင်ပန်းခံပြီး စုံစမ်းမနေနဲ့တော့ခိုင်၊ နက်ဖြန်မနက်ကျ ဖေဖေလဲ သေရတော့မယ်၊ မီလဲ ဆယ့်တစ်နာရီဆို သူများလက်ထဲရောက်ရော သူတို့မတော့ အောင်ပွဲရမယ့်နေ့ ပေါ့လေ . . . "

အပါသည် အံကြိတ်လိုက်၏။

"ကိုကိုပါ့ အဖေကလဲ၊ သူ့အဖေကို သတ်ခဲ့မိပေတာကိုး . . . "

အပါသည် ခေါင်းကြီးအောက်စိုက်လိုက်မြန်၏။

◎ ပြီးပါပြီ ◎

နှင်းပန်းခိုင်သည် ကြမ်းပြင်ပေါ်တွင် ဒူးလေးထောက်လိုက်ခါ ငုံ့နေသော အပေါ့်မျက်နှာကို မော်၍ ကြည့်၏။

"ယောက်ျားပဲ . . . ကိုကိုပါရယ်၊ စိတ်တင်းပါ၊ ကိုကိုပါဆိုးရတာ တစ်ခုမှ မပါဘူး၊ အဘိုးရေနောက်လို့ မြေးကိုသတ်တဲ့ ကိန်းတော့ ဘယ်သူ တတ်နိုင်မှာတဲ့လဲ၊ အန်တီ မေဘဲလ်နဲ့ အတူတူ လောကကြီးမှာ ကိုကိုပါ ဆက်ပြီး ခရီးသွားရဦးမှာ၊ လင်မရှိနဲ့ နောက်သားကို အန်တီမေဘဲလ်ဟာ ပိုအားကိုးရမှာပေါ့ . . . "

အပါသည် ခိုင့်မျက်လုံးလေးကို စူးစိုက်ကြည့်၏။ ခိုင်မျက်လုံးများသည် နှင်းရည်စက်ကို နေရောင်ထိုးသလို တောက်ပဝင်းလဲ့နေလေသည်။

"မဖြစ်နိုင်လို့သာ စိတ်တင်းပြီး ဒီလောကကြီးမှာ ဆက်နေသွားရမှာ ကိုကိုပါ့စိတ်ထဲမတော့ စိတ်ကုန်သွားပြီ၊ ခိုင်မျက်လုံးဟာ အပြစ်ကင်းစင်ပြီး ကိုကိုပါ့ကို ဘာအန္တရာယ်မှ မပြုခဲ့တဲ့မျက်လုံးတွေပဲ၊ ဒါပေမယ့် လောကကြီးရဲ့ အရိပ်တွေဟာ ခိုင်မျက်လုံးပေါ်မှာ ထင်နေမယ်ဆိုရင် အဲဒီ ခိုင်ရဲ့ မျက်လုံးလေးတွေကိုတောင် ကိုကိုပါ မကြည့်ချင်တော့လူး၊ လောကကြီးကို တိုက်ရိုက်မပြောနဲ့ တဆင့်မြင်ရတဲ့မှန်ထဲကနေတောင် မကြည့်ချင်တော့ဘူး . . . "

ခိုင်သည် ဒူးထောက်ရာမှ ကြုံ့ကြုံ့ထိုင်ချလိုက်သည်။ အပါသည် ပြတင်းမှ အဝေးသို့ မျှော်ကြည့်နေတော့သည်။

"ကိုကိုပါ . . . ပြောတာ ခိုင့်မျက်လုံးတွေကို မကြည့်ချင်ဘူးလို့ ပြောတာ မဟုတ်ဘူးနော် . . . "

သူ့စကားလွန်သွားသလားဟု စိုးရိမ်၍ တောင်းပန်လိုက်၏။

"ကဲ . . . ကိုကိုပါသွားမယ် နက်ဖြန်ကာ ကတော့၊ ထူးခြားတဲ့နေ့ပဲခိုင်"

◎ ပြီးစေပေ ◎

"ဟုတ်ကဲ့ . . . ဒီလိုပေါ့ကိုကိုရယ် . . . နေ့တစ်နေ့ဟာ တစ်ယောက်အတွက် အောင်ပွဲခံတဲ့နေ့ဖြစ်သလို တစ်ယောက်သော သူ့အတွက် ဆုံးရှုံးရတဲ့ နေ့ဖြစ်တတ်တာပေါ့"

အခန်းဝသို့ လှမ်းစပြုနေသော အပါအား ခိုင်ကအေးဆေးစွာ ပြန်၍ပြောလိုက်၏။ သူ့မျက်လုံးစများကမူ ကြမ်းပေါ်သို့ စူးစိုက်၍ ကြည့်နေလေသည်။ရက် ထိတ်သလိုလို ဖြစ်သွားသည်။

သူက နှုတ်ဆက်ရင်းပြောလိုက်၏။

"ဟုတ်ကဲ့ . . . ဒီလိုပေါ့ကိုကိုရယ် . . . နေ့တစ်နေ့ဟာ တစ်ယောက်အတွက် အောင်ပွဲခံတဲ့နေ့ဖြစ်သလို တစ်ယောက်သော သူ့အတွက် ဆုံးရှုံးရတဲ့ နေ့ဖြစ်တတ်တာပေါ့"

အခန်းဝသို့ လှမ်းစပြုနေသော အပါအား ခိုင်ကအေးဆေးစွာ ပြန်၍ ပြောလိုက်၏။ သူ့မျက်လုံးစများကမူ ကြမ်းပေါ်သို့ စူးစိုက်၍ ကြည့်နေလေသည်။

◎ ပြီးပါပြီ ◎

## ၁၀

တပေါင်း၏ နေသည် ပူပြင်းလှသည်။ ညနေငါးနာရီထိုးလုပြီဖြစ်သော်လည်း အလင်းရောင်သည် တောက်တောက်ပပရှိနေသေးသည်သာမက ပူရှိန်ကလည်း မလျော့သေးပေ။

ရန်ကုန်ထောင်ကြီးတွင်းတွင်၊ ပို၍ ပူပြင်းသည်ဟု အပါက ထင်လေသည်။ ရင်ထဲမှ အပူငွေ့မှာ ပြင်းပြရုံမက ထောင်နံရံအုတ်တံတိုင်းမှ အပူရှိန်များသည် ထောင်၏ အဝန်းအဝိုင်းကိုပင် လွှမ်းမိုးနေသည်ဟု သူက ထင်၏။ မှန်၏ ထောင်သည် ချမ်းမြေ့ပျော်ရွှင်သူတို့နားနေရာမဟုတ်ပါလေ။ အကျဉ်းသားတို့ စိတ်အရှိန်က ထောင်အားပို၍ ပူပြင်းစေလေသည်။

ဘယ်လိုမှ ကြည့်၍ ကြက်သရေမရှိသော နေရာကြီးဟု အပါက ထင်နေ၏။

ဘုန်းတော်ကြီးလည်း အဆင်သင့်ရှိပြီဖြစ်၍ ထောင်မှူးကြီးထောင်အရာရှိ တချို့နှင့်အတူ၊ အပါနှင့် ဦးဖေမောင်သည် ဦးဘုကွမ်းရှိရာသို့ ဝင်လာ

ကြ၏။ ဦးဘကွမ်းနေရာသည် ဂုဏ်သရေရှိအကျဉ်းသားများအတွက် သီးသန့်နေရာဟုဆိုသော်လည်း သံတိုင်သံတံခါးမကြီးကို ဖွင့်ကထဲကပင် အပါ၏ နှာခေါင်းထဲတွင် မသိုးမသန့်အနံ့များရနေလေသည်။ အလယ်ကြောင်းလမ်းမကြီးမှ သံတိုင်ကာထားသော နှစ်ဘက်ဝဲယာရှိ အခန်းလေးများကို ဖြတ်ကျော်လာကြသည်။ သူတို့ဝဲယာရှိ တစ်ယောက်စာအခန်းကလေးထဲတွင် အကျဉ်းသားများသည် မျက်လုံးအကြောင်သားနှင့် သူတို့လမ်းရောက်သွားသည်ကို လှမ်းကြည့်နေကြသည်။

လွတ်လပ်သူနှင့် မလွတ်လပ်သူဘဝကား ခြားနားလှဘိ၏။

အခန်းငယ်လေးခန်းလောက် ကျော်သွားမှပင် ဦးဘကွမ်းအခန်းသို့ သူရောက်သွားသည်။ အပါသည် အဖေ့မျက်နှာကို မကြည့်ရက်၊ ဖေဖေသည် သံတိုင်ကို လက်နှစ်ဘက်နှင့် ကိုင်၍ သားကို ဆီးကြိုသည်။

"သားအပါ . . . "

ဖေဖေ့အသံများသည် တုန်ရီခြင်းမရှိပေ၊ စိတ်တင်းထားပုံရ၏။ အပါက လှိမ့်၍ ငိုပြစ်လိုက်ချင်သည်။ သူ့ခေါင်းကိုငုံ့၍ သံမံတလင်းပေါ်တွင် ဒူးထောက်ထိုင်ချ သံတိုင်ကို လက်လျှို၍ အဖေ၏ ခြေဖဝါးကို ဆုပ်နယ်လိုက်သည်။ သူ့မျက်ရေ ပေါက်တို့သည် ထိန်း၍မရ ပေါင်ပေါ်သို့ တပေါက်ပေါက်ကြနေသည်။ ဦးဖေမောင်သည် သားအဖနှစ်ယောက်ကို ကြည့်ရင်းရင်ထဲမှာ ဆို့၍ လာသည်။ သူ့မျက်လုံးထဲတွင် ဒူးတုပ်ထိုင်နေသူသည် အပါဟု မမြင်၊ နှင်းပန်းခိုင်ဟုမြင်လိုက်၏။ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်၊ သူပါ အပါနှင့် ရောထိုင်လိုက်ရင်း ခပ်တိုးတိုးပြောလိုက်၏။

"အပါမင်းဖေဖေ စိတ်အနှောက်အယှက်ဖြစ်မယ် မငိုနဲ့လေ"

ဦးဖေမောင်ပြောတော့မှ အပါသည် စိတ်ကို ပြန်တင်းလိုက်ပြီး ခပ်ကြိတ်ကြိတ်ရှိုက်နေရှာ၏။ ထောင်ပိုင်ကြီးပင် မြင်နေကျမြင်ကွင်းဆိုသော်

လည်း ရင်ထဲမှာ မသက်သာသည်ကို မျက်နှာကဖော်ပြနေ၏။ သူသည် အဝေးသို့ မျက်နှာလွှဲလိုက်ခါမှ သူ့မျက်လုံးများသည် ကြိုးစင်ရှိရာသို့ ရောက်သွားတော့သည်။ နက်ဖြန်နံနက်တွင် ဤကြိုးစင်ပေါ်သို့ ဦးဘကွမ်းအား သူတင်ရဦးတော့မည်။ ဦးဘကွမ်းတို့မှာ ပင်ကိုက အပေါင်းအသင်းများရှိမက ထောင်ထဲတွင် နှစ်ရှည်လများနေလာရတော့လည်း ထောင်ပိုင်ကြီးနှင့် မိတ်ဟောင်းဆွေဟောင်းလို ဖြစ်နေတော့သည်။

မိတ်ဆွေရင်းကိုမှ၊ ကြိုးစင်တင်သတ်ရသော သူ့ဘဝအကျိုးပေးကိုလည်း ထောင်ပိုင်ကြီးက စိတ်ပျက်ပုံရ၏။

"ကဲ . . . ဦးဘကွမ်း တံခါးအပြင်ကို ထွက်ပြီး တရားနာမလား အတွင်းကပဲ နာမလား . . . "

"မနာဘူး . . . မနာဘူး ကျုပ်ကို ဘယ်သူမှ လာမခေါ်နဲ့. ကျုပ်တံခါးကို မဖွင့်နဲ့. . . "

ရုတ်တရက် ဟစ်အော်လိုက်သော အသံနက်ကြီးကြောင့် ဦးဘကွမ်းရော ထောင်ပိုင်ကြီးပါ လန့်သွား၏။ အပါကလည်း အံ့အားသင့်နေကြသည်။ ထိုအော်သံသည် ဦးဘကွမ်း၏ အော်သံမဟုတ်ပေ၊ ဦးဖေမောင်သည် အသံလာရာဘက် ညာဘက်ကပ်ရက် အခန်းသို့ ကြည့်လိုက်၏။ ပိတ်ဖြူ ဝတ်ထားသော အကျဉ်းသားတစ်ယောက်သည် သူတို့နှင့်အဝေးဆုံးထောင့်တွင် ကပ်နေသည်။ သူ့ကိုယ်ကို အင်္ဂတေကြားထဲမြုပ်သွားမတတ် ကပ်ထားသည်။

သွေးအားဆုတ်၍ အကြီးအကျယ်ကြောက်နေသော မျက်နှာကြီးမှာ မသေခင်က လူသေလို ဖြူပတ်ဖြူယော် ဖြစ်နေသည်။ ဦးဖေမောင်သည် အကျဉ်းသားအထဲတွင် သော့ခတ်ထားသည် ကိုသိပါရက်နှင့် အကျဉ်းသားသည် ပြေးထွက်ခါ ရန်မူတော့မလို မျက်နှာကို မြင်ရသည်နှင့် ရုတ်တ

ရက် ထိတ်သလိုလို ဖြစ်သွားတော့သည်။ ထောင်ပိုင်ကြီးသည် ဦးဖေမောင်နားနားသို့ ကပ်ခါတိုးတိုးပြောလိုက်၏။

"မနက်ကျရင် ဦးဘကွမ်းနဲ့ တပြိုင်နက် ကြိုးပေးရမယ့်လူ သွေးရူးသွေးတန်း ဖြစ်နေတယ်"

ထောင်ပိုင်ကြီးသည် သံတံခါးဝတွင် ရပ်ရင်း အကျဉ်းသားအား ကြည့်လိုက်၏။

"ဦးဘကွမ်းက တရားနာ မလို့လေ မင်းကော မနာဘူးလား၊ ဆရာတော်ဘုရားက စိတ်အေးအောင် တရားပြမှာ . . ."

တရားခံမှာ အသက်နှစ်ဆယ်ကျော်လောက်ပင် ရှိသေးသော လူငယ်တစ်ယောက်ဖြစ်၏။

တရားဟောရမည့် ဆရာတော်သည်ပင် လူငယ်ဖြစ်အင်ကို ကြည့်၍ စိတ်ချမ်းမြေ့ပုံမပေါ်ပေ၊ ကုလားထိုင်ပေါ်တွင် ထိုင်ရာမှ စက္ကူမြွေချ၍နေလိုက်၏။

"ကျုပ်မနာဘူး . . . ကျုပ်ကို ဘာတရားမှ မပြနဲ့၊ ခင်ဗျားတို့ကျုပ်ကိုသတ်မှာ၊ တရားဟောမယ်ဆိုပြီး တံခါးညာဖွင့်၊ ကျုပ်ကို ခေါ်ထုတ်ပြီး ခင်ဗျားတို့သတ်မှာ . . ."

သူသည် လွတ်မြောက်ရာပင် သူ့ကြော်နောက်၌ ရှိသေးသလို အင်္ဂတေပြင်ကြီးကို ကျောကပ်ခါ ထိတ်လန့်ကြောက်ရွံ့စွာ ပြောနေ၏။

"တံခါးမဖွင့် ပါဘူးကွယ်၊ မင်းအထဲကဘဲ တရားနာပေါ့နော်၊ မဆူနဲ့ဟုတ်လား . . ."

ထောင်ပိုင်ကြီးက ချော့၍ပြောလိုက်လျှင် သူငယ်သည် "ဟင်း" ဟုသက်ပြင်းကြီးချကာ အောက်အင်္ဂတေပေါ် ထိုင်ချလိုက်၏။

သူ့မျက်လုံးများသည် သူရူးလို အကြည့်မမှန်တော့ပေ။

◉ ပြီးပါပြီ ◉

"သား . . . အပါ . . . မကြည့်နဲ့လေ"

အကျဉ်းသားလေးကို ငေးစိုက်နေသော အပါအား၊ ဦးဘကွမ်းက သံတိုင်အတွင်းမှ ပြောလိုက်၏။

"ကဲ . . . မင်းဖေဖေနဲ့အတူ၊ ဘုန်းကြီးကို ကန်တော့၊ ဒီလိုပဲ တချို့အကျဉ်းသားတွေဟာ ကြိုးပေးမယ့်ဆဲဆဲ လွတ်နိုးနိုးနဲ့ ရုံးကန်ပြေးဖို့ ကြိုးစားတာပဲ"

ထောင်ပိုင်ကြီးက အပါ့နားနားကပ်ခါ ပြောလိုက်၏။

သူတို့အားလုံးသည် ဆရာတော်ဘုရားရှေ့ထိုင်ကြ၏။ ဦးဘကွမ်းက သံတိုင်အတွင်းကပင် လက်အုပ်ချီကာ ကန်တော့၏။

"ဖေဖေ ဆရာတော်ဘုရားကို လှူဖို့ သက်ဇေ့ငွေနဲ့ သင်္ကန်းမေမေက ပေးလိုက်တယ် . . ."

အပါပေးသော ပစ္စည်းများကို ထောင်ပိုင်ကြီးက ဦးဘကွမ်းလက်သို့ ပေးခွင့်ပြုလိုက်၏။ ဦးဘကွမ်းသည် သံတိုင်အထဲမှပင် လက်ထုတ်ခါ ဘုန်းတော်ကြီးကို လက်ထိလက်ရောက် ကပ်လိုက်သည်။ အားလုံးပင် ငါးပါးသီလခံယူကြသည်။ ဘုန်းတော်ကြီးသည် သီလပေးပြီးအဆုံးတွင် တရားဆက်ဟောနေ၏။

"ဒကာကြီး မောင်ဘကွမ်းကြည့်ရတာ စိတ်အတော်ထိန်းနိုင်ပုံရတယ်ကွဲ့၊ သေးခြင်းတရားဆိုတာ ဘယ်သူမှ မရှောင်လွှဲနိုင်ဘူးဆိုတာ သိပေမယ့် တကယ်ရင်ဆိုင်ကြရတဲ့အခါ သတ္တဝါဝေနေယျတို့ဟာ ပြင်းပြစွာ တုန်လှုပ်မြဲပဲ"

"တရားအခံရှိသူတို့မှာတော့ ဝေဒနာကြောင့် သေတာတောင် တွေဝေခြင်း၊ ချောက်ခြားခြင်း ကယောင်ကတမ်း ဖောပြန်ခြင်း အရှုံးအမူးမဖြစ်ကြဘူးကွဲ့။ အမှတ်တရားနဲ့ပဲ ဆင်ခြင်ပြီး အသက်ကုန်သွန်ကြတယ်၊ ဒကာကြီး

အတွက်လည်း နက်ဖြန်နံနက် မိုးမသောက်မီအထိ တစ်ညလုံး ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းစေချင်တယ် ဘယ့်နှယ့်လဲဒကာကြီး"

"တပည့်တော်တတ်နိုင်သလောက် ကြိုးစားအားထုတ်ပါ့မယ် ဘုရား"

"အေး . . . သာဓု သာဓု သာဓု ဆုများလဲတောင်း၊ ခုလိုကြိုးကြွင်း လည်ဖွပ်ခံရပြီး သေရခြင်းဟာ ခုဘဝနောက်ဆုံးဖြစ်ပါရစေ၊ ဘဝအဆက်ဆက် ဝဋ်ရှိရင်လဲ ခုဘဝနောက်ဆုံးဖြစ်ပြီး ကြေပါစေဆိုတာ ဆုတောင်းနော်"

"ငါသေရတာ၊ သူ့ကြောင့်ဆိုပြီး ဒေါသစိတ်များ မဝင်မိစေနဲ့ ဒကာကြီး၊ သူ့ကို ပြန်သတ်ရပါစေ" ဆိုတဲ့ အတုံ့အလှည့်ဆုတောင်းမျိုးလဲ မတောင်းမိစေနဲ့နော်၊ ပုထုဇဉ်တွေကိုးကွဲ့ ဆုတောင်းတာ မှားတတ်ကြတယ်၊ အတုံ့အလှည့်သဘောဟာ တယ်ကြောက်မက်ဘွယ်ကောင်းတယ်၊ သံသရာကိုလဲ ရှည်စေတယ်၊ အေး . . . ဓမ္မပဒ အဋ္ဌကထာ ပါဠိတော်မှာ –

"နဟိဝေရေနဝေရာနိ" အစချီပြီး ရန်ရန်ခြင်းမတုံ့နှင်းဖို့ မြတ်စွာဘုရားသခင် ဟောတော် မူတာ ဒကာကြီးကြားဘူးမှာပေါ့"

"ရှင်းပြတော်မူပါဘုရား"

"ကာဠယက္ခိနီ ဇာတ်ပေါ့ဒကာကြီး၊ အခါတပါးတုန်းက၊ ဗြဟ္မာဏပုဏ္ဏားသတို့သားတစ်ယောက်ဟာ၊ အမျိုးအနွယ်မပြတ်စေဖို့ မိခင်တိုက်တွန်းချက်နဲ့ အိမ်ထောင်ပြုတယ်ကွဲ့၊ အဲဒီပထမဇနီးသည်ဟာ သားသမီးမထွန်းကားတော့၊ ပုဏ္ဏားသတို့သားဟာ ဒုတိယဇနီး တစ်ယောက်ကို မိခင်တိုက်တွန်းချက်နဲ့ ထပ်မံလက်ထပ်ပြန်တယ်၊ ဒုတိယဇနီးမှာ သားသမီးရဖို့ အရိပ်အရောင်လဲ မြင်ရော၊ ပထမ မယားကြီးဟာ မနာလိုဝန်တိုတဲ့စိတ်ပေါ်လာတယ်။ အဲဒါနဲ့ သားပျက်ဆေးများကို အစာထဲခပ်

ကျွေးတဲ့အတွက် ပဋိသန္ဓေပျက်ရတယ်၊ အဲဒီလိုပဲ၊ မယားကြီးက သုံးကြိမ်တိုင်တိုင်လုပ်ထား၊ တတိယသားကျတော့ ဆေးဒဏ်ကြောင့် ဒုတိယမယားဟာ ဝေဒနာပြင်းစွာခံရပြီး သေရရှာတယ်၊ မသေခင်ဒီ လက်ချက်ဟာ မယားကြီး လက်ချက်မှန်းသိတော့၊ ဒေါသအလျှောက် ရန်တုံ့လိုတဲ့စိတ်နဲ့၊ ဒီမယားကြီးကို နောက်ဘဝပြန် လက်စားချေရပါစေလို့ ဆုတောင်းပြီး သေသွားတယ်၊ နောက်ဘဝကျတော့ ဒီအိမ်မှပဲ ကြောင် ဖြစ်တယ်၊ မယားကြီးလဲ လင်က မယားငယ်ကို ဆေးခတ်မှန်းသိတော့ ငါ့ အမျိုးအနွယ်ကိုပျက်အောင်လုပ်ရမလားဆိုပြီး ရိုက်နှက်တဲ့ဒဏ်ရာနဲ့ သေပြန်သတဲ့။ သူကတော့ နောက်ဘဝဒီအိမ်မှာ ဒီအိမ်မှာပဲ ကြက်မပြန် ဖြစ်တယ်၊ ကြောင်က ကြက်ဥကိုစား၊ နောက်ဘဝကျတော့ ကြက်မက ကျားသစ်မဖြစ်၊ ကြောင်မက သမင်ဖြစ်ရပြန်ရော၊ အဲဒီလို တပြောင်းပြန်ပြန် ရန်မကြေနိုင်ပဲ၊ ငါ့သူ့သတ်သူ့ငါသတ်နဲ့ ဘဝတွေပြောင်းလာလိုက်တာ၊ ဂေါတမမြတ်စွာဘုရားသခင် သာသနာတော်မှာ တစ်ဦးက ဘီလူးမဖြစ်ပြီး တစ်ဦးကလူသားအမျိုးသမီး ဖြစ်သကွဲ့."

"မှန်ပါ့ဘုရား"

ဦးဖေမောင်က တရားနာခံလို စကားထောက်လိုက်၏။ ဘုန်းတော်ကြီးသည် ဦးဘကွမ်းကို တရားဟောနေသော်လည်း သူ့ကို တိုက်ရိုက်ပြောနေသလို ဦးဖေမောင်ကထင်၏။

"အေး . . . အဲဒါနဲ့ ဘဝအဆက်က၊ ဝိပါကဝဋ်၊ ရန်ငြိုးလိုက်လာတာ၊ အဲဒီဘဝမှာလဲ၊ အမျိုးသမီးကမွေးတဲ့ ကလေးငယ်များကို ဘီးလူးမက စားလေ့ရှိတယ်၊ တတိယကလေးကျတော့ အမျိုးသမီးဟာ ဘီလူးမစားတဲ့ အဖြစ်ရိပ်မိပြီး၊ ဘီးလူးမ အဝေးကလာတာကို သိတဲ့တပြိုင်နက် သားငယ်ကို ပိုက်ပြီး ဘုရားကျောင်းကို ပြေးလာတော့တာကိုး၊ ဘီးလူးမလဲ၊ နောက်က ထက်ချပ် ပြေးလိုက်လာတာပဲ၊ ဘုရားသခင်ရှေ့တော်မှောက် ရောက်တဲ့အခါ

ကျတော့မှ မြတ်စွာဘုရားတရားပြပြီး . . . "နဟိဝေရေ နဝေရာနိ" အစရှိတဲ့ ဂါထာနဲ့ ရန်ရန်ခြင်း မတုံ့နှင်းရာဆိုတဲ့ တရားပြတော့မှ ဘီးလူးမလည်း အကျွတ်တရားရကလေးလည်း အသက်ချမ်းသာရသတဲ့၊ အတုံ့အလှည့် လည်း အဲဒီတော့မှ ပြတ်တော့တယ်၊ ကြောက်မက်ဘွယ်ရာမကောင်းပေဘူး လား ဒကာကြီး၊ အင်းသူတစ်ပါး သတ်ဖို့ကြံစည်တယ်ဆိုတာ မသတ်ခင် ကာလဲ စိတ်နှလုံးဟာ ခက်ထန်ပြီး သတ်ပြီးတော့ကော သူသေသလို ကိုယ် လည်းသေရတာပဲ၊ ကဲ . . . တရားလဲ ရှည်သွားပြီး၊ ဤသက်နှင့်၊ နဝကမ္မ ဝတ္တုလှူဒါန်းရသော အကျိုးကြောင့် တမလွန်တွင် ကောင်းရာသုဂတိလား ပြီး နိဗ္ဗာန်ရောက်ကြောင်း တရားပွားများအားထုတ်နိုင်ပါစေ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေဘုရား"

ဦးဘကွမ်းသည် ဘုန်းတော်ကြီးအား ဝတ်ချလိုက်၏။ တစ်ဖက် ခန်းမှ ငိုရှိုက်ငြီးတွားသံမှာ ပေါ်လာတော့သည်။ အပြင်တွင်နေရောင်မှာ ဖျော့တော့ ၍ မှောင်စပျိုးလာတော့သည်။ အပါသည် ဘခင်အား ကန်တော့ ၍ ဦးဖေမောင် နှင့်အတူ ပြန်လာကြသည်။

အပြန်အပေါ့အိမ်သို့ အပါအား ဝင်ပို့ခဲ့သော်လည်း ဦးဖေမောင် သည် စကားမပြောမိပေ။ သူ့ရင်ထဲတွင် မတင်မကျဖြစ်လာပေပြီ၊ မကောင်း သောနတ်ဆိုးနှင့် ကောင်းသော နတ်မြတ်ဘို့သည် တိုက်ခိုက်၍ ပင်နေကြပေ ပြီလော။

"ဆရာတော်ဘုရားရဲ့ တရားတော်ဟာ မင်းကို ရည်စူးတာပဲ၊ ဘာလို့ ဦးကျော်ညွှန့်ကို သတ်ချင်တော့လဲ၊ ဦးကျော်ညွှန့်သတ်ပြီးရင် မင်းလဲ ဦးဘကွမ်းလို သေရမယ်၊ သံသရာမှာရော ဒီရန်ငြိုးက ပြေးဦးမှာတဲ့လား"

သူကိုပင် တစ်စုံတစ်ယောက်ဟာက မှားနားသို့ ကပ်ပြောနေသလို ကြားလာသည်။

☺ ပြီးပါပြီ ☺

"အို . . . ကိုယ့်အဖေ၊ ကိုယ့်နမ နှစ်ယောက်စလုံးကို စိတ်ညှင်းပန်းပြီး သတ်ခဲ့တဲ့အကောင်ကို ကျုပ်လက်စားချေရမယ်၊ ကျုပ်ပြန်မသတ်ရင် ကျုပ်ယောကျ်ားပီသပါဦးမလား၊ အလကား . . . အလကား . . . ရန်ရန်ချင်းမတုံ့နှင်းနဲ့ ဆိုတာသတ္တိကြောင် သူရဲပေါနည်းတဲ့လူတွေရဲ့ လက်သုံးစကား"

"မင်းမှားပြီမောင်ဖေမောင်၊ ဒီစကားဟာ မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် ဟောတော်မူတဲ့စကား . . . ကဲ . . . မင်းက ဦးကျော်ညွန့်ကို သတ်လိုက်ပါပြီတဲ့ မင်းနမနဲ့ မင်းအဖေက ပြန်ရှင်ရောလား"

သူ့အတွေးထဲတွင် အခြေအတင် ငြင်းခုံနေခြင်းများမှာ နားထဲမှာပင် ကျယ်လောင်စွာ ကြားယောင်လာသလို ဖြစ်လာသည်။ မျက်လုံးကြီးများသည် ပြူးကျယ်ဝိုင်းစက်လာကာ၊ ကားကို သတိထားမောင်းနေရတော့သည်။ အိမ်ရောက်ဘော့လည်း ဖောချွေးများ ပြန်နေတော့၏။ ဘယ်သူနှင့်မှ စကား မပြောနိုင်တော့ပဲ အိပ်ရာသို့ ကမန်းကတန်းဝင်ပြီး ပစ်လှဲလိုက်တော့သည်။

*

မနက်လင်းအားကြီး ထောင်ကြီးသို့ အသွားတွင်မူ၊ ကားကို ဒရိုင်ဘာကို မောင်းခိုင်းပြီး လိုက်လာတော့သည်။ နှင်းပန်းခိုင်၊ ဒေါ်အေးအေးနှင့် မေမေအား မေဘဲလ်အိမ်တွင် ချခဲ့၍ အပေါ့ကို သူခေါ်ကာ ဦးဘကွမ်းကြိုးပေးရာသို့ သွားကြည့်မည်ဖြစ်သည်။ မေဘဲလ်သည် ဦးဘကွမ်းအား ကြိုးပေးချိန် ငါးနာရီတွင် ဘုန်းတော်ကြီးငါးပါးနှင့် သီလရှင် နှစ်ပါးအား အိမ်တွင် ဆွမ်းလုပ်ကျွေးမည်ဖြစ်သည်။ ဦးဖေမောင်သည် အစီအစဉ်အတိုင်း ဒေါ်အေးအေးတို့အား မေဘဲလ်အိမ်တွင်ထားခဲ့၍ အပေါ့ကို ခေါ်လာခဲ့သည်။ လမ်းတစ်လျှောက်လုံး တွင် သူ့စကားတစ်လုံးမှ မပြော၊ အပေါကိုယ်တိုင်

ကလည်း ပြောနိုင်စွမ်းရှိ သလို ကူရှင်ကို နောက်မှီခါ ငိုင်၍လိုက်လာသည်။ ကောင်းကင်သည် အရှေ့တွင် နီရောင်ပျိုးလာသော်လည်း အမှောင်ကြီးစိုးသောအပိုင်းမှာ များနေသေး၍ ဘာကိုမှ ပြတ်သားစွာ မမြင်ရ။

ရန်ကုန်ထောင်ကြီးကို ရောက်လျှင် ထောင်ပိုင်ကြီးနှင့် အတူ မနေ့က လာသောလမ်းအတိုင်း ဝင်လာကြသည်။ ကြိုးပေးရန် အတွက် သက်ဆိုင်ရာ ထောင်အမှုထမ်းများနှင့်အတူ သက်သေအဖြစ် ခရိုင် ရာဇဝတ် တရားသူကြီး တစ်ယောက်ပါ အဆင်သင့်ရှိပြီးနေလေသည်။

အပ်ါစိတ်ထဲတွင် ဖေဖေ့မျက်နှာကို မကြည့်ရဲ။ ထောင်တစ်ခုလုံးသည် တကယ့်သုသာန် တစပြင်လိုပင် တိတ်ဆိတ်နေသည်ဟု ထင်သည်။ လင်းအရုဏ်ကို ကြိုဆိုသော ငှက်ငယ်များ၏ အသံကိုပင် သူမကြားမိပေ။

မနေ့က ဦးဘကွမ်းနေသော အဆောင်၏ အနောက်ဘက်တွင် ကြိုးစင်ရှိ၏။ ကြိုးစင်နှင့် အပြင်လမ်းမကြီးသည် ထောင်နံရံကြီးတစ်ခုသာ ခြားလေသည်။ အပြင်က ကတ္တရာလမ်းပေါ်တွင် ဆွဲပြေးနေသော ဘတ်စ်ကားတို့၏ အသံမှာ အပ်ါနားထဲတွင် သရဲကြီးများအော်သလို တဟဲဟဲမြည်နေသည်၊ ကြိုးစင်ကြီးကလည်း လင်းစပျိုးချိန် အလင်းရောင်အောက်တွင် မဲကြုပ်ကြုပ်နှင့် ကြက်သရေတုံးလှသည်။

သူသည် တရားသူကြီးများ၊ ထောင်အရာရှိကြီးများနှင့်အတူ မနေ့ ကြိုးစင်ရှေ့ရှိ မြေစိုက်စေတီလေးဘေးတွင် ရပ်နေမိသည်။ စေတီငယ်သည် ထုံးများကွာစပြု၍ ရေညှိကွက်များပင် ထင်နေသည်။

ဦးဘကွမ်းတို့ အခန်းဘက်မှ မသဲကွဲသော အော်ဟစ်သံများကြားရ၏။ ယမန်နေ့ညနေက သူငယ်လေး၏ အော်သံဖြစ်ပေလိမ့်မည်၊ အပါသည် ကြက်သီးမွေးညှင်းထသွား၏။ အရှေ့ဘက်ကွင် အလင်းရောင်အားသည် အတော်များလာ၍ ပတ်ဝန်းကျင်ကို သဲကွဲစွာ မြင်ရသည်။ အချိန်ကျ၍

အကျဉ်းသားတရားခံနှစ်ဦး ကို ထုတ်လာကြသည်။ ဦးဖေမောင်သည် ဦးဘကွမ်းရှိရာသို့ ကြည့်ရင်း ဓာချွေးများပြန်လာသည်။ အပါက အဖေ့ကို မျှော်ကြည့်ရင်း မျက်ရည်များစို့လာပြန်သည်။ ဦးဘကွမ်းပြန်ကြည့်ချိန်တွင် သူနှင့်တကွမြေစိုက်စေတီကိုပါ ဖူးမြင်စေလို၍ အပါက ဘုရားနားတွင် ရပ်နေခြင်းဖြစ်သည်။

ဦးဘကွမ်းသည် သားကို တစ်ချက်ကြည့်ခါ ခြေလှမ်းမှန်မှန်နှင့်ကြိုးစင်လှေကားကို တက်၍သွား၏။ နောက်မှ သူငယ်မှာမှု အော်ဟစ်ရုံးကန်ဖို့ လုံးဝအားမရှိတော့ပဲ အကြောက်ကြီးကြောက်နေသလို ပြော့စိပြော့ဖက်နှင့် အမှုထမ်းများ တွဲခေါ်သည့်အတိုင်း ခြေဒရွတ်ဆွဲပါလာသည်။

ထိုခဏတွင် အသက်ရှူသံပင် ကြားရမလောက် အားလုံးတိတ်ဆိတ်သွားသည်။ အပါက အသက်မရှူမိ၊ သူ့သွေးကြောထဲတွင် သွေးများမသွားတော့သလို ငြိမ်သက်နေသည်။

ဦးဖေမောင်သည် အရှေ့ဘက်ကို မျက်နှာပြု၍ ရပ်နေသော ဦးဘကွမ်းမျက်နှာကို စိုက်ကြည့်နေမိသည်။ ဦးဘကွမ်းသည် ဘာကိုမျှ မသိတော့သလို အရှေ့တည့်တည့်ကို ငေးစိုက်နေသည်၊ ကြိုးဒဏ်ခံရမည့်တရားခံတို့မျက်နှာမူရာသည် မြေစိုက်စေတီနှင့်တည့်မတ်နေလေသည်။ သက်ဆိုင်ရာထောင်အမှုထမ်းသည် အိတ်အဖြူကြီးနှစ်ခုကို တရားခံနှစ်ယောက် ဦးခေါင်းတွင် စွပ်လိုက်၏။ နံနက်ခင်းလေသည် ယခုမှ အခါရသလို ဖြည်းညင်းစွာတိုက်ခတ်လာသည်။

စေတီမှကြေးသွန်းညောင်ရွက်တို့ တစ်ခုနှင့်တစ်ထိခိုက်လိုက်သောအသံသည် ကြေ ကွဲဘွယ်ရာပေါ်လာတော့သည်။ ဘဝကူးပြောင်းရလုဆဲဆဲ၊ တရားခံနှစ်ဦးအား တရားမေ့ကို အောက်မေ့ရန် သတိပေးလိုပင်၊ ညင်သာစွာတီးခတ်နေကြ သည်။ ထောင်ပိုင်ကြီး အချက်ပြလိုက်သည့်တပြိုင်နက်

☺ ပြီးပါပြီ ☺

ဒေါက်ဖြုတ်ချိန်တွင်မှ အပါသည် မျက်စေ့မှိတ်ထားလိုက်တော့သည်။ ပေဖေ့အစား ဝမ်းထဲမှာ ဟာ၍သွားသည်။ ဦးဖေမောင်က ရှုးစိုက်ကြည့်နေသော်လည်း ဖြုတ်ခနဲ ဖြုဖြု ကြိုးနှစ်ခု အောက်ဘက်တွင်းသို့ ကျသွားချိန်တွင်မူ ကြက်သေသေ သွားသလို လှုပ်မရပေ။

အပါသည် ယခုမှ ပွင့်ပွင့်လင်းလင်းငိုကြွေးရှာသည်။ အဖေ၏ နောက်ဆုံးအချိန်တွင် အယူလွဲမှာစိုး၍ အောင့်အင်းမျိုသိပ်ထားခဲ့သမျှ ခုမှပင် သွန်ချငိုကြွေးတော့သည်။ ဦးဖေမောင်သည် အပါ့ကို အတန်ကြာအားပေးပြီးမှ ထွက်ခွာလာခဲ့ကြ၏။

အပါအိမ်ရောက်လျှင် ငိုချင်စိတ်ကို မျိုသိပ်ထားဦးမည်၊ သူသည် ယောကျ်ားကြီးတစ်ယောက်ဟန်ဖြင့် အားနွဲ့သူမေမေ့အား ချော့မော့နှစ်သိမ့်၍ ထားပေးရပေဦးမည် မဟုတ်ပါလော။

သို့သော် အိမ်ရောက်ချိန်တွင်ကား အပါထင်သလို မဟုတ်ပေ၊ ဦးဖေမောင်ရော သူပါ စကားမပြောကြပဲ ကြက်သေသေသလို အိမ်တံခါးတွင် ရပ်နေကြသည်။ သူတို့ မျက်လုံးကိုပင် သူတို့မယုံသလို မြင်ရသောမြင်ခင်းမှာ ထူးဆန်းနေလေသည်။

ဆွမ်းကြွေးပြီးစ ဘုန်းတော်ကြီး ငါးပါးနှင့် သီလရှင်ကြီးနှစ်ပါး အလယ်တွင် မေဘဲလ်က မတ်တတ်ရပ်ရင်း၊ မေဘဲလ်မျက်နှာကမူ တုန်လှုပ်မရ။ သားကို ကြည့်သောအကြည့်သည်ပင် တည်ငြိမ်လှသည် သူသည် သားရှိရာသို့ တလှမ်းချင်းလျှောက်လာသည်။

"မေ မေ"

အပါသည် ဟစ်အော်ကာ အမေ့ခြေကို ကြုံး၍ ဖက်လိုက်၏။ မြင်ရသူ နှင်းပန်းခိုင်ရော ဒေါ်အေးအေးပါ မျက်ရည်မဆည်နိုင်တော့ပေ။ အပါအဘွားမှာမူ သီလရှင်ကြီးအပါးတွင် တရှုံ့ရှုံ့ငိုနေတော့သည်။

❀ ပြီးစာပေ ❀

"ဒီနေ့ဟာ သားအတွက် အမှောင်ကြီးကျတဲ့ နေ့ပါလားမေမေ"

"ဖေဖေက ကြိုးပေးခံရ၊ မေမေကသီလရှင်ဝတ်၊ မိမိကလက်ထပ်တဲ့နေ့ သားအထီးကျန်တဲ့နေ့၊ အားလုံးက စွန့်ပစ်တဲ့နေ့ပါလားမေမေရယ်"

အပါသည် အမေ့ခြေဖမိုး ကိုနဖူးထိပြီး ခြေသလုံးကို အားပြုမှေးနေရှာသည်။ နှင်းပန်းခိုင်သည် အပါ့အပူကို မကြည့်ရက်သလို အပါ့နားသို့ ကပ်သွားသည်။ ဦးဖေမောင်ပင် ကြိုးစင်မြင်ကွင်းထက် ထိုမြင်ကွင်းကိုမကြည့်ရက်နိုင်၊ ရင်ထဲတွင်ဆို့လာသည်။

"မငိုနဲ့တကာလေး ဆရာလေးအဖို့တော့ ဒီနေ့ဟာ အောင်မြင်တဲ့နေ့ပဲ၊ အကောင်းဆုံးနဲ့ အမှန်ဆုံးလမ်းကို ရွေးချယ်လိုက်တာမို့၊ တကာလေးဝမ်းသာတော့။သံသရာဆိုတာကိုယ်ကစဖြတ်မှ ပြတ်နိုင်ကြတာ၊ ရော့. . .ဒီစာကို ဖတ်ကြည့်ရင် ဆရာလေးရွေးတဲ့လမ်းစဉ်ဟာ မှန်တယ်ဆိုတာ တကာလေးသဘောပေါက်လိမ့်မယ် . . . ကဲ အချိန်လဲ မရှိဘူး၊ ဆရာလေးကို ခွင့်ပြုကြပါ"

ဆရာတော်များနှင့် သီလရှင်ကြီးနှစ်ပါးသည် ပြန်ကြွရန် နေရာမှ ထကြတော့၏။ အဆင်သင့်ရပ်ထားသော ကားပေါ်သို့ အားလုံးကြွကြသည်။

မေဘဲလ်ခေါ် သီလရှင် သုဓမ္မစာရီသည် ကားပေါ်မလှမ်းခင် သားကို တစ်ချက်လှမ်းကြည့်၏။

"မေမေ အပါ့ကို သားလို့ တစ်ခွန်းလောက် ခေါ်သွားပါဦး . . ."

အပါသည် ကြမ်းပေါ်မှ ဒူးတုတ်ခါ အမေ့ကို ရှိခိုးရင်းပြောလိုက်၏။ ပြောရသော်လည်း အားတော့ဖြင့် လျော့လှပေပြီ။

သီလရှင်ဆရာလေးသည် ခေါင်းဖြေးညင်းစွာခါလိုက်၏။ နောက်ဆုံးမျက်နှာကို လွှဲလိုက်ကာ ကားပေါ်သို့ ဖြေးညင်းစွာ တက်သွားတော့

◎ ပြီးစာစေ ◎

သည်။ "သား" ဟူသော သံယောဇဉ်ကြိုးကို ဆရာလေးသည် ကြိုးစား၍ ဖြတ်လိုက်ဟန်ရှိ၏။

အပါရော နှင်းပန်းခိုင်ပါ ကားကြီးထွက်သွားရာသို့ မျက်စေ့တဆုံးလှမ်းမျှော်ကြည့်နေကြသည်။

အပါသည် မျက်စေ့အောက်က ကားပျောက်သွားမှပင် မေမေ ပေးခဲ့သော စာကိုဖတ်ကြည့်၏။

*မေဘဲလ်*

*သားအပါနဲ့အတူ ပေးလိုက်တဲ့စာကို ဖတ်ရပါတယ်၊ အစ်ကိုကြီးဟာ မေဘဲလ်ရဲ့ သွေးသားကို အာရုံခံစားလိုလှတဲ့ ခဏအချစ်နဲ့ ချစ်တာ မဟုတ်ပါဘူးမေဘဲလ်။*

*မေဘဲလ်ဘဝအတွက် မေဘဲလ်ဆုံးဖြတ်ချက်ဟာ မှန်ပါတယ်၊ မောင်ဘကွမ်းသေပြီးတဲ့နောက် နားစရာရင်ခွင်လိုတယ်ဆိုရင်သာ အစ်ကိုကြီးရဲ့ရင်ခွင်ဟာ မင်းအဖို့ အဆင်သင့်ရှိတယ်ဆိုတာကို သိစေချင်တာပဲ။*

*မေဘဲလ် ဆန္ဒအတိုင်း မင်းနဲ့ အစ်ကိုကြီးနဲ့ ဖြစ်ခဲ့သမျှ ကြိုးစားပြီး မေ့ပစ်ပါမယ်၊ အားလုံးက အကျင့်ဖောက်ပြန်တယ်လို့ စွပ်စွဲကြပေမယ့် စိတ်ရင်းကို အစ်ကိုကြီးအသိဆုံးပဲ။*

*မောင်ဘကွမ်းအမှုအတွက် အစ်ကိုကြီးဆီက ယူထားတဲ့ ငွေလေး သောင်းကျော်အတွက်လဲ နောက်ဆံမတင်းပါနဲ့၊ ရေစက်ချလိုက်ပါတယ်၊ သားတော်မောင်တစ်သက်တာအတွက် အကူအညီလိုရင်လဲ အစ်ကိုကြီး အဆင်သင့်ရှိကြောင်း အပါ့ကိုပြောပြပါ၊ မေဘဲလ်ဘဝ ချမ်းငြိမ်းပါစေ။*

**စိန်းမောင်**

စာ၏အောက်ဆုံးတွင်မှ မေဘဲလ် လက်ရေးနှင့် စာကို အပါဖတ်ရ၏။

◎ ပြီးစာပေ ◎

*သား*

*ဦးစိန်းမောင်စာဟာ မမေရဲ့ဘဝကို အတိုချုံးပြတဲ့ စာပဲ၊ မမေ့ဘဝဟာ ဘယ်ဘဝရောက်နေတယ်ဆိုတာ ဒီစာကိုဖတ်ရင် သားသိလာမှာပဲ၊ မမေ့အကြောင်းကို သားမသိတာတွေ ရှိသေးတယ်၊ မမေဘာကြောင့် သီလရှင်ဘဝကို ရွေးလိုက်လဲဆိုတာ၊ သားသဘောပေါက်လောက်ပါပြီ။*

*ဒေါသတစ်ချက် မထိန်းနိုင်လို့ လူတစ်ယောက်ကို သတ်မိတဲ့မီးဟာ မီးခိုးကြွက်လျှောက် ဘယ်လောက်ထိအောင် လောင်တယ်ဆိုတာ သားသင်ခန်းစာယူနိုင်ပါစေ။ .*

*သားအားငယ်ဖို့မရှိဘူး ယောကျ်ားပဲ၊ အထူးသဖြင့် သူတို့သာ ကြေနပ်ခဲ့ရင် သားတစ်သက်တာအတွက် တကယ်အဖေါ်ဟာ နှင်းပန်းခိုင်ပဲ။ မမေ့ဆန္ဒကိုတော့ မမအေးကိုပြောပြပြီးပြီ၊ ဒီစာကို သားဖတ်ပြီးရင် ကိုကိုမောင် ကိုပြလိုက်ပါ။*

*သားဘဝချမ်းမြေ့ရွှင်လမ်းပါစေ၊*

**မမေ**

အပါ့အဖို့ သဘောမပေါက်စရာ မရှိတော့ပေ၊ သူသည် ပစ္စုပ္ပန်ဝဋ်မှ မြန်မြန်ကျွတ်လွတ်သွားသည်ထက် သံသရာဝဋ်မှလည်း မြန်မြန်လွတ်စေရန် ဆုတောင်းဖို့သာရှိတော့သည်။ သူ့အပါးတွင် ရပ်နေသောနှင်းပန်းခိုင်မျက်နှာ လေးကို စိုက်၍ ကြည့်လိုက်၏။ စာပါအကြောင်းကို ဘာမှမသိသော နှင်းပန်းခိုင်သည် စင်ကြယ်သန့်ပြန့်သော မျက်နှာနှင့်သူ့ကို ကြည့်နေသည်။ အပါသည် ရင်ထဲမှာ ခုန်နေ၏။ စိတ်ထဲမလုံပေ။ ပြဿနာတို့သည် အဘယ့်ကြောင့် တစ်နေ့ထဲတွင်ဆုံ၍ လာကြပါသနည်း။

သူချစ်သော သူများသည် ယနေ့သူ့အပါးမှ ဝေးရာသို့ ထွက်ခွာသွားကြပြီ၊ စင်စစ်သူ့အား တစ်ယောက်ထီးချန်ရစ်ခါ စွန့်ခွာ သွားကြခြင်း

ဖြစ်၏။ ဤလို အချိန်အခါကျခါမှ သူ့အပါးတွင် ရပ်နေသော နှင်းပန်းခိုင်ကို သတိရသည့် တရားနည်းလမ်းကျပါမည်လော။

သူသည် အဝေးသို့ ထွက်သွားသော အမေ၏ကားကို မြင်ရနိုးနှင့် လှမ်းမျှော်၍ ကြည့်မိပြန်သည်။

ဦးဖေမောင်သည် ထိုင်ရာမှ ထလာ၏။ သမီးဖြစ်သူနှင့် အပါတို့ ရပ်နေသော လှေကားရင်းသို့ လျှောက်လာသည်။ လျှောက်လာစဉ် သူ့မျက်လုံးတို့သည် အိပ်မက်မက်သူပမာ ကြောင်နေသည်။ သူသည် ပတ်ဝန်းကျင်ကို မြင်ဟန်မတူ၊ အတွေးအာရုံတွင် တစ်စုံတစ်ခုကို မြင်တွေ့နေဟန်ရှိသည်။ မှန်၏။ မှုန်မွှားသော ချည်မျှင်ငယ်လေးများကို အရစ်အရစ် ကျစ်ခါကျစ်ခါ၊ လွန်းတင်ထားသည့် သုံးလွန်းတင်ကြိုး ဤကြိုးကွင်းသည် သူ့မျက်စေ့ရှေ့တွင် ဝဲနေသည်၊ သူ၏လည်ပင်းရှိရာသို့ ဇော့ကာဇိုက်ကာနှင့် ချဉ်းကပ်လာ ကြသည်။ ခြော် . . . ကြိုး . . . ကြိုးဆိုသည်မှာ အဓိပ္ပာယ်များမြောင်လှသည့်တကား၊ မမြင်သာ သောအချစ်မျှင်တို့၊ အထပ်ထပ်ရစ်ပတ်ခါ တုတ်နှောင်လာပြန်တော့လည်း၊ ဤသံယောဇဉ်ကြိုးကြောင့် သံသရာတွင် လည်ခဲ့ကြရ၏။

ကြာလေလေ ခိုင်မြဲလေလေဖြစ်သော ဤနှောင်ကြိုးကြောင့်ပင် မုန်းခြင်း၊ ရန်ငြိုးထားခြင်း၊ အတုံ့အလှည့်သဘောတို့သည် ပေါ်လာခဲ့ရ၏။ လူသတ်ရသည့်အထိ၊ ရန်ငြိုးမပြေတော့လည်း၊ ဤ 'ကြိုး' ကွင်းပင် သတ္တဝါတို့၏ လည်ပင်းကို ပြန်၍စွပ်ပြန်သည်။ ဦးဖေမောင်သည် လမ်းလျှောက်ရင်း မျက်မှောင်ကြုတ်လိုက်၏။

ယနေ့နံနက် တစ်ခဏက်ခင်းလေးတွင် မြင်လိုက်ရသော ဇာတ်လမ်းအစုံ၏ ရင်းမြစ်ကို သူတွေးမိ၏။

"ပေါက်ပင်ဘာကြောင့်ကိုင်းရပါသနည်း"

❁ ပြီးစာပေ ❁

မြွေသည်သာ ဆာလောင်မွတ်သိပ်သော စိတ်မဖြစ်ခဲ့ပါမူ ဖားကို မြိုမည်မဟုတ်ပါ၊ ဖားသည် အမြိုမခံရပါလျှင် အော်လိမ့်မည် မဟုတ်ပေ၊ ဖားမအော်လျှင် မိုးမရွာ။ မိုးမရွာလျှင်၊ ဖြုတ်သည်လည်း ကျွဲကို ကိုက်စရာ လမ်းမမြင်ပေ၊ ကျွဲကို ဖြုတ်မကိုက်ပါလျှင်လည်း ကျွဲသည် အိုင်တွင် လူးရန် မလိုပေ၊ ကျွဲအိုင်တွင် မလူးသော် ငါးလည်းပေါ်မည်မဟုတ် ငါးအိုင်ရေမြင် မပေါ်လျှင် ဗျိုင်းသည်၊ ပေါက်ပင်တွင် နားရန်အကြောင်းမရှိပေ၊ ပေါက်ပင် တွင်ဗျိုင်းမနားသော်၊ "ပေါက်ပင်ဘာကြောင့်ကိုင်းရသနည်း" ဟူသော မေး ခွန်းပြဿနာပင် ပေါ်မည်မဟုတ်ပေ။

ဦးဖေမောင်သည် ကြက်သီးထသွား၏။ သံဆွဲတံခါး ဝလေ့ကား ထိပ် တွင်ရပ်ရင်း အပ္ပါကို စိုက်ကြည့်နေ၏။

"အပါဘာကြောင့် အထီးကျန်ပါသနည်း"

ဦးဘကွမ်းသာ လူမသတ်ခဲ့ပါလျှင်၊ မေဘဲလ်ငွေကုန်လူပန်း ဖြစ်မည်မဟုတ်၊ ငွေမကုန်လျှင် . . . ဦးစိန်းမောင်နှင့် တွေ့စရာလမ်းမရှိ၊ ဦးစိန်းမောင်ညွှန်တွင် မေဘဲလ်နစ်စရာအကြောင်းမရှိ၊ယခုတော့၊ ဦးစိန်းမောင် က မြွေလိုပင် မေဘဲလ်ကို မြိုခဲ့သည်၊ ထို့ကြောင့် မေဘဲလ်သည် ဘဝကိုစိတ် နာသည် သူ့ခန္ဓာကိုရှို့စရာလိုထင်လာသောတစ်နေ့၊ မေဘဲလ်သည် ဝတ် ကြောင်မှ ရုန်းထွက်ခဲ့၏။ ဦးဘကွမ်းသာ လူမသတ်ခဲ့ပါလျှင် အပါနှင့်မီသည် လည်း . . . ကွဲစရာလမ်းမမြင်ပေ။

"ဖေမောင် ပေါက်ပင်ကိုင်းတဲ့ဇာတ်လမ်းကိုလဲ သိပြီးပြီ၊ ဖားကိုမြွေ မြိုတာလဲ မြင်ရပြီ၊ ဒါနဲ့မင်းကထပ်ပြီးဘကွမ်း ဇာတ်မျိုးခင်းချင်သေးလား မင်းတတ်ထားတဲ့ပညာတွေဟာ မင်းကိုဘာအသိဉာဏ်မှ မပေးဘူးလား"

သူစိတ်က သူ့ကိုကျယ်လောင်စွာ ဟစ်အော်ပြောနေသလို သူ ကြားလာသည်။ ချွေးသီးများသည် နဖူးတွင် စို့လာသည်။ မူးမသွားအောင်

◉ ပြီးစာပေ ◉

သံဆွဲ တံခါးကို မြဲမြဲကိုင်ထားလိုက်ရ၏။ ဦးဖေမောင်၏ လှုပ်ရှားပုံကို မြင်ရသော နှင်းပန်းခိုင်နှင့် အပါသည် ရုတ်တရက် ပြေးတက်လာကြ၏။

"ဖေဖေဘာဖြစ်လာလဲ . . . နေမကောင်းဘူးလားဟင်"

နှင်းပန်းခိုင်သည် အဖေ့လက်ကို ကိုင်ကာမေးလိုက်၏။ ဦးဖေမောင် သည် သက်ပြင်းချရင်း သမီးကို ဖက်လိုက်၏။ အမေဖြစ်သူနှင့် မိန်းမရှိရာသို့ မျက်နှာလှည့်လိုက်သည်။

"မေမေ . . . ဒီနေ့ဟာ၊ မေဘဲလ်အတွက်တင် **အောင်မြင်တဲ့နေ့** မဟုတ်ပါဘူး၊ ကျွန်တော်အတွက်လဲ အောင်မြင်တဲ့နေ့ပဲ"

"အောင်မြင်တဲ့နေ့"

ဦးဖေမောင့် အမေသည် ထပ်တူလိုက်၍ ရေရွတ်ရင်း မျက်လုံး မျက်ဆံပြူးသွားသည်။ သူနားလည်သော အောင်မြင်သောနေ့၏ အဓိပ္ပာယ်မှာ တမျိုးဖြစ်သည်။

"ဟုတ်ကဲ့ ကျွန်တော်လူသတ်ချင်တဲ့ဆန္ဒကို စွန့်လွှတ်ဖို့ အောင်မြင်စွာသန္နိဋ္ဌာန်ချတဲ့နေ့ပါပဲ"

အေးရောအဘွားကြီးပါ ယခုမှ သက်ပြင်းချနိုင်တော့သည်။ နှင်းပန်း ခိုင်မျက်နှာကား ဝင်းထိန်သွားတော့သည်။ အဖေ့လက်ကို ဆွဲကိုင်လှုပ်ရင်း ရင်ခွင်ထဲသို့ မျက်နှာကို အပ်ထားလိုက်သည်။ အပါသည် သားအဖနှစ် ယောက်ကို ငေးစိုက်ကြည့်နေ၏။

"မေဘဲလ်ဘာတွေရေးခဲ့လဲအပါ"

ဦးဖေမောင်မေးတော့မှ အပါသည် သူ့လက်ထဲမှ စာကို ဦးဖေ မောင် လက်ထဲသို့ ထည့်လိုက်၏။

ဦးဖေမောင်သည် စာဖတ်ပြီးချိန်တွင် စာကို အပါ့လက်ထဲသို့ ပြန်ထည့်လိုက်ကာ အဘွားကြီးနှစ်ယောက်ရှိရာသို့ လှမ်းကြည့်လိုက်၏။

◎ ပြီးစာပေ ◎

"ကဲ . . . အေးရေ . . . အပါတို့ မြေးအဘွားနှစ်ယောက်လုံးကိုပါ၊ အိမ်ကို ခေါ်လာခဲ့ပါကွယ် . . . ဒီမှာ သူတို့နှစ်ယောက်ထဲရယ် . . . "

အပါသည် ယောက္ခမလောင်းကြီး၏ သွယ်ဝိုက်သောနည်းနှင့် ထုတ်ဖော်ပြလိုက်သော ဆန္ဒကို သဘောပေါက်သွား၏။ နှင်းပန်းခိုင်ကမူ၊ အပါအကြောင်းကို မသိသေးသော်လည်း သူ့အဖေ၏ ဆုံးဖြတ်ချက်အတွက် အလွန်ဝမ်းသာနေလေသည်။ လူကြီးများနှင့်အတူ ပစ္စည်းများကို သိမ်းဆည်း နေရင်း ခိုင်သည် အပါရှိရာသို့ လျှောက်လာ၏။

"ကိုကိုပါနဲ့ . . . မီးအတွက်ရော ဦးလေး ဦးဘကွမ်းအတွက်ပါ၊ ခိုင်ဝမ်းနည်းတာအမှန်ပါပဲ၊ ဒါပေမယ့် ဒီနေ့ဖေဖေက လူမသတ်တော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ချပြီး ထုတ်ဖော်ကြေငြာတာကို ခိုင်ဘယ်လို ဝမ်းသာမှန်းမသိဘူး၊ တစ်နေ့တည်း၊ တချိန်ထဲ ဝမ်းသာစရာတွေကော၊ စိတ်ညစ်စရာတွေပါ၊ တပြိုင်နက်ဖြစ်တတ်တယ်နော်"

"ဟုတ်တယ် . . . ခိုင် . . . ဒီစာကို ဖတ်ကြည့်ရတဲ့အချိန်ကရော ခိုင့်အတွက် ဝမ်းသာစရာဖြစ်မှာလား ဝမ်းနည်းစရာဖြစ်မှာလား"

အပါသည် မယုံမရဲ မျက်နှာထားနှင့် မေဘဲလ်စာကို ခိုင့်အားထုတ်ပြလိုက်သည်။ သူ့ရင်ထဲမှာမူ၊ တလှပ်လှပ်ခုန်နေသည်။ နှင်းပန်းခိုင်မျက်နှာထား အပြောင်းအလဲကို သူသည်အသေးစိတ်စိုက်ကြည့်နေသည်။ စာအဆုံးတွင် နှင်းပန်းခိုင်သည် ခေါင်းလေးကို ငုံ့နေလေသည်။

"ဝမ်းသာသလားခိုင်"

အပါသည် ယခင်က ကိုင်မြဲဖြစ်သော ခိုင့်ပခုံးလေးကိုပင် မထိရဲဘဲ ကတုန်ကယင်နှင့်မေးလိုက်၏။

"ကိုကိုပါဟာ ဒီလောကကြီးရဲ့ အရိပ်ခိုင့်မျက်လုံးထဲမှာ ထင်နေမယ်ဆိုရင် ခိုင်ရဲ့ မျက်လုံးတွေကိုတောင် မကြည့်ချင်တော့ဘူးဆို"

◎ ပြီးစာသာ ◎

ခိုင်သည် တိုးတိုးလေးငုံ့၍ပြော၏။

"အဲဒီ . . . မျက်လုံးမှာမှ အပြစ်မရှိပဲ"

အပါသည် တိုးတိုးဖြေလိုက်ကာ၊ ခိုင့်မျက်နှာကို ဆွဲ၍ မော့လိုက်သည်။ ခိုင့်မျက်လုံးများသည် ဝင်းလဲ့ကြည်လင်၍ သူ့ကိုမော်ကြည့်နေသည်။

ဤကြည်လင်သော မျက်လုံးများကို မြင်ရပါမှ သူ့ရင်ထဲတွင် ပို၍ နာကျင်သွားလေသည်။ ဤယနေ့သည် အများသူတို့အတွက် ကိုယ်နည်းနှင့်ကိုယ် အောင်မြင်ကြသော နေ့ဖြစ်သလောက် သူ့အတွက် ဆုံးရှုံးရသော နေ့ဖြစ်၏။ မမေ၏ စီမံချက်ကို ဦးဖေမောင်တို့ကလည်း လက်ခံကြောင်း အမှုအရာဖြင့် ပြခဲ့ပြီး ဖြစ်၍ သူ့အတွက်လည်း "အောင်မြင်သောနေ့" ဖြစ်နိုင်ပေသည်။

သို့သော် သူ့စိတ်က သူ့အပြုအမူကို သံသယရှိနေပေသည်။

"ခိုင် ဒီမှာထိုင်ပါဦး"

ငေးကြောင်ကြောင်လေးကြည့်နေသော ခိုင်အား သူ့အပါးတွင် ထိုင်ခိုင်းလိုက်သည်။ ခိုင်သည် ငြိမ်သက်စွာ ထိုင်နေသော်လည်း သူ့ခေါင်းလေးကို ငုံ့ထား၏။

"ပြဿနာဟာ တစ်နေ့ထဲဘာလို့ ဆုံလာကြလဲမသိဘူး၊ မမေ့ရဲ့စာကို ခိုင့်မိဘတွေလဲ ဖတ်ပြီးကြပြီ၊ ခိုင်လဲဖတ်ပြီးပြီ၊ မမေကတော့ အကောင်းဆုံး စီစဉ်ခဲ့တာပဲ . . . ခိုင်အဖို့ကလဲ မိဘကို ဘယ်တုန်းကမှ လွန်ဆန်ခဲ့တဲ့မိန်းကလေးမဟုတ်လေတော့၊ မမေ့အစီအစဉ်အတိုင်း နာခံမယ်ဆိုတာ ကိုကိုပါယုံပါတယ်၊ ကိုကိုပဲ့ဆန္ဒကို ရှင်းရှင်းဖွင့်ပြောရရင့်တော့ ခိုင့်ကို အားနာနေတယ်"

ခိုင်သည် မျက်လွှာပင့်ကာသူ့ကို တချက်ကြည့်လိုက်၏။

အဝါက . . .

◎ ပြီးပါပြီ ◎

"ကိုကိုပါ လုပ်ပုံဟာ တရားပါ့မလားလို့ . . . မိနဲ့ ကိုကိုပါ ချစ်ခဲ့ကြတာလဲ ခိုင်သိပြီးသားဖြစ်နေတော့ ကိုကိုပါ မျက်နှာပူနေတယ်၊ ခိုင့် အဖို့တော့ အပြစ်ကင်းတဲ့ သူတစ်ယောက်ပဲ "

ခိုင်သည် သက်ပြင်းလေးသာချလိုက်၏။ စကားလုံးမှပြန် မပြောပေ။

"ခုစကားပြောရင်း မီမီ့ အမကြီး လာရန်တွေ့တဲ့ညကို ကိုကိုပါ သွားသတိရတယ်"

ခိုင်သည် ယခုမှ သူ့မျက်နှာကိုမော့ကြည့်လိုက်၏။

"ခိုင်ပြန်သွားတော့၊ ကိုကိုပါတစ်ယောက်ထဲ သတင်းစာတိုက်မှာ ကျန်ရစ်ခဲ့တယ်။ အဲဒီညက အတော်ညဥ့်နက်မှ၊ အိမ်ကိုပြန်လာတယ်၊ အိမ်ပြန်ဖို့ လမ်းထွက်လိုက်တော့၊ ကောင်းကင်မှာလခြမ်းပဲ့လေးက သာနေတယ်"

ခိုင်သည် ငေးငိုင်ငိုင်ပြောနေသော အပ့်မျက်နှာကို စူးစိုက်ကြည့်ပြန်သည်။

"လခြမ်းပဲ့လေးဟာ ကိုကိုပါနဲ့တူလေခြင်းလို့ စိတ်ထဲမှာတွေးမိတယ်၊ အဲဒီလခြမ်းရဲ့ဘေးမှာ ကြယ်ကလေးတစ်လုံးထဲလင်းနေတယ် . . . အဲဒီကြယ်လေးဟာခိုင်ဘဲ ထင်ပါရဲ့ . . . မိနဲ့ခွဲကြရတော့မှ ကိုယ်အပါးမှာ အစဉ်ယှဉ်ပြီး လင်းနေမယ့် သူဟာ ခိုင်ပါလားလို့ ကိုကိုသိလာတာဟာ၊ ခိုင့်ကို များစော်ကားရာကျနေမလား . . . "

ခိုင်သည် မျက်နှာလွှဲကာ အပြင်ခန်းရှိ မိဘများရှိရာသို့ ကြည့်လိုက်၏။

"ကိုကိုပါတို့ အခုဦးလေးမောင်စီစဉ်တဲ့အတိုင်း ခိုင်တို့အိမ်ကို လိုက်နေရတော့မယ် . . . "

◎ ပြီးစာပေ ◎

"ဒါတော့ စဉ်းစားရမှာ ကိုကိုပါ့တာဝန်ပဲ။ နိုင်အဖို့တော့ ဒီနေ့အင် မတန်အေးချမ်းတဲ့ နိုင်မိသားစု အိမ်ထောင်လေးဟာ၊ လေမုန်တိုင်းက လွတ်သွားရလို့ ပျော်မဆုံးတဲ့နေ့ပဲ၊ အားလုံးကိုလဲ ပျော်စေချင်ပါတယ်၊ ကိုကိုပါရဲ့ အပါးမှာအစဉ်လင်းနေမယ့်ကြယ်လေးလို နိုင့်ကိုသဘောထားတာကိုပဲ ဝမ်းသာလှပါပြီ ဟိုစကားပုံလေ "Brighten the corner where you are " ဆိုတဲ့စကား ကိုကိုပါ ကြားဖူးမှာပေါ့၊ ကိုယ့်စွမ်းအား ရှိသလောက်တော့၊ ကိုယ့်ရှိတဲ့နေရာကနေ အလင်းရောင်ကိုပေးနေမှာပဲ၊ နိုင်ရဲ့ အလင်းရောင်နဲ့ ပန်းလေးတွေကိုလဲ ပွင့်စေချင်တယ်၊ ပွင့်တဲ့ပန်းတိုင်းကိုလဲ မွှေးစေချင်ပါတယ်၊ မွှေးတဲ့ပန်းတိုင်းလဲ အန္တရာယ်ကင်းစေချင်ပါတယ်"

နိုင်သည် အပါ့မျက်နှာကို မကြည့်၊ ခပ်တိုးတိုးနှင့် အေးအေးပင် ပြန်ပြောလိုက်သည်။ အပါက နိုင်၏စကားလုံးများကို သဘောကျ၍ သွားလေသည်၊ သူစကားမစခင်ပင်၊ တိုင်ကပ်နာရီကြီးဆီမှ ဆယ့်တစ်နာရီ ထိုးသံကို နှစ်ယောက်လုံး ကြားလိုက်ကြရသည်။ သူတို့သည် တစ်ယောက် မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်၏။

ဤအချိန်တွင် စထရင်း ဟိုတယ်မှာလည်း ဘိသိက်ဆရာကြီး သည် "ဖေယျတု သဗ္ဗမင်္ဂလံ" ကို ရွတ်ဆိုကာ တစ်ယောက်သော မီအတွက် ငွေခရူမှ ရေသွန်းပေတော့မည်။

ခင်နှင်းယု

◎ ပြီး၏ ◎

